www.burmeseclassic.com

စကားအရာကြွယ်ဝစေလိုသူများပြောတတ်ဆိုတတ်ရန် နှင့်
မြန်မာစာပေချစ်မြတ်နိုးသူများအတွက် ....

# ဟာသဝိဋ္ဋာများ

နှင့်

# လုတောသား

သိမ့်သိမ့်ငွေး



www.burmeseclassic.com

www.burmeseclassic.com

စာနယ်ဇင်း ကြိုတင်ခွင့်ချက်အမှတ် – (၁၀၈၆)
မျက်နှာဖုံး ကြိုတင်ခွင့်ချက်အမှတ် – (၈၈၀)

ပုံနှိပ်ခြင်း
၁၉၉၃–ခု၊ ဇန်နဝါရီလ၊ စတုတ္ထအကြိမ် (၁၀၀၀)

အဖုံးရိုက်
နေလွှင်အောင်

ပန်းချီ
ကိုဇော်ဝင်း

တန်ဖိုး (        ) ကျပ်

ထုတ်ဝေသူ
ဒေါ်အေးမြင့် ( နွေးစာစဉ် ) (မြ–၀၂၈၉၃)
အမှတ် – ၁၁၀၊ ၁၂၃–လမ်း၊ သပြေကုန်းရပ်ကွက်၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ချိုမြွေး နေလွှင်အောင်ပုံနှိပ်တိုက် (မြ–၀၃၄၆၆)
အမှတ် (၂၇၁/ခ)၊ လမ်း ၄၀၊ ရန်ကုန်မြို့။

✷ ပြောဆိုကြ မကျွန်၊ မိုးမြှုပ်ပွဲ ဆိုကြ မခန်းနိုင်ခဲ့သော
မြန်မာစာပေ၏ ဂုဏ်ရှိန်ဩဇာကို
အခန်းကျိုးစွာ ပါရှိ...

✷ မြန်မာစာပေ မြန်မာဓလေ့ မြန်မာ့ယဉ်ကျေးမှုကို
နှစ်သက်မြတ်နိုး တန်ဖိုးထားကာ
စကားအရာ ကြွယ်ဝလိုသော
မြန်မာစာ ချစ်သူများအတွက်...

# ဟာသဝိစ္စာများ နှင့်
# လှတောသား

သိမ့်သိမ့်နွေး

ဖြန့်ချိရေး
ပင်မြင့်မာလာစာပေတိုက်
အမှတ်(၂၄)၊ တာဝတိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁–၂၉၂၂၁၈

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ၁။ ကျီးကန်းသားစကားဝိဇ္ဇာ


- ❖ ကျီးကန်းစကားဝိဇ္ဇာ ၂၀
- ❖ ကြမ်းပိုးသေးသေးလေး ၂၁
- ❖ ခံတွင်းကောင်းသောဆေး ၂၁
- ❖ ခံလိုက်ရပုံများ ၂၂
- ❖ ဗိုက်၏အမှား ၂၃
- ❖ ငှက်ပျောသီးကြီးပုံ ၂၄
- ❖ ရာဝင်စဥ့်အိုးကြီးပမာ ၂၅
- ❖ စိတ်ညစ်သောကြက် ၂၅
- ❖ ဆိတ်ချေးဝိဇ္ဇာ ၂၆
- ❖ ဇူဇကာလက်သစ် ၂၆
- ❖ ဈာန်လျှောရသေး ၂၇
- ❖ ဒေါနခင်းပုံပြင် ၂၈
- ❖ ဓမ္မတာသဘော ၂၉
- ❖ နွားခြံအလား ၂၉
- ❖ ပဒေသာအရိုးဆိုင် ၃၀
- ❖ ပုဒ်တစ်လုံးအသုံးချနည်း ၃၁
- ❖ ပိန်ရာဌ်ဝိဇ္ဇာ ၃၁
- ❖ ဖားဖို၏ဂီတ ၃၂
- ❖ ဖျားဆေးနာဆေး ၃၃
- ❖ ဂျင်လှည့်သံကြားရသည် ၃၃
- ❖ မယ်သီတာနှင့်အပြိုင် ၃၄
- ❖ မှားမှ မှားပလေ ၃၅
- ❖ ယောက္ခမအိမ် ရင်မငြိမ် ၃၆
- ❖ ရအောင်ကျက်ထားမှ ၃၇
- ❖ ရွာလုံးကျွတ် ၃၇
- ❖ လေမွှေမုန့် ၃၈
- ❖ လှိုင်းသံယောဇဉ် ၃၉
- ❖ လျှာလုံခြုံရေး ၄၀
- ❖ ဝါပုံက ဝါပုံက ၄၀
- ❖ သာကြားခဲနီနီ ၄၁
- ❖ သတ္တိအရာတွင် ၄၂
- ❖ ဟာကြူယီရွာသား ၄၃
- ❖ ဟီသစ္စံမှန်စွ ၄၃
- ❖ အပိန် ချန်ပီယံ ၄၄


## ၂။ ပစန်းသားစကားဝိဇ္ဇာ


- ❖ ကော့ပဲ ကော့နိုင်ပလေ ၄၇
- ❖ ကျောင်းသားတွေချည်း ၄၈
- ❖ ကြောက်စရာကြေး ၄၉
- ❖ ကွန်ပျူတာငိုခြင်း ၅၀
- ❖ ကောက်ညှင်းဝိဇ္ဇာ ၅၁
- ❖ ချွန်ပါ ချွန်ပါ ၅၂
- ❖ ငယ်ပါဘိခြင်း ၅၄
- ❖ ငန်စုံးစပ် ၅၆
- ❖ စံတင်ရ ၅၇
- ❖ ဆန့်ခဲ့သောလက် မကွေးမိ ၅၈
- ❖ ဓာသီး မြင်းသီး ၅၉


www.burmeseclassic.com

www.burmeseclassic.com


- ဇိဝှာရုံ ၆၀
- ဈေးထဲကဟိုဒင်း ၆၁
- တိမ်းပေလို့ ယိမ်းပေလို့ ၆၂
- ဓားမနောက်ပိတ်ခွေး ၆၃
- ဓားသွေးမည့်ကြံ ၆၃
- နေရာရှားရော့ထင် ၆၅
- ပြောမယုံ ကြုံ[illegible]သိ ၆၆
- ဘဝပြောင်းသွားပုံ ၆၈
- မကျေဘူးကွာ ၆၉
- ရင်ချောင်သောနည်း ၇၀
- ရှေ့ပြေးတာဝန် ၇၁
- ရှေ့ဖုံးနောက်ပေါ် ၇၂
- ရှင်းရှင်းကလေးပါ ၇၃
- ရွှံ့စဉ်ပုံဝိဇ္ဇာ ၇၄
- ဝါပလေအရပ်သား ၇၄
- ဟစ်တလုံး တို့ဘိုးအေ ၇၆
- ဟုတ်ပလေ ၇၆
- အဝါပြိုင်ပွဲ ၇၇


## ၃။ မုံရွာသားစကားဝိဇ္ဇာ


- ကပ်ကြားမှ ဓာတ်ဆား ၈၁
- ကျွတ် ပြွတ် ရွှတ် ၈၂
- စိုက်တာက သီတင်းကျွတ် ၈၂
- ဆားခဲ တစ်အားကြဲ ၈၃
- တေဇောဘမ်းလိပ် ၈၄
- နေကျတော့လေထ ၈၅
- ဖလန်ခေါက် ၈၆
- ဗျာပါဆံရယ်က တစ်ဖက်တစ်ဆုပ် ၈၇
- လာဟန်ကိုက ၈၈


## ၄။ ရန်ကုန်သားစကားဂုဏ်ရှာ


- ကြံ့တောဘယ်ပြေးမလဲ ၉၀
- စည်းကမ်းဆိုတာ ၉၁
- ဈေးနှုန်းဆိုသည်ကား ၉၃
- တက်တုန်းကတော့ ၉၃
- ထွားပါပေ့ ၉၄
- ပြန်ရောက်ပြီမှတ်လို့ ၉၅
- ဘောကွင်းလုပ်ကာ ၉၆
- မနာလိုတို့ရှည် ၉၇
- မသိမှာစိုး၍ ၉၇
- ရယ်ဖို့ကောင်းနေ ၉၉
- ရယ်မည့်ရယ်တော့ ၉၉
- လမျက်နှာပြင် ၁၀၀
- လိုက်မလာပါဘူး ၁၀၁
- လွှတ်လာစလူ ၁၀၂
- သူငယ်ချင်းမှတ်နေသလား ၁၀၂
- သေမှ သေစေတော့ ၁၀၅
- သစ္စာဆိုတာချိုနဲ့လား ၁၀၆
- အရှေ့အလယ်ပိုင်း ၁၀၇


www.burmeseclassic.com

www.burmeseclassic.com


❖ အလောင်းစည်သူ ၁၀၇
❖ အော်ရာလိမ့်မည် ၁၀၈
❖ အို . . . ဟုတ်သားပဲ ၁၀၉


## ၅။ လူ့တောသားဝိဇ္ဇာ


❖ ကားဟွန်းကို ဆုံးမသူ ၁၁၂
❖ ကူးတို့ခပင် မပါ ၁၁၂
❖ ကောင်းခြင်းအဖြာဖြာ ၁၁၃
❖ ကတ္တရာပုံး၏ ကံကြမ္မာ ၁၁၄
❖ ကပ်ဆွေး အခါမခံ ၁၁၅
❖ ကျီးကန်း အစာဆင်း ၁၁၅
❖ ကျီးစောင့် ကြက်နှင် ၁၁၆
❖ ကျစ်ကျစ်ထုပ်ထား ၁၁၇
❖ ကျဉ်းဆိုသမျှ ထိပ်ခေါင် ၁၁၈
❖ ကျယ်လွန်းပုံ ၁၁၈
❖ ကြာချေပြီ ၁၁၉
❖ ကြာညောင်းလိုက်ပုံကြီး ၁၂၀
❖ ကြီးလိုက်သည့်မီး ၁၂၀
❖ ကြိုးနှစ်ကြိုးငို့ကာ ၁၂၁
❖ ကြက်သားဟင်းလား ထင်းစည်းလား ၁၂၂
❖ ကြောက်နေရပါလား ၁၂၃
❖ ကြိုက်လိုက်ပုံကြီး ၁၂၄
❖ ကြောင်နှစ်ကောင်ဂီတ ၁၂၄
❖ ကွန်ပျူတာတစ်ရာ ၁၂၅
❖ ကြွက်နဲ့ဆင် ကစားပွဲ ၁၂၆


## "အမှာ"

ဟာသဝိဇ္ဇာများ နှင့် လူ့တောသား’’ အမည်ပေးထားသော စာအုပ်ကို ပြုစုလိုက်ပါသည်။

ဤစာအုပ်တွင် ဂ ကန်သားစကားဝိဇ္ဇာ၊ ပခန်းသားစကားဝိဇ္ဇာ၊ မုံရွာသားစကားဝိဇ္ဇာ၊ ၆ ကုန်သားစကားဝိဇ္ဇာ၊ လူ့တောသားစကားဝိဇ္ဇာ၊ သရက်တောသားစကားဝိဇ္ဇာနှင့် ဟံဇားသားစကားဝိဇ္ဇာဟူသော စကားဝိဇ္ဇာခုနစ်ဦးတို့၏စကားများကို စုဆောင်းဖော်ပြထားပေသည်။ စကားများမှာ ကုန်နိုင်ဖွယ် ခန်းနိုင်ဖွယ်မရှိပါ။ ယခု ဖော်ပြထားသမျှတို့မှာ လက်လှမ်းမီသမျှ စုဆောင်း၍ ရသမျှတို့ကိုသာ ဖော်ပြရသဖြင့် အကုန်မဟုတ်သေးပါ။

ထို့ပြင် ဤကဲ့သို့ လုပသော၊ ကျစ်လျစ်သော၊ ရွှင်ပြုံးဖွယ်လည်းဖြစ်သော စကားများကို အထက်ပါနေရပ်ခုနစ်ဌာနမှ လူများသာ ပြောဆိုတတ်ပါသလော၊ မဟုတ်ပါချေ။ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် တည်ရှိသော ကျေးရွာအများအပြား၊ မြို့အများအပြားတွင် စကားနိုင်းကောင်းသူများ အများအပြားရှိကြ၏။ ထို့ကြောင့် နှစ်သက်ရွှင်မြူးဖွယ်လည်းဖြစ်၊ ဆိုလိုရင်းကိုလည်း ကွင်းခနဲထင်းခနဲမြင်စေ၍ ကျစ်လျစ်လုပခြင်းလည်းရှိသော စကားများကို အထက်ပါဒေသခုနစ်ခုမှ လူများသာမက မြန်မာပြည်အတွင်းရှိ ဒေသအားလုံး အရပ်အားလုံးမှ လူများပါ ပြောဆိုတတ်ကြပါသည်။ ပြောဆိုနိုင်ပါသည်။

သို့ရာတွင် အနည်းအများ ကွာခြားမှုကား ရှိပါသည်။ အချို့ကျေးရွာများတွင် တစ်ယောက်တလေ၊ သို့မဟုတ် အချို့သာလျှင် စကားပြောရာ၌ အနိုင်းကောင်း အဟပ်ကောင်းသူများ ဖြစ်ကြ၏။ အချို့ရွာများတွင်ကား တစ်ရွာလုံးသည် စကားပြောလိုက်လျှင် အခိုင်းအနှိုင်းကလေးနှင့် ပြောတတ်ကြသည်။ အချို့ရွာများမှာမူ လူကြီးများသာမက ကလေးသူငယ်များပါ အနှိုင်းအဟပ်ပါသော စကားများကို ပြောကြသည်။

ဒုတိယတင်ပြလိုသောအချက်မှာ ဤစာအုပ်ကို ပြုစုရသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ကျွန်မတို့ မြန်မာလူမျိုးများသည် စကားအရာတွင် နိုင်ခဲ့ထည်ဝါစွာ ပြောဆိုသုံးနှုန်းလေ့ရှိသူများဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စကားတွင် ရိုးရိုးစကားပြေကို ပြောဆိုသုံးစွဲရာမှာပင် စကားပုံဟူ၍ ရှိသေး၏။ စကားပုံကလေးနှင့်ပြောလျှင် ထိမိ၏။ မြူးလိုလျှင် စကားလိမ်ကို သုံးစွဲကြ၏။ သံ့ာမန်ထက် မြူးရွှင်လိုလျှင် စကားထာဟူ၍ သုံးစွဲကြသေး၏။ စကားပုံ "တွင်း" ပြီးသား မရှိလျှင် ဥပမာ၊ ဥပမေယျတို့ဖြင့် ပြောဆိုကြ၏။

ထိုကဲ့သို့ ထည်ဝါခမ်းနားသော မြန်မာတို့၏ မြန်မာစကားကို မြန်မာများ သိကြစေချင်၍ ဖြစ်ပါသည်။ ဝေါဟာရ မပီမသ ရေးသားနေသူများ ပြောဆိုသုံးစွဲနေသူများအတွက်လည်း အထောက်အပံ့ရစေရန် ရည်ရွယ်ပါသည်။

မြန်မာစကား မြန်မာစာပေတွင် ဂုဏ်ဆယ်ပါးနှင့် ရသကိုးပါး ရှိပါသည်။ မိမိတို့စကား မိမိတို့စာပေ၏ ကြီးကျယ်ခမ်းနားခြင်း ထည်ဝါ သိုက်မြိုက်ခြင်းကို သိရှိဂုဏ်ယူနိုင်ကြစေရန် အလျဉ်းသင့်၍ ဖော်ပြပါဦးမည်။

၁။ ပသာဒဂုဏ်

ပြောလိုက်သောစကား ရေးလိုက်သည့်စာသည် ရှင်းလင်းပြတ်သားသော၊ ကြည်လင်သောဂုဏ်ရှိခြင်းကို ဆိုလိုပါသည်။

၂။ ဩဇဂုဏ်

သိပ်သည်းကျစ်လျစ်၍ အနက်သမ္ပန်လျှင် များစွာချဲ့ထွင်နိုင်သော ဂုဏ်ရှိခြင်းကို ဆိုလိုပေသည်။

၃။ မဓုရတာဂုဏ်

ကြားနာသူတို့၊ ဖတ်ရှုသူတို့အတွက် နားဝင်ချိုစေသော ဂုဏ်ရှိခြင်းကို ဆိုလိုပေသည်။

၄။ သမတာဂုဏ်

သံတွင်းသံလျော့ မှုတစွာ စီကုံးပြောဆိုသောဂုဏ်ကို ဆိုသည်။

၅။ သုခုမာလတာဂုဏ်

အဆက်အစပ် ညက်ညောသောဂုဏ်။

၆။ ဥဒါရတာဂုဏ်

ချီးကျူးဖွဲ့ဆိုမှုမြောက်သောဂုဏ်။



၇။ ကန္တိဂုဏ်

တခမ်းတနား တင်စားပြောဆိုရေးသားသဖြင့် နှစ်သက်ဖွယ်ရှိသောဂုဏ်။

၈။ အတ္ထဗျတ္တိဂုဏ်

စကားလုံးအဓိပ္ပာယ် သိလွယ်ထင်ရှားသောဂုဏ်။

၉။ သမာဓိဂုဏ်

လောကစည်းကမ်းနှင့် မဆန့်ကျင်ဘဲ စကားပြောဆိုသောဂုဏ်။

သမာဓိဂုဏ်တွင်လည်း ခြောက်မျိုးရှိပါသေးသည်။ သို့ရာတွင် ငါးသိုင်းများလွန်းပါက ဟင်းဟုံတတ်သောကြောင့် ချန်လှပ်ခဲ့ကာ ရသကိုးပါးကို ဖော်ပြပါမည်။

၁။ သိင်္ဂါရသ၊ ချစ်စေခင်စေ၊ သဘောကျစေခြင်း။

၂။ ဟာသ ရသ၊ ပြုံးရွှင်ရယ်မောခြင်း။

၃။ ကရုဏာ ရသ၊ စိုးရိမ်စိတ်၊ သနားကြောင့်ကြစိတ်ဖြစ်စေခြင်း။

၄။ ရုဒ္ဒရသ၊ စိတ်ဆိုးဒေါသမျက်မာန်ရှလာစေခြင်း။

၅။ ဝီရရသ၊ ရဲရင့်တက်ကြွ၍ ဝီရိယစိတ် နိုးကြားလာစေခြင်း။

၆။ ဘယာနကရသ၊ ကြောက်ရွံ့စိတ်၊ အကျဉ်းအကျပ်ဖြစ်နေဟန် ခံစားနေရသောစိတ်ဖြစ်ပေါ်လာခြင်း။

၇။ ဝိဘစ္ဆရသ၊ ရွံရှာစက်ဆုပ်၍ မုန်းတီးလာခြင်း။

၈။ အဗ္ဘုတရသ၊ ချီးကျူးအံ့သြ၍ ပြောမလောက်အောင် ခံစားလာရခြင်း။

၉။ သန္တရသ၊ ကြည်လင်ချမ်းမြေအေးငြိမ်းသည့်အရသာကို ခံစားနေရဘိသို့ရှိအောင် ပြောဆိုခြင်း၊ ရေးသားခြင်းတို့ ဖြစ်ပေ၏။

ဤပြောဆို၍မကုန်၊ ချီးဖွဲ့၍မခန်းသော မြန်မာစာပေ၏ဂုဏ်များ၊ ရသများသည် ဆက်လက်ဖော်ပြမည့် "စကားဝိဇ္ဇာများ" တွင် အသီးသီး ပါဝင်နေပါသည်။ ထို့ကြောင့် ဆက်လက်ဖတ်ရှုကာ ပြုံးရွှင်ရယ်မော အံ့သြခြင်းများနှင့်အတူ မြန်မာအရပ်သားတို့၏ စကားဂုဏ်၊ စကားရသတို့ကို ခံစားကြည့်ကြပါကုန်။

သိမ့်သိမ့်နွေး

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ကျီးကန်သား စကားဝိဇ္ဇာ

မြန်မာနိုင်ငံအဝန်းတွင် စကားပြောကောင်းသော အရပ်ဒေသများ များစွာရှိပါသည်။ အထူးအငေါ့ဖြင့် ပြောတတ်သူများ၊ နားသာခံခက် ပြောတတ်သူများ၊ ကွင်းခနဲ ထင်းခနဲ ပေါ်လာအောင် ဥပမာပေးကောင်းသူများ ပြုံးတမဲ့မဲ့ဖြစ်အောင် ပြောတတ်သူများ စသည်ဖြင့် များလှပါသည်။

ချီပါသား ပခန်းသားနှင့် စကားတောင်စားတို့သည် ရှေးရှေးကတည်းက စကားအရာတွင် ထင်ရှားကျော်ကြားခဲ့ကြ၏။

စကားအရာတွင် ယနေ့ထင်ရှားသူမှာ လှုတောသားဖြစ်၏။ လှုတောရွာသည် ရွာကြီးလည်းဖြစ်၏။ တိုးလည်း တိုးတက်သည်။ အချက်အချာကျသော နေရာတွင်လည်း တည်ရှိ၏။ ဗဟုသုတလည်း ပြည့်၏။ ထိုကောင်းခြင်းအလီလီတွင် ကျစ်လျစ်ရှင်းပြတ်သော ဥပမာပေးစကားများ ပြောလေ့ရှိခြင်းကို ပေါင်းစပ်လိုက်ရာ ပြောင်မြောက်သော လှုတောသားများ ပေါ်ပေါက်လာလေ၏။

ယခုဖော်ပြမည့် ကျီးကန်သားစကားဝိဇ္ဇာမှာ လှုတောရွာအနီးရှိ ကျီးကန်ရွာကလေးမှ စကားပြောတော်သော စကားဝိဇ္ဇာအချို့၏ စကားအနည်းငယ် ဖြစ်ပါသည်။



### ကြမ်းပိုးသေးသေးကလေး

ကျီးကန်းသားတစ်စုသည် ထောင်ထွက်တစ်ယောက်နှင့် စကားစပ်မိကြရာ ထောင်အကြောင်းဗဟုသုတများကို သူတစ်မျိုး ငါတစ်ဖုံ မေးမြန်းကြသည်။ စားရပုံ၊ နေရပုံ၊ လုပ်ကိုင်ရပုံများကို စုံအောင် မေးကြသည်။

"မင်းတို့က ထောင်အကြောင်းကို ဒါလောက် မေးနေတာက ထောင်ကို ယောက္ခမအိမ် ထင်နေလို့လား"

ထောင်ထွက်မှာ ဖြေရလွန်း၍ အာခြောက်လာသော အခါ ငေါက်ငမ်းသံဖြင့် မေး၏။

"မဟုတ်ပါဘူး၊ သိချင်လို့ပါ"

"ရုပ်ပြစ်ရှစ်ပါးထဲမှာ ထောင်လဲပါတယ်ကွ၊ ထောင်ထဲမှာ တခြားဟာကို မပြောပါနဲ့ဦး၊ ကြမ်းပိုးတဲ့ . . . ပိုးဟပ်က တောင် အခွန်ဆက်ရတယ်၊ အချို့ကြမ်းပိုးများ လိပ်ကတောင် အဖေခေါ်ရတယ်"။

### ခံတွင်းကောင်းသောဆေး

ကျီးကန်သားတို့၏ စကားဝိုင်းတွင် အတွင်းသိ အစဉ်းသိ လူဆိုးတစ်ယောက်အကြောင်း ပါလာသည်။

တစ်ယောက်က "အဲဒီလူလား၊ အဲဒီလူကတော့ အလုပ်သမားခေါင်းမို့ပေါ့၊ အရာရှိများ ဖြစ်သွားရင် အလုပ်သမားတွေကို ထော့င်ချပစ်လို့ နွားခြံဖြစ်သွားလိမ့်မယ်ပေါ့" ဟု စလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အောက်လက်ငယ်သား အလုပ်သမားတွေကို နှိမ်ရာမှာသာ အနိုင်ယ့်သယ်ဗျ၊ အထက်လူကြီးကို ဖားရာမှာတော့ စာခြောက်ရုပ်ကို ဝန်ကြီးအင်္ကျီဝတ်ပေးထားလား မှတ်ရ"

ထိုအခါ တတိယလူကလည်း အားကျမခံ ဝင်ပြောပါသည်။

"ပြောတော့လဲ ကြည့်ပါဦး၊ မြန်မာပြန်က သတင်းဆို ခံတွင်းမတွေ့ဘူးဗျ၊ နိုင်ငံခြားသတင်းမှ ခံတွင်းတွေ့တယ်၊ နိုင်ငံခြားသတင်းမှ ပြောချင်တယ်"

"အေးလေ၊ ဗလရှင်ဆေးပြားတို့၊ ဂျင်တန်တို့ ငုံဖို့မလိုတော့ဘူးပေါ့၊ နိုင်ငံခြားဆိုတာကို ခြင်ထောင်ထဲနဲ့ ခြင်ထောင်ပြင်လောက် မှတ်နေပုံရတယ်"

ပထမပြောသူက စတင်နိဂုံးချုပ်လိုက်လေ၏။

## ခံလိုက်ရပုံများ

စက္ကူရွက်ကို ပွတ်သပ်ပြီးကြည့်သော လောင်းကစားသမားတစ်ယောက်၏ သတင်းသည် ကျေးကန်သားတို့ စုပေါင်းလုပ်ဆောင်သော လမ်းပြင်ရာသို့ ရောက်ရှိလာ၏။

လမ်းလည်းပြင် စကားလည်းပြောရင်း ရွာသားတို့ ပြောကြသောသတင်းမှ ဤသို့ဖြစ်၏။ ကျေးကန်သားသည် ဥယျာဉ်မရွာသို့ သွားရောက်ကစားရာ သူချည်းနိုင်သည်။ ဥယျာဉ်မရွာသားများသည် လောင်းကစားခြင်းကို လောင်းကစားနည်းဖြင့် မနိုင်နိုင်သောအခါ ကျေးကန်သားအား ရန်စကြတော့သည်။



ထိုးကြ ကြိတ်ကြရာက ရိုက်ကြနှက်ကြသည်။ တစ်ယောက်တည်းသော ကျေးကန်သားမှာ အကွဲအပြဲဖြင့် ဆုတ်ခွာခဲ့ရ၏။ ထိုသို့ ဆုတ်ခွာခဲ့ရပုံကို ကျေးကန်သားတစ်ယောက်က ဖော်ပြလိုက်ပုံမှာ "ခံလိုက်ရပုံများကတော့ကွာ၊ ငါတို့လူရဲ့ မျက်နှာတစ်ခုလုံး ကျားသစ်ပုတ်ထားတဲ့အတိုင်းပဲဟေ့" ဟူသတည်း။

## ဗိုက်၏အမှား

ကျေးရွာသားများသည် ကိုယ့်အိမ်တွင်ကိုယ် ရေနွေးတည်ပြီး သောက်လေ့ရှိကြသည်။ လူစုံသော ရေနွေးကြမ်းဝိုင်း၊ စကားပြော၍ကောင်းသော ရေနွေးကြမ်းဝိုင်းများကိုလည်း စုရုံးရောက်ရှိတတ်ကြ၏။ ကိုယ့်မှာ ပြောစရာစကား မရှိစေကာမူ သူတစ်ပါးပြောသော ရပ်ရေး၊ ရွာရေး၊ စိုက်ရေး၊ ပျိုးရေးသတင်းနှင့် ဗဟုသုတကို ရရှိနိုင်သောကြောင့် ဖြစ်ပေသည်။

ယနေ့မူ ထိုဝိုင်းတွင် ကောက်ညှင်းပေါင်းသာမက မြေပဲကြော်၊ ငှက်ပျောသီးကြော်နှင့် အခြားမုန့်များပါ ပါဝင်နေ၏။ ဝိုင်းတွင် လူစုံပြီး အတော်ကြာမှ လူတစ်ယောက် ရောက်လာ၏။

"အခစားနောက်ကျလှချေလား၊ ကဲ. . . ကဲ. . . ကောက်ညှင်းပေါင်း၊ မြေပဲကြော် ကြိုက်ရာ သုံးဆောင်ပေတော့"

"တော်ပါပြီကွာ၊ အိမ်မှာ ဟိုဟာသောက်၊ ဒီဟာစားနဲ့ အစားများလာလို့ လူလဲ ငါးစည်ပွလင်နေမှားသလို ကားနေပြီဟေ့"

နောက်ကျသူ၏ ရှုံ့မဲ့ဖြေကြားလိုက်ပုံ ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ငှက်ပျောသီးကြီးပုံ

ငှက်ပျောသီးဗန်းထဲမှ ငှက်ပျောသီးသည် ပြောပလောက်အောင် လှို၏။ ရောက်လာသောနေရာမှ လူစုံသောနေရာဖြစ်ရာ. . .။

"ဟဲ့. . . ငှက်ပျောသီးသည်ရယ်၊ ငှက်ပျောသီးလား၊ သစ်ကိုင်းအစိုလား ကွဲကွဲပြားပြား အော်ပါဟဲ့"

ငှက်ပျောသီးသည်မှာ အချမ့်ားပြီဆိုတာ သိသဖြင့် မျက်စောင်းထိုးကာ ဗန်းကိုရွက်၍ ထွက်သွားလေ၏။

"ခင်ဗျားပြောလဲ ပြောစရာပဲဗျ၊ ဒီငှက်ပျောသီးတော့ ဗန်းလိုက် မျိုချတော့င် အဆာမပြေဘူး၊ ကလေးများတဲ့ အိမ်တွေတော့ ဝယ်ဖို့ကောင်းပါတယ်"

ဒီလိုဆိုလဲ မင်းဝယ်ရမှာပေါ့ကွ၊ မင့်အိမ်က ကလေးဘယ်လောက်များသလဲဆိုရင် ပွဲသွားကြည့်တဲ့အခါမှာ လှည်းမဆံ့လို့ ပုတ်ထဲထည့်ပြီး တင်သွား၊ ပွဲခင်းထဲရောက်ရော၊ လှည်းနောက်မြီး လှန်ချလိုက်တာပဲ မဟုတ်လား"

ရယ်မောသံကြီး သောသော်ညံသွားလေရာ ပြောမနာဆိုမနာများဖြစ်သဖြင့် ကာယကံရှင်မှာ ပြုံးပြုံးကြီး ဖြစ်နေလေ၏။





## ရာဝင်စဥ့်အိုးကြီးပမာ

ကျီးကန်သားတစ်ယောက်သည် ခရီးကြုံသဖြင့် ရွှေကျင်ရွာ မိတ်ဆွေတစ်ယောက်အိမ်သို့ ဝင်သွားသည်။ အိမ်ရှင်ကလည်း ဝမ်းသာအားရဆီးကြိုကာ ဆေးကွမ်းလက်ဖက်ဖြင့် ပျာပျာသလဲ ဧည့်ခံသည်။ အိမ်တွင်းသို့လှမ်းပြီး "ဟိုဟာလေး ထုတ်ခဲ့ပါဦး၊ ဒီဟာလေးကြော်လိုက်ပါဦး" ခိုင်းနေသည်။

ထိုအခါ ဧည့်သည် ကျီးကန်သားက အောက်ပါအတိုင်း ပြောလျက် တားမြစ်လိုက်၏။

"နေပါစေတော့ကွာ၊ လူတွေ့ရတော်ပါပြီ၊ ကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာတယ်၊ ဘာမှစားစရာတွေ လုပ်မနေနဲ့၊ တောင်ဟာစား၊ မြောက်ဟာစားနဲ့၊ လူလဲ ပေါင်(၂၅၀)ဝင်ဆန့်အိတ်မျိုးထားရသလို ဗိုက်တစ်ခုလုံးစုထားပြီး ရာဝင်စဥ့်အိုးကြီး ပွေ့ထားသလို ဖြစ်နေပြီ"။

## စိတ်ညစ်သောကြက်

မူးမြစ်မှ ဆည်ခံပြီး သွယ်ယူသော မူးရေကို အားထားသောလယ်များမှာ မူးရေမမှန်လျှင် အဆင်မပြေကြတော့ပေ။ ထိုအကြောင်းကို ကျီးကန်သားတို့၏ စကားဝိုင်းများတွင် စကားစပ်မိကြရာ . . .

"တို့ရွာမှာသာ ဘာမှမကြားရသေးတာ၊ ဟိုဘက်ရွာမှာတော့ စပါးရောင်းဖို့ စည်းရုံးနေကြပြီ"

တစ်ယောက်က စကားစလိုက်၏။ ထိုအခါ ကျီးကန်

www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်က ပြောလိုက်ပုံမှာ . . .

"မင်းမသိသေးဘူးလား၊ တို့ရွာက ကြက်မတွေတော့ အတော်စိတ်ညစ်နေကြပြီ"

"အေးပေါ့၊ ဟိုဘက်ရွာတော့ မသိဘူး၊ တို့ရွာမှာတော့ စပါးမပြောနဲ့၊ ကြက်မြုံလုပ်ဖို့ ကောက်ရိုးတောင်မရှိလို့"

"ဟုတ်တယ်၊ အဲဒါ ပြောတာပေါ့၊ ကြက်မြုံထဲမှာ ကောက်ရိုးမရှိဘဲ ဝပ်ဝပ်နေရလို့ ကြက်မတွေ ရင်ဘတ်အောင့်လို့ စိတ်ညစ်နေကြတာပေါ့"

## ဆိတ်ချေးဝိဇ္ဇာ

ထိုစကားဝိုင်းမှပင် ပိုးသတ်ဆေးအကြောင်း၊ အထူးအထွက်တိုးစပါးအကြောင်း၊ မူးရေအကြောင်း စပ်မိစပ်ရာ ပြောကြရင်း ကလေးများသည် လူတစ်ယောက်အကြောင်းသို့ ရောက်သွားလေရာ . . .

"သူ့မိန်းမကလဲ မွေးနိုင်ပေ့ကွာ၊ ကိုယ့်ကလေးကိုမှ မှတ်မိပါဦးမလား"

"လူလုပ်တဲ့စက်များ ရှိရော့သလား မသိပါဘူးကွာ၊ မွေးလိုက်တဲ့ကလေး ဆိတ်ချေးယိုတဲ့အတိုင်းပဲ"

## ဇူဇကာလက်သစ်

ဝက်လက်ကားဂိတ်တွင် ကျီးကန်သားတစ်ယောက်သည် အခြားရွာသား ပေါင်းဟောင်းသင်းဟောင်းများနှင့် တွေ့



သည်။ လက်ဖက်ရည်သောက်ပါဦး၊ မုန့်စားပါဦး၊ လောကွတ်ပြုကြသည်။

ထိုအခါ ကျီးကန်သားက . . .

"ဘာမှ မစားမသောက်ပါရစေနဲ့ကွာ၊ မနက်က ကားဂိတ်အလာမှာ အထက်မီးအောက်မီး မုန့်တစ်ချပ် သွားစားမိတာ လေပူထပြီး အခုလို မစားချင်မသောက်ချင် ဖြစ်နေတာ"

"တစ်ခုတစ်လေစားလို့ ဖြစ်မှာပေါ့ကွ၊ ဆယ်ခုလောက် စားပစ်လိုက်စမ်းပါ၊ မင်းလေပူပိတ်ညပ်နေပြီး ဘယ်လိုလုပ်ထနိုင်တော့မှာလဲ"

ကျီးကန်းသားသည် အားရပါးရ ရယ်မောပြီး . . .

"လေပူငြိမ်မငြိမ်တော့ မသေချာဘူး၊ ဇူဇကာလို အစားပုပ်လို့ သေတယ်လို့ လူပြောခံရမှာတော့ သေချာတယ်၊ စားလဲမစားပါရစေနဲ့၊ သေလဲမသေပါရစေနဲ့" ဟု တောင်းပန်လိုက်လေ၏။

## ဈာန်လျှောရသေ့

ကျီးကန်သားလူငယ်တစ်စုသည် မန္တလေးမြို့ပေါ်တွင် လျှောက်လည်ကြစဉ် ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြ၏။ သူတို့သည် အနောက်ဘက်မုခ်ထွက်လျှင် ကားလေးတစ်စီးပေါ်မှ ယှဉ်တွဲကာ ဆင်းလာသော ဖြူဖြူသန့်သန့်ခန့်ချောအမျိုးသမီးတစ်ယောက်နှင့် ပိန်ရှည်ရှည်သိုညစ်ညစ်ယောကျ်ားကို တွဲလျက်မြင်ရရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အမလေး မုဒုလက္ခဏာမိဖုရားကြီးနဲ့ ချာန်လျှောရသေ့ကြီးတို့ ခုထက်ထိ အသက်ရှည်နေကြတုန်းပါလား" ဟု တစ်ယောက်က ပြောလိုက်လေ၏။

## ဒေါ်နုခင်းပုံပြင်

ကျေးကန်သားကြီးတစ်ယောက်အား ကာလသားများက ဝိုင်း၍ ကျီးစယ်နေကြသည်။ ထိုလူကြီးကလည်း ခပ်ပျော်ပျော်သမား၊ ဝက်လက်ဈေးတွင် အမြဲတွေ့နေရသဖြင့် လူတိုင်းသိနေသော မိန်းမကလည်း အရွယ်နှင့်မလိုက်အောင် ပျံ့နေရာ ကျေးကန်သားကြီး စိတ်ဆိုးနေ၏။

"အဲဒါနဲ့ ညှာမယ့်အစား လူသေကောင်နဲ့ သေတ္တာတစ်လုံးတည်းမှာ အတူအိပ်ဆို အိပ်ပါ့မယ်ကွာ၊ မင်းတို့ပြောတဲ့ဟာကြီးကတော့ တစ်ခါတစ်လေ စီးကရက်သောက်လိုက်သေး၊ အရုပ်ဆိုးပုံများကတော့ သရဲကို အရေခွာထားသလား မှတ်ရတယ်"

ကာလသားတွေ ရယ်မောကြသည်။ ကျေးကန်းသားကြီးမှာ အာကို ဇက်ချုပ်၍ မရသေး။

"ဒါပေမယ့် သူကိုယ်သူ အမွှေးနံ့သာတွေ ဖို့ထားလိုက်ပုံများတော့ ဒေါ်နုခင်းကို ရေလောင်းထားသလားမှတ်ရ၊ ကြိုင်နေလှိုင်နေတာပါပဲကွာ"



## ဓမ္မတာသဘော

မလိမ္မာသော မယားနှင့် အိမ်ထောင်ပြုမိဟန်တူသော ယောကျ်ားတစ်ယောက်သည် ရွာလယ်ရှိ သစ်တုံးတစ်တုံးပေါ်တွင် ထိုင်ပြီး ဤသို့ ရေရွတ်နေ၏။

မယားတစ်ယောက်ယူလိုက်၊ မလိမ္မာလို့ ရိုက်သတ်လိုက်၊ နောက်တစ်ယောက် ယူလိုက်၊ မလိမ္မာပြန်ရင် ရိုက်သတ်လိုက်၊ လုပ်ရရင်တော့ ကြိုးစင်ပေါ်ကကို ဆင်းရတော့မှာ မဟုတ်ဘူး၊ ဟုတ်သေးပါဘူးလေ၊ လောကကြီးမှာ သမီးလိမ္မာကို မွေးထုတ်နိုင်တဲ့မအေတွေ မရှိတော့ဘူးလား"။

## နွားခြံအလား

ကျေးကန်သားတစ်စု ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ ကိစ္စနှင့်လာသူ ကြုံယောကြောင့် အလည်အပတ် လိုက်လာသူများ၊ ဘုရားဖူးလိုသူများ နောက်ဆက်တွဲ ပါလာသောအခါ လူအုပ်ကြီးမှာ အကြီးကြီးဖြစ်နေလေ၏။

ထိုအချိန်က ကြားကားလည်း မပေါ်သေး။ သဘော်သားကားလည်းမရှိသည့်အတွက် လိုင်းကားများမှာ အချိန်မရွေးကျပ်သိပ်နေ၏။ ထိုကျေးကန်သားလူအုပ်ကြီးမှာ သုံးဘီးနှစ်စီးစာရှိရာ သုံးဘီးကားခေါ်၍ မရချေ။ ထို့ကြောင့် လိုင်းကားကိုစောင့်စီးရာ တစ်စီးမျှ မတက်နိုင်ပေ။

တစ်နာရီပြီးတစ်နာရီ အချိန်သာ ကုန်သွား၏။ သူတို့ကား နေရာမှမရွှေ့သည့်အဆုံးတွင် ကျေးကန်သားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

က ဤသို့ပြောလိုက်လေ၏။

"အောင်မယ်လေး၊ ကြီးလိုက်တဲ့ကာကြီးတွေကလဲ နွားခြံသုံးလေးခုစာလောက် ရှိတယ်၊ ဒါတောင် ပြည့်ကျပ်နေတဲ့ လူတွေကလဲ အိုင်ထဲက ငါးတွေလို ပါပဲလား၊ ခေါင်းလေးတွေ စီနေလိုက်ဟာ မှိုပေါက်နေသလားမှတ်ရ၊ စောင့်မနေပါနဲ့တော့၊ ခြေထောက်နဲ့ပဲ သွားကြပါစို့"။

---

## ပဒေသာအရိုးဆိုင်

ကျီးကန်သားကြီးက သူနှင့်ရင်းနှီးသော လူငယ်အား ဘာလေးတွေ ဗိုက်မကောင်းဘဲရှိပါလျှက် ပဲကျွေးရသလားဟု ပြောဆိုမာန်မဲလိုက်ရာ . . .

"ပဲစားတာကိုသာ မြင်ကြတာကိုးဗျ၊ ပဲရဲ့အာနိသင် ဘယ်လောက် ထက်မြက်တယ်ထင်သလဲ၊ ပဲတစ်ခွက်နဲ့ ဘားပလက်တစ်ပုလင်း ညီတယ်ဗျ၊ ပဲသည် ဘားပလက်၊ ဘားပလက်သည် ပဲ"

"ဟုတ်ပေလို့မိမယ်၊ ဘားပလက်စားတဲ့ မင်း သားတွေ ကြည့်လိုက်တော့ "ဗတ်ခွ" ထောင်ထားတဲ့အတိုင်း နံရိုးတွေ ပေါ်နေလိုက်တာ အရိုးပဒေသာဆိုင်ဖွင့်ထားသလား မှတ်ရ"

(ရန်ကုန်တွင် သားရေခွခေါ်၍ ကျီးကန်တွင် ဗတ်ခွ ခေါ်၏။)

---



## ပုတ်တစ်လုံး အသုံးချနည်း

"တခြားလူတွေသာ စပါးမရလို့ ညည်းနေကြပေမယ့် မောင်ဟိုဒင်းကတော့ ငါးဆယ်ဝင် ပုတ်တစ်လုံး ဝယ်လာတာ မြင်ပါကလား"

စပါးမရသော်လည်း သီးထပ်ကို မျှော်လင့်ကာ လှုပ်ရှား လုပ်ကိုင်နေကြသော ကျီးကန်သားများ ထွန်နားရင်းကန်သင်း ပေါ်တွင် ဆုံမိကြရာ တစ်ယောက်က စတင်ပြောလိုက်သည်။

"စပါးထည့်ဖို့ ဟုတ်မယ်မထင်ပါဘူးကွာ"

"ပုတ်ပဲဗျ၊ စပါးမထည့်လို့ ဘာထည့်ရမှာလဲ"

"သူ့အိမ်သေးသေးကလေးနဲ့ သူ့မိန်းမမွေးတဲ့ကလေးနဲ့ ဘယ်သွားပြီး ဒီကလေးတွေ ထားမှာလဲကွ၊ အပြောရ အဆိုရလဲ သက်သာ၊ အထိန်းရ အသိမ်းရလဲ လွယ်အောင် ပုတ်ထဲ ထည့်ထားမှာပေါ့ကွ"

မိတ်ဆွေများမှာ ယင်းအခါတွင် သဘောပေါက်ပြီး တသောသော ရယ်မောကြလေ၏။

---

## ပိန်ရာ၌ ဝိဇ္ဇာ

ကလေးများသော ရွာသားဇနီးမောင်နှံအကြောင်းကို တဝါးဝါးတဟားဟား ပြောဆိုကြပြီးနောက် ပြည်သူ့ရဲများက လက်နက်မှုဖြင့် ဖမ်းသွားသော ရွာသားတစ်ယောက်အကြောင်း သို့ ရောက်သွားပြန်၏။

"သူ့ကို ဖမ်းသွားကြတုန်းကများ ရိုက်လိုက်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်တယ် တူထုနေသလားမှတ်ရ၊ တစ်ကိုယ်လုံး ရှိုက်နှက်ချုံးချေထားလိုက်ကြတာ တစ်ကိုယ်လုံး ကြွေမွနေပုံများတော့ မုန့်လေပွေ့ကို ဆုံထဲထည့်ကြိတ်ထားသထက်ဆိုးသေး"

"လွှတ်လာတော့လဲ ကြည့်ပါဦး၊ ပိန်နေလိုက်တာ. . . အိပ်နေတဲ့အခါများဆိုရင် နံရိုးတွေဟာ ဝါးပတ္တလား ဖြန့်ခင်းထားသလိုပဲ"

꧁꧂

## ဖားဖို၏ ဂီတ

အထက်ပါစကားဝိုင်းမှာ မပြတ်သေးချေ။ လယ်ကွက်ထဲတွင် ထွန်တန်းလန်းဖြင့် အနားပေးထားခဲ့သော နွားများကို လှမ်းကြည့်ကြရာ တစ်ယောက်က ကြားဖြတ်၍ . . .

"ဟော့ . . . တခြားနွားတွေ အမောဖြေလို့ စားမြုံ့ပြန်နေကြပြီကွ၊ မင်းနွားနှစ်ကောင်ပဲကြည့်ဦး၊ တစ်ယောက်ကအမြီးတခတ်ခတ်နဲ့၊ ဟိုအလှည့်နွားကျတော့ အခုထက်ထိ မောနေလိုက်တာ၊ ဖားဖိုဆွဲနေသလိုပါပဲလား"

ထိုအခါ နွားရှင်က အဖြေပေးပုံမှာ . . .

"မင်းက အမြင်နဲ့ပြောနေလို့ ဒါလောက်ပဲ သိတာ၊ အနားကပ်သွားမှ စို့ခနဲကတစ်မျိုး၊ ရှဲခနဲကတစ်မျိုး၊ ဂုတ်ဂုတ်ဂုတ်က တစ်မျိုးနဲ့ ရေဒီယိုအပျက်ဖွင့်သလားမှတ်ရ၊ မမာတာ ကြာပြီကွ၊ ဆေးမျိုးလဲစုံနေပြီ" ဟု ဖြစ်ပေသည်။

꧁꧂



## ဖျားဆေး နာဆေး

မမာ[illegible] နွားအကြောင်းကို ကြားဖြတ်ပြောပြီးလျှင် မူလပြော[illegible] ဖြစ်သော တောင်အကြောင်း၊ မြူစောထီး ဖမ်းသွားပုံ[illegible] ချင်းသို့ ပြန် ၍ ရောက်ရှိသွားရာ . . .

"ဒီလူ တောင်ကလွှတ်လာစက ငါတော့မထင်ဘူး၊ ဒီလူ သေမှာပဲ ထင်နေတာ၊ ခုတော့ မသေဘူးကွာ၊ အံ့စရာပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခုတော့ မျောက်ငါးပိန့် ရသလို တောင်သံကြားရင် ဖျားချင်နာချင်နေမှာတော့ သေချာတယ်နော်"

"ဖျားချင်ရုံ ဘယ်ကမလဲ၊ မျက်ဖြူလန်ပြီး မတက်ရင်တော်လှပြီ၊ တောင်ထဲမှာ သူတို့စားရတဲ့ ထမင်းတဲ့၊ ကိုင်ကြည့်လိုက်ရင် ခပေါင်းချိုင်က ချူကို ကိုင်လှုပ်သလိုပဲတဲ့၊ ဂလုံဂလုံမြည်နေသတဲ့၊ ဟင်းရည်နဲ့များ သွားပြီးမနယ်နဲ့၊ မလူးနဲ့၊ တစ်ခါတည်း သဲတွေခဲတွေ စပါးလုံးတွေက အင်္ဂတေဖျော်စက်လှည့်လိုက်သလို ဂျောက်ဂျက်သံ မိုးမွှန်သွားပုံများ ကျောက်ခဲပုံပေါ် လမ်းကြိမ်စက် တအားမောင်းပြေးတာထက် ဆိုးသေးဆိုပါကလား"

ထိုသို့ ရောက်တတ်ရာရာ ပြောဆိုနေရာမှ တစ်ယောက်က စတင်ပြီး သတိပေးလိုက်လျှင် လူစုကွဲသွားကြလေ၏။

꧁꧂

## ဂျင်လှည့်သံ ကြားရသည်

ကျီးကန်သားအဘိုးအို တစ်ဦးသည် အစားသောင်းကျန်းသော သူ့မြေးတွေကို ကြည့်နေရာက သူ့သမီးအား လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ သမီးမှာ ကလေးတွေကို အလိုလိုက်သူ ဖြစ်သည်။

"သမီး ရာသီဥတုက မကောင်းဒ ၊ ကလေးတွေကို ဟိုဟာကျွေး၊ ဒီဟာကျွေးနဲ့၊ သတိထားေ

"မကျွေးပါဘူး အဖေရဲ့"

"မကျွေးဘူးသာဆိုနေတယ်၊ ကလေးတွေ ပါးမ ဖြင့် ဆိတ်ပါ ဂပ်ထက်တောင် လှုပ်သေး၊ မာလကာသီးစားလိုက်၊ ငှက်ပျောသီးစားလိုက်နဲ့ တော်တော်ကြာရင် ချွဲကပ်နေလို့ သရက်သီးဂျင်လှည့်သလို ဖြစ်နေဦးမယ်"။

## မယ်သီတာနဲ့အပြိုင်

ရှာသူရှာသားများ စုပေါင်းပြီး ဆောင်ရွက်စရာလုပ်အားပေးကိစ္စများပေါ်ပေါက်လာလျှင် လူကြီးလူရွယ် လူလတ်နှင့် လူငယ်များသည် သတ်မှတ်ထားသောနေရာသို့ ရောက်လာကြပေ၏။ သို့ရာတွင် တာဝန်ခွဲဝေရာတွင် အလုပ်ရွေးကြသည်။ တာဝန်ရွေးတတ်ကြသည်။ ဤသို့ဖြစ်သည်ကို အခါများစွာ ကြုံရသည့်အခါ သည်းမခံနိုင်သော လူကြီးတစ်ယောက်က အောက်ပါအတိုင်း အော်ပြောလေ၏။

"တို့ကတော့ အများဆန္ဒအရ တာဝန်ပေးလာရင် မြွေပွေးတွေဖမ်းပြီးတော့ပဲ နို့တိုက်ရတိုက်ရ မငြင်းဘူးဟော၊ မယ်သီတာနဲ့အပြိုင် မီးပုံထဲခုန်ချရဦးမလား၊ ခုန်ချဖို့ အသင့်ပဲ"။



## မှားမှ မှားပလေ

ကျေးကန်ရွာ အလှူတစ်ခုသို့ မိသားစုတစ်စုရောက်လာကြသည်။ အိမ်ရှိ လူကုန်ကြွရောက်သောကြောင့် အင်အားကောင်းလှသည်။ တစ် ၂ တည်းသားများက ထိုမိသားစုကို ဝိုင်းကြည့်ကာ ရယ်မော ကြသည်။

"အိမ်မှာ လူမကုန်သေးဘူးထင်တယ်၊ ဘာကြော ့ ချန်ထားခဲ့ရတာလဲ"

"အိမ်ရှိ လူကုန်ကြွပါ ဖိတ်ကြားထားပါလျက်နဲ့"

ဤလို တစ်ယောက်တစ်ပေါက် ကျီစယ်ကြသဖြင့် အမျိုးသားက ချောလဲရောထိုင်သဘောဖြင့် အောက်ပါအတိုင်း ပြန်ပြောလေ၏။

"တစ်ယောက်တစ်လေ ကျန်ခဲ့လဲ မတတ်နိုင်ဘူး ခေါ်တုန်းကတော့ အကုန်ခေါ်ထုတ်လာတာပဲ၊ အိမ်မှာကလေး ဘယ်လောက်များသလဲဆိုရင် တစ်နေ့က ပညာအုပ်တစ်ယောက် ကျောင်းစစ်ရအောင်လာရင်း၊ ကျွန်တော့်အိမ်ဝင်လာပြီး ကျောင်းသားစာရင်းစာအုပ်ပေးပါ၊ ကျောင်းသား ဘယ်လောက်ရှိသလဲ" ပြောနေလို့ ဒါဟာ "မူလတန်းကျောင်း မဟုတ်ဘူး၊ ကျောင်းက ဟိုဘက်နားမှာပါ" လို့ သေသေချာချာ ရှင်းပြလိုက်ရသဗျာ"

အမျိုးသား၏ ချောလဲရောထိုင်စကားကြောင့် ရယ်မောနေကြသည့်အတွက် စကားမဆက်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## ယောက္ခမအိမ် ရင်မငြိမ်

အလှူတွင် အသံချဲ့စက်ချတ်ယွင်းသွားသောကြောင့် ကျေးကန်တစ်ရွာလုံးမှာ အလွန်နားချမ်းသာနေလေ၏။ သို့သော်လည်း စက်သမားနှင့် အလှူရှင်မှာ လှည်းလမ်းဘက်သို့ လည်တဆန့်ဆန့် မျှော်နေကြ၏။

ယွက်မျှော်လိုက် ပြန်ထိုင်လိုက်နှင့် တစ်နာရီခန့် ကြာမှ လူတစ်ယောက်သည် စက်ဘီးကို တအားနင်းလျှက် ရောက်ရှိလာ၏။ စက်သမားက စက်ဘီးနှင့် ရောက်လာမှာ တစ်ကိုယ်လုံး ချွေးဖုန်းတွေနှင့် လူးနေသည်ကို မကြည့်ဘဲ "ကြာလိုက်တာကွာ" ဟု အပြစ်တင်၏။

အပြောခံရသူမှာ ချွေးသုတ်ဆဲဆဲ လက်ကို ပြန်ချထားပြီး ပြန်ပြောလိုက်ပုံမှာ . . .

ကိုယ်ချင်းမစာဘဲ အပြစ်ပြောလိုက်လေကွယ်၊ အသွားတုန်းကတော့ လေက နောက်က တအားတိုက်လို့ မိဘသဘောတူတဲ့ ရည်းစားအခန်းထဲ ဝင်ရသလိုပဲ၊ တစ်လမ်းလုံး ဘရိတ်ကိုမျှော်ပြီး အုပ်သွားရတယ်၊ အပြန်ခါလဲကျရော၊ မိဘသဘောမတူတဲ့ ရည်းစားအခန်းကို ဝင်ရသလိုလေက ရင်ဘတ်ကို ကျားကန်ပြီး တွန်းတွန်းထားလို့ တအားနင်းနေရင်းက နောက်ကို ပြန်ပြန်ဆုတ်တယ်၊ တိုက်လိုက်တဲ့လေ၊ ပြောမပြောချင်တော့ဘူး" ဟု ဖြစ်လေသည်။



## ရအောင်ကျက်ထားမှ

ကျေးကန်သားတစ်စုသည် ရွှေဘိုသို့သွားရန် ဘတ်စ်ကားတစ်စီးပေါ် သို့ တက်လာကြသည်။ ထိုအထဲမှ တစ်ယောက်သည် ကားအတွင်း ဝဲယာရှေ့နောက်သို့ မျက်လုံးကစားလိုက်ရာ အောက်ပါစာများကို မြင်ရလေ၏။

- ထသွား ပြန်ကြည့်။
- ကျန်ရှိပစ္စည်း တာဝန်မယူ။
- ခွင့်မပြုကုန်များ လက်မခံ။
- ခေါင်းမပြူ လက်မထုတ်ရ။
- တံတွေး မထွေးရ။
- နှပ်မညှစ်ရ။
- ရောက်မည့်အချိန် မမေးရ။

ကျေးကန်သားသည် စာအားလုံးကို စုံစေ့အောင် ဖတ်ရှုပြီးနောက် ဤသို့ ပြောလိုက်လေ၏။

"တိမ်မြုပ်နေတဲ့ ကျေးကန်ရှင်ကြီးရဲ့ မေတ္တာစာတွေ အခုမှ ပြန်တွေ့ရတယ်ဟေ့၊ တွေ့တုန်းတွေ့ခါ ရအောင် ကျက်ထားကြဟေ့"။

## ရွာလုံးကျွတ်

လူစုံသော လက်ဖက်ရည်ကြမ်းဝိုင်းတစ်ခုတွင် ရွာသားယောကျ်ားများလည်းပါ၏။ ယောကျ်ားဝိုင်းနှင့် မနီးမဝေးတွင် မိန်းမတွေချည်း တစ်ဝိုင်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအချင်းချင်းပြောလိုက်၊ မိန်မအချင်းချင်း ပြောလိုက်၊ မိန်းမဝိုင်းက ယောက်ျားဝိုင်းကို လှမ်းပြောလိုက်နှင့် ရေကိစ္စ၊ စပါးကိစ္စ၊ နွမ်းကိစ္စ၊ ရေနံ၊ ဆပ်ပြာ၊ အဝတ်အထည် အဆုံး သောင်းပြောင်းရောရာ စကားတွေ ညံနေ၏။

ထိုသို့ပြော၍ မောသလောက်ရှိမှ တစ်ယောက်က . . .

"စကားပြောတာ အရှမ်းအရမ်း မပြောကြနဲ့နော်၊ အဖမ်း ခံနေရမှဖြင့် မကောင်းဘဲရှိမယ်"

"အလိုလေးတော်။ ဒီလိုပြောလို့သာ ဖမ်းစတမ်းဆိုရင် တစ်ယောက်ချင်း အပင်ပန်းခံပြီး၊ ဖမ်းမနေပါနဲ့တော့တော်၊ တစ်ရွာလုံးသာ ဝေတင်ကာတဲ့ အုတ်တံတိုင်းမျိုးနဲ့ လေးဘက် ကာလိုက်ပါတော့"

မိန်းမတစ်ယောက်က ကတ်ကတ်လန်အောင် ရန်တွေ့ လိုက်လေ၏။

## လေပွေမှုန့်

အမေ ဈေးမှ ပြန်လာသောကြောင့် ကလေးနှစ်ယောက် က ဝမ်းသာစွာ ဆီးကြိုကြသည်။ အမေကလည်း သားသမီးတို့ ပို၍ဝမ်းသာစေရန် "မုန့်ပါတယ် သားတို့သမီးတို့" ဟု ပြောကာ ဈေးတောင်းချ၍ မအောင့်နိုင်သောပြဿနာကြောင့် နောက်ဖေး ပြေးဝင်သွား၏။

အမေ ပြန်လာသောအခါ မုန့်ရှာမတွေ့ကြောင်း ကလေးတို့ တစ်ယောက်တစ်ပေါက် ပြောကြသည်။



"ဟဲ့ . . . ပလတ်စတစ်နဲ့ မုန့်လေပွေတွေ သေသေ ချာချာ ထည့်လာတာပဲ"

ကလေးတစ်ယောက်က ပလတ်စတစ်အိတ်ကို မြှောက် ပြပြီး . . .

"အိတ်တော့ တွေ့တယ်၊ သမီးက မုန့်မှုန်တွေ မှတ်လို့"

မုန့်လေပွေမှာ ကလေးပြောလည်း ပြောစရာပင်။ လုံးဝ အမှုန့်ဖြစ်လုမတတ် ကြေမွနေသည်။

"ကျပ်လိုက်တဲ့ကား၊ မုန့်လေပွေစစ်စစ်က ဆန်မှုန့်ဖြစ် ရတယ်။ ဆန်မှုန့်တင်လာရင် ဘာဖြစ်ကုန်မယ် မသိဘူး"။

## လှိုင်းသံယောဇဉ်

ကျိုးကန်သား လူရွှင်ကြီးတစ်ဦးအား လူငယ်များက လူတိုင်းခါသော မိန်းမတစ်ယောက်နှင့် စနေကြသည်။ လူငယ် များ တဝါးဝါးတဟားဟားနှင့် သဘောကျနေကြ၏။

"မင်းတို့ကလဲကွာ၊ စချင်ရင် သက်တူရွယ်တူနဲ့ စကြ နောက်ကြပါကွာ"

"သူလဲ အသက်မကြီးသေးပါဘူးဗျာ"

"သူလား၊ အသက်မကြီးသေးတာ၊ မျက်နှာကို ကြည့် စမ်းပါဦး၊ ပါးရေတွေ တွန့်နေလိုက်တာများ မီးသင်္ဘောနောက် က ပြေးလိုက်လာတဲ့ လှိုင်းလုံးတွေ ကျနေတာပဲ"

နောက်ဆုံးစကားကြောင့် လူငယ်များ ဝါးခနဲ ပွဲကျသွား ကြပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## လျှာလုံခြုံရေး

ကျေးကန်သားတစ်ယောက်သည် လက်ဖက်ရည်ဆိုင်ထဲတွင်ထိုင်ရင်း ကားစောင့်နေသည်။ စောင့်နေသူများလည်း ဆိုင်ရှေ့တွင် အချို့၊ ဆိုင်ထဲတွင် အချို့ရောက်နေကြ၏။

ထိုစဉ်တွင် လူတစ်ယောက်သည် ရေးကြီးသုတ်ပျာဖြင့် ရောက်လာပြီး အော်ကျယ်ဟစ်ကျယ် မေးမြန်းစုံစမ်းသည်။ သူစီးလိုသောကား ထွက်သွားပြီဟု သိသောအခါ မောပန်းအားလျော့စွာ ဆိုင်ဘက်သို့ မျက်နှာလှည့်လိုက်၏။

ဆိုင်ထဲတွင် ထိုင်နေသော ကျေးကန်သားသည် ထိုသူ၏ မျက်နှာကို မြင်လျှင်မြင်ချင်း လွှတ်ခနဲ မှတ်ချက်ချလိုက် ဆိုင်တွင်းရှိ လူအားလုံး ဝါးခနဲ ရယ်မောကြလေ၏။

ကျေးကန်သား၏ မှတ်ချက်မှာ . . .

"အလိုလေးလူရယ်၊ သွားနှယ်ခေါလိုက်လေ၊ လျှာကို နေပူမှာစိုးလို့ အဖီထုတ်ထားလား ထင်ရ" ဟူ၍ ဖြစ်ပေ၏။

အဖီသည် အဆောက်အအုံဘေးတွင် အနည်းငယ်ထုတ်ထားသော အမိုးသေးသေးကလေး ဖြစ်ပါ၏။

ဖ‌ေလ႔ဆာဃ

## ဝါပုံက ဝါပုံက

မူးရေမမှန်သောကြောင့် ထိုနယ်တစ်ဝိုက်တွင် လယ်များစိုက်ရန် နောက်ကျပေသည်။ ကျေးကန်ရွာသား လယ်သမားများလည်း နိုင်ငံအတွက် အရေးကြီးသော စပါးသီးနှံအောင်မြင်ရေးအတွက် ကြိုးစားနေကြရာ . . .



"အရင်နှစ်တွေတုန်းကတော့ ဒီအချိန်လောက်မှာ ပျိုးခင်းတွေ တစ်ထွာတစ်မိုက်တောင် ရှိနေပြီ မဟုတ်လား" ဟု ခလိုက်၏။

ထိုအခါ တစ်ယောက်က အောက်ပါအတိုင်း ပြန်ဖြေ၏။

"ဟုတ်တာပေါ့၊ ဒီနှစ်တော့ တချို့ဆိုရင် ပျိုးတောင်မကြဲရသေးဘူး၊ ထူးတော့ မထူးပါဘူးလေ၊ ကြဲပြီးသားပျိုးခင်းတွေလဲ မိုးမရွာ ရေမလာလို့ ဝါခြောက်လိုက်လာလိုက်တာ၊ ပျိုးခင်းပြင်တွေမှာ သင်္ကန်းတွေ ဖြန့်ခင်းထားသလား မှတ်ရတယ်"။

ဖ‌ေလ႔ဆာဃ

## သကြားခဲနီနီ

နွေရောက်လာသည်နှင့်တစ်ပြိုင်နက် ကလေးတွေမှာ မိတ်ပေါက်တော့သည်။ ကလေးတွေနည်းတူ လူကြီးတွေလည်း မိတ်ပေါက်ရာ ရှုပ်ပျက်အောင် ကုတ်ဖဲ့ကြ ပွတ်သပ်ကြ၏။

လူကြီးများမှာ နေကပူ၊ မိတ်ကယားသဖြင့် အေးရာအေးကြောင်း ရှာပြီး နေကြရာ၊ ကလေးများမှာမူ နေပူလို့ ပူမှန်းမသိဘဲ ပြေးလွှားဆော့ကစားရင်း လူကြီးတွေရှေ့သို့ ရောက်လာကြ၏။

"ကလေးတွေရယ် ပူလိုက်ပါဘိကွယ်၊ ပူတာကို ပူမှန်းမသိရအောင် နင်တို့တစ်တွေ ငရဲက လာသလားဟယ်"

လူကြီးတစ်ယောက်က ညည်းတွားလိုက်ရာ သူ့ဘေးမှ လူက အသားဖြူသော ကလေးတစ်ယောက်ကို မေးငေါ့ပြရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကလေးမှာ ပေါက်တဲ့မိတ်များ ဘယ်လောက်ထူမထူ မပြောနဲ့၊ သကြားခဲပုရွတ်ဆိတ်အနီတွေ အုံနေသလား မှတ်ရတယ်၊ လူကလဲ အသားဖြူဖြူနဲ့" တု ဝင်ပြောလိုက်၏။

၀၀၀၀၀

## သတ္တိအရာတွင်

ကျီးကန်သားလူငယ်များ ဘုရားပွဲသွားရာတွင် အဖော်ကြုံလိုက်လာသော လူကြီးတစ်ယောက်လည်း ပါလာသည်။ သူကပင် စတင်၍ ဘုရားပွဲအကြောင်းကို ပြောသည်။

"တို့ငယ်ငယ်တုန်းကတော့ ပျော်ပွဲရွှင်ပွဲက ရှားတာကိုးကွ၊ ဒါကြောင့်လဲ ရှားရှားပါးပါး ကျင်းပတဲ့ဘုရားပွဲဆို လူသိပ်ပြီး စည်တာပဲ၊ အခုတော့ ဘုရားဖူးချင်လို့သာလိုက်လာရတာ၊ ပွဲတော်ဈေးတော့ ကြက်ပွဲသာသာပဲ ရှိတော့တယ်ကွ"

"အဘတို့ ခေတ်တုန်းက သူခိုးဓားပြ မရှိဘူးဆို"

"ရှိပါ့ကွာ၊ တစ်နှစ်မှာ လူတွေ တစ်သောင်းလောက်ရှိတဲ့ ဘုရားပွဲကို ဓားပြဝင်တိုက်တာပေါ့ကွာ"

"လူအားလုံးနဲ့ ဝိုင်းပြီး မခုခံကြဘူးလား"

လူငယ်နှစ်ယောက် ပြိုင်တူမေးမိကြသည်။ စကားစတင်သော လူကြီးအဖြေမှာ . . .

ခုခံဖို့ဝေးလို့၊ လှည်းဝိုင်းလုပ်ထားတဲ့ လှည်းတွေပေါ်က ခုန်ခုန်ပြီး ဆင်းပြေးလိုက်ကြတာ ပုတီးကုံးကြိုးပြတ်ကျတဲ့အတိုင်းပဲဟေ့" ဟု ဖြစ်လေ၏။

၀၀၀၀၀



## ဟာကြူလီရှာသား

အဆိုပါ ဘုရားပွဲအကြောင်းကိုပင် ကျီးကန်ရွာသားများ စကားစပ်မိကြ၏။ ပြောကြသည့်အကြောင်းမှာ ဘုရားတွင် ကပ်လှူထားသော အကြော်အလှော် ချိုချဉ်ခဲဖွယ်များကို ဘုရားပွဲအပြီးတွင် စွန့်ပစ်ပုံအကြောင်းဖြစ်၏။

"သူတို့ရွာ ဘုရားက ဆွမ်းတော်တင်ကို သူတို့ရွာသားတွေပဲ ပြန်လုကြတာပေါ့ကွာ"

"ကလေးတွေ မဟုတ်လား"

တစ်ယောက်က ပြောလိုက်သည့်အကြောင်းအရာကို နောက်တစ်ယောက်က ဝင်၍ထောက်လေသည်။

"ကလေးတွေ မဟုတ်ပါဘူးကွာ၊ လူကြီးတွေ၊ အားကောင်းမောင်းသန်ကြီးတွေ ဝင်လုကြတာ၊ နို့ဆီဘူး ခါးပြတ်သွားတဲ့အထိ လုတာကွ"

အပြောလွန်သောကြောင့် ကျန်လူများ ပြုံးစိစိ ဖြစ်နေကြလေ၏။

၀၀၀၀၀

## ဟိသစ္စံ မှန်စွ

ကျီးကန်သား ဦးကြီးတစ်ယောက်သည် ဝက်လက်မြို့ပေါ်တက်ကာ ပျားရည်ရောင်းချ၍ အသက်မွေး၏။ သူသည် မြို့ပေါ်သို့ သုံးရက်တစ်ခါလေးရက်တစ်ခါ တက်ကာ ပျားရည်ပျားဖယောင်းရောင်း၏။ တစ်နေ့တွင် အိမ်တစ်အိမ်မှ လမ်းခေါ်ရာ ဝမ်းသာအားရ ဝင်သွားသည်။ ဘကြီး၊ လူကြီးဖြစ်[illegible]မိတာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသလား၊ ဘကြီးရဲ့ပျားရည်က သကြားတွေ ရောထားတယ်" ဟု စွပ်စွဲ၏။

"ကျုပ် မလိမ်ပါဘူးဗျာ၊ ဘနဲ့တွေ့ရင် သကြားနဲ့ တွေ့တယ်မှတ်လို့ ပြောသားပဲ" ဟူ၍ ဖြစ်၏။

ဇေယျာ

## အပိန်ချန်ပီယံ

ထိုသူ မမေးစေချင်မှန်းသိသဖြင့် စကားဝိုင်းမှ လူများသည် ထောင်အကြောင်း မမေးတော့ဘဲ အခြားအကြောင်းအရာများဘက်သို့ ဦးလှည့်သွားကြ၏။

အတော်ကြာ၍ ထိုသူထရန် ဟန်ပြင်တော့မှ တစ်ဦးက သတိတရမေးသည်။

"ခင်ဗျားမိန်းမ အပြင်ထွက်တာ သွားတာလာတာ မမြင်တာကြာပြီ၊ သူ့မိဘဆီ သွားနေသလား"

"မသွားပါဘူးကွာ၊ မကျန်းမာလို့ အပြင်မထွက်တာပါ၊ ကောင်းတယ်ဆိုတဲ့ဆေးကို စားနေတဲ့အထဲက တစ်နေ့တခြား ပိန်လိုက်တာကွာ၊ ပက်လက်လှန်ပြီးအိပ်နေရင် စက္ကူပါးကို ဆင်နင်းထားသလား မှတ်ရအောင် ပိန်တာဟေ့"

ထိုစကားအဆုံးတွင် မည်သူမျှ မရယ်မောဘဲ မနေနိုင်ကြတော့ပါ။





# ပခန်းသား စကားဝိုင်း

www.burmeseclassic.com

www.burmeseclassic.com

## ပခန်းသား စကားဝိဇ္ဇာ

ပခန်းသား စကားတတ်ကြောင်းကို အသက်အရွယ် အတန်အသင့်ရသူများ သိဖူးကြားဖူးဖြစ်ပါလိမ့်မည်။ ထိုပခန်းသားကို မည်သည့်ပုဂ္ဂိုလ်ကစတင်ပြီး ချီပါသားနှင့် တွဲပေးလိုက်သည်ဟူ၍ မည်သူမျှ မဖော်ထုတ်နိုင်ကြပါ။ မသိကြပါ။

ချီပါသားနှင့် ပခန်းသားဟု တွဲပေးရာ၌လည်း ကောင်းသောတွဲပေးခြင်း မဟုတ်ပါ။ ထိုသူနှစ်ယောက်ပူးတွဲပြီး ရပ်တကာ နယ်တကာလှည့်ပြီး လိမ်လည်သည့်ဇာတ်လမ်းများဆင်ကာ တွဲပေးခြင်းသာဖြစ်၏။

စင်စစ်အားဖြင့် မည်သည့်ရွာ၊ မည်သည့်မြို့၊ မည်သည့်နယ်၊ မည်သည့်ဒေသမဆို လူဆိုးလူကောင်းရှိကြသည်ချည်းဖြစ်၏။ မကောင်းသော ချီပါသားတစ်ယောက်နှင့် မကောင်းသော ပခန်းသားတစ်ယောက်တို့ကြောင့် ကိုယ်ကျိုးစီးပွားနစ်နာခဲ့ဖူးကာမျှဖြင့် နယ်တစ်နယ်လုံး၊ ရွာတစ်ရွာလုံးကို လူလိမ်တွေချည်းဟု ထင်အောင်ရေးသားကြခြင်းကား ဒေါသလက်လွန်ခြင်းပေလော စဉ်းစားမိပါသည်။

ထိုသို့ မဟုတ်ဟူ၍ ရယ်မှ ရယ်စေရတော့၊ ရွှင်မှ ရွှင်ရစေတော့ဟု ရင်းနှီးသော ချီပါသားက ခင်မင်သောပခန်းသားများကို ကျီစယ်သောစာများ ရေးထုတ်ရာက ပျံ့နှံ့သွားခြင်းပေလော တွေးတောရပြန်ပါသည်။

အဆိုးလက်လွန်သည်ဖြစ်စေ၊ ကျီစယ်လိုစိတ် ကျွံသွားသည်ဖြစ်စေ၊ ချီပါပခန်းအပေါ် မကောင်းမြင်ပုံများ ဥဒါန်းတင်နေသလောက် ရှိနေပေသည်။ သို့သော် ယခုဖော်ပြမည့်

www.burmeseclassic.com

www.burmeseclassic.com



ပခန်းသားစကားဝိဇ္ဇာမှာကား လိမ်လည်ခြင်း၊ ကောက်ကျစ်ခြင်း လုံးဝမပြုပါ။ နှစ်သက်ဖွယ်စကား၊ ရွှင်လန်းဖွယ်စကားများကို လှပထိမိစွာ ပြောပါမည်၊ ရှုစားကြပါ၊ ရိုးသားဖြူစင်ဖြောင့်မှန်သော ပခန်းသားကို တွေ့ရပါလိမ့်မည်။

## ကော့ပဲ ကော့နိုင်ပလေ

ကျေးတောနေ တောင်သူလယ်သမားတို့၏ အားထားရာမှာ နွားဖြစ်သည်။ လယ်ယာထွန်ယက်လျှင် နွား၊ ပွဲသွားလျှင် နွား၊ ဝါးခုတ်သွားလျှင် နွား၊ ပစ္စည်းသယ်လျှင် နွား။

ထို့ကြောင့် နွားကောင်းပိုင်လိုကြသည်။ ကိုင်လိုကြသည်။ သူ့နွားက ပိုကောင်းသည်။ ငါ့နွားက ပိုကောင်းသည် စသည်ဖြင့် နွားအလှပြိုင်ပွဲ ကျင်းပကာ ပြိုင်ကြသည်။ လှည်းယာဉ်ပြေးပွဲလုပ်ကာ ပြိုင်ကြသည်။ ဤသို့ မလုပ်နိုင်လျှင် ပါးစပ်ယှဉ်ပြိုင်ကြသည်။

ဟော . . . ပခန်းသားနှင့် အခြားရွာသားတစ်ယောက် ဇရပ်တစ်ဆောင်တွင် ဝင်နားရင်း နွားအကြောင်း ပြောနေကြသည်။ အခြားရွာသားမှာ ဇရပ်ရှေ့တွင် လှည်းရပ်ထားသည်။

နွားက မျက်မြင်ဖြစ်၏။

"ခင်ဗျားက နွားကောင်းပဲဗျ"

"ကောင်းတာတော့ မပြောနဲ့ဗျို့၊ မြင်တဲ့အတိုင်းပဲ၊ တခြားနွားတွေလို ငါးစင်းပြေးကော့တာမှ မဟုတ်တာကလား၊ မုန်စီရွှေချ ပတ္တလားအိမ်က ပတ္တလားကော့သလို ကော့တာ



တွေ့တယ်မဟုတ်လား"

ပခန်းသားသည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး အောက်ပါအတိုင်း ပြောလိုက်လေ၏။

"ကျုပ်မှာ လှည်းမပါတော့ ခင်ဗျားယုံမှယုံပါ့မလား မသိဘူး၊ ကျုပ်နွားကော့တာနဲ့စာတော့ ခင်ဗျားနွားက ကော့တယ်မခေါ်လောက်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျုပ်နွားတွေ ခါးကော့လွန်းပါရော၊ ချေးယိုရင် ချိုကြားမှ ချေးကျလို့ တစ်ခေါင်းလုံး ချေးချည်းပဲ"။

## ကျောင်းသားတွေချည်း

ကိုလိုနီခေတ်က ရွာသူကြီးနှင့် မသင့်မြတ်သောကြောင့် အဖမ်းခံရဖူးသော ပခန်းသားအဘိုးအိုတစ်ဦးက သူ့အား ဖမ်းဆီးသွားပုံကို ပြန်ပြောင်းပြောပြပုံမှာ . . .

"ငါ့မှာ သေနတ်ရှိတယ်၊ ဘယ်မှာ ဝှက်ထားသလဲတဲ့၊ ငါ့မှာလဲ သရက်သီးသနပ်တို့၊ သံပရာသီးသနပ်တို့က လွဲရင် တခြား သေနတ်မှ မရှိတာဘဲ၊ ဖမ်းသွားကြာတာပေါ့ကွယ်"

"နှိပ်စက်ရောလား အဘ"

"မပြောပါနဲ့တော့ မောင်တို့ရာ၊ တစ်လမ်းလုံး ငါ့ကို ဒိုင်းပြီး ကန်လိုက်ရိုက်တာများ ဘုန်းကြီးကျောင်းသားတွေ ခြင်းလုံးခတ်နေကြသလား မှတ်ရတယ်၊ သူကြီးတိုက်လိုက်တဲ့ အရက်ဘန်ခိုးပေါ့ကွယ်"

"အဘက ပြန်မချဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ချဖို့ နေနေသာသာ၊ ငါတော့ ဒီအတိုင်းဆိုရင် ဂါတ်မရောက်ခင် အမှုန့်ဖြစ်တော့မှာပဲ၊ ဂါတ်မြန်မြန်ရောက်ပါစေ ဆုတောင်းနေရတာနဲ့ ပြန်မချဘူး၊ အဲဒါနဲ့ ဂါတ်ရောက်ရောဆို ပါတော့ကွာ"

"ဂါတ်ရောက်မှ သက်သာမှာပေါ့"

"မထင်ပါနဲ့ကွယ်၊ ဌာနလဲရောက်ကရော အင်္ဂလိပ်ကျောင်းသားတွေ ဘောလုံးကန်သလို တခါတည်း အချုပ်ခန်းထဲ တန်းသွားလိုက်ကြတာ အတောင်ပေါက်ပြီး ထိုးပျံရသလိုပါပဲ"

အဘိုးအိုသည် အားရပါးရရယ်မောနေသော်လည်း နားထောင်သူများမှာ အံ့သြစွာ ငေးကြည့်နေကြလေ၏။

## ကြောက်စရာကြေး

ပခန်းသားတစ်ယောက်သည် ဆွေမျိုးနှင့်မိသင်္ဂဟာပေါသော ရွာတစ်ရွာသို့ အလည်အပတ်ရောက်သွားစဉ် အိမ်တစ်အိမ်၌ သူငယ်ချင်းများနှင့် လက်လှဲယှဉ်ပြိုင်ကြသည်။

လက်လှဲရာတွင် ပခန်းသားနိုင်သည်လည်း ရှိ၏။ ရှုံးသည်လည်း ရှိ၏။ သို့ရာတွင် လူကုန်သလောက်ရှိသောအခါ ပရိသတ်အစွန်းတွင် တိုင်ကိုကျောမှီနေသူတစ်ယောက်သာ ကျန်တော့၏။

ပခန်းသားက ထိုသူအား လက်လှဲယှဉ်ပြိုင်ရန် လှမ်းခေါ်ရာ . . .



"အလကားကြေးတော့ မလှဲဘူးကွ"

"ပဲကြီးလှော်တစ်ဆုပ်ကြေးလား၊ ထန်းလျက်တစ်ခဲကြေးလား၊ ဆေးလိပ်တစ်လိပ်ကြေးလား"

တိုင်မှီနေသူက အထင်သေးသောအကြည့်ဖြင့် ကြည့်လိုက်ပြီး "မိန်းမတွေ ကလေးတွေကစားတဲ့ကြေး၊ ဘာလုပ်ဖို့လဲကွ" ဟုဆိုသည်။ ပခန်းသား မခံချင်စိတ်ဖြစ်ပေါ်လာသည်။

"မင်းကြိုက်တဲ့ကြေးကို ပြောကွာ၊ ငါးဆယ်လား၊ တစ်ရာလား၊ ကုန်ကုန်ပြောမယ်ကွာ၊ မင်းသတ္တိရှိရင် ရှုံးတဲ့သူက ကြိုးဆွဲချ သေစတမ်း"

ထိုင်နေသူမှာ ထိုအခါတွင် "အလားစတာပါကွာ" ဟု လျှောချလိုက်လေ၏။

## ကွန်ပျူတာငိုချင်း

ပခန်းသားတစ်စုသည် ပုဂံညောင်ဦးသို့ ရောက်လာကြသည်။ ရွှေစည်းခုံဘုရားပွဲတော်နှင့် ကြုံကြိုက်သောကြောင့် ပွဲတော်သို့ ဝင်ရောက်လည်ပတ်သည်။ ဘုရားဖူးသည်။ ထိုမှ ဆက်လက်၍ ဘုရားများကို တစ်ဆူပြီးတစ်ဆူ လှည့်လည်ဖူးမြင်ရာ တစ်နေကုန်သွားသည်။

တည်းခိုသည့်အိမ်သို့ ပြန်ရောက်လျှင် အိမ်ရှင်က ဆီးကြိုရင်း "ဘုရားတွေကောနှံ့ခဲ့ရဲ့လား" ဟု ဆီးမေးသည်။ ထိုအမေးကို ပခန်းသားတစ်ယောက်က ဖြေလိုက်ပုံမှာ . . .

"စုံအောင်ဖူးတာ အသာထားပါဦးဗျာ၊ ဘုရားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်အောင်ပဲ ရေစမ်ပါးဦး၊ ဟိုနေရာမှာ ငုတ်တုတ်၊ ဒီနေရာမှာ ကုန်းမို့မို့နဲ့ အကုန်လုံး ဘုရားစေတီချည်းပဲ၊ ဒါတွေ ရေဆိုရင် လူမပြောနဲ့၊ ကွန်ပျူတာနဲ့ရေတာတောင် ကွန်ပျူတာ ငိုလိမ့်မယ်"။

## ကောက်ညှင်းဝိဇ္ဇာ

ပခန်းသား၊ ချီပါသားနှင့် စကားတောင်စားတို့သည် အလွန်ညီသော တွဲဖက်များဖြစ်ကြ၏။

တစ်နေ့တွင် ဆရာဘုန်းတော်ကြီး ဝေငှသော ကောက်ညှင်းဆုပ်များကို ဒူးတုပ်ခံယူစဉ် ဆရာဘုန်းတော်ကြီးက စကားတောင်စားအား . . .

"ဟဲ့ . . . ကောက်ညှင်းစေးပုံကို နင်တွေ့ဖူးသမျှထဲက အစေးဆုံးကောက်ညှင်းကို ပြောစမ်း"

"မှန်ပါ့ ဘုရား၊ တပည့်တော်တို့လယ်က ထွက်တဲ့ ကောက်ညှင်းစေးပုံကတော့ လွန်ပါရောဘုရား၊ တစ်ခါက ကောက်ညှင်းပေါင်းကို ဆွမ်းတော်တင်ပြီးလို့ အိမ်ခေါင်းရင်းက သစ်ငုတ်ပေါ်မှာ စွန့်ထားပါတယ်ဘုရား၊ အဲဒီနှစ်ကစပြီး မိုးကောင်းလိုက်တာ သုံးနှစ်လုံးပါပဲဘုရား၊ အဲဒါလောက် သုံးနှစ်ဆက်ပြီး မိုးကောင်းတာတောင် ခေါင်းရင်းသစ်ငုတ်ပေါ်က ကောက်ညှင်းပေါင်းဟာ အဆုပ်လိုက်ပဲ ရှိပါတယ်၊ ပုံမပျက်ပါဘူး၊ တပည့်တော်တို့လယ်က ကောက်ညှင်းဟာ အဲဒါလောက် စေးပါတယ်ဘုရား"။



"ဟဲ့ . . . နင်ကကော ကောက်ညှင်း ဘယ်လောက်စေးတာ တွေ့ဖူးလဲဟဲ့"

ဆရာတော်ဘုရားက ချီပါသားအား လှမ်းမေး၏။

"ဒါဆို၊ သူ့ကောက်ညှင်းစေးတာ ဘာဟုတ်သေးလို့လဲဘုရား၊ တပည့်တော်တို့လယ်ကထွက်တဲ့ ကောက်ညှင်းကို ပေါင်းပြီး ကောက်ညှင်းပေါင်းတစ်ဆုပ်ကို လှည်းဦးပေါ် သွားတင်ထားမိတာ ကျီးကန်းကသုတ်ပါရောဘုရား၊ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်သွားတာပါပဲဘုရား၊ ဘာကြောင့်လဲဆိုတော့ ကျီးကန်းနောက်ကို ကောက်ညှင်းပေါင်းနဲ့ကပ်ပြီး လှည်းကြီးပါပါသွားလို့ပါပဲ ဘုရား"

ဆရာတော်ဘုရားသည် ကျေနပ်စွာ ပြုံးပြီး ပခန်းသားကို လှည့်ကြည့်ကာ မေးပြန်၏။

"နင်ကော ကောက်ညှင်းစေးစေး တွေ့ဖူးတာရှိလား"

"ရှိပါတယ် ဘုရား"

"ရှိရင် ပြောစမ်း"

"မှန်ပါဘုရား၊ သူတို့ပြောတာတွေက ကောက်ညှင်းပေါင်းတွေပါဘုရား၊ တည့်တော်တွေ့ဖူးတာက ကောက်ညှင်းဘဝမှာပဲ ရှိပါသေးတယ်၊ ဟိုတစ်နှစ်က ဘကြီးတို့ဆီကို တပည့်တော်သွားလည်တော့ ကောက်ညှင်းလယ်ကွက်ထဲမှာ ကြွားလိုက်ထွန်ကလေးနဲ့ လိုက်ပြီး တမန်နှိုးနေတာ တွေ့ပါတယ်ဘုရား၊ ဒါပေမယ့် လယ်ကွင်းထဲဆင်းလို့ ခြေတစ်လှမ်းမှ မလှမ်းလိုက်ရပါဘူး၊ ကောက်ညှင်းစပါးပင်တွေက တမန်နှိုးတဲ့ ကြွားထွန်ကလေးကိုကပ်ပြီး ပါလာတာ၊ လယ်နီးနားချင်းတွေပါ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆွဲလိုက်တာ၊ ကောက်ညှင်းစပါးတွေ ကျွတ်ပါလာမလားလို့ ပါ။ လယ်ကွက်ကြီးပါ ထောင်ပြီး တက်လာလို့ လူပေါ် မပိအောင် မနည်းထွက်ပြေးခဲ့ရပါတယ်ဘုရား။

## ချွန်ပါ့ ချွန်ပါ့

ပခန်းသားလူငယ်တစ်ယောက်သည် သူနှစ်သက်သော မိန်းမကလေး ရေခပ်သွားရေခပ်ပြန် လမ်းမှစောင့်ပြီး ပြုံး၍ ပြုံး၍ ပြ၏။ မိန်းကလေးမှာ သူ့ကို ပြုံးပြတိုင်း ပြုံးပြတိုင်း နှုတ်ခမ်းကို စူ၍သွားလေ၏။ ကြာသောအခါ မိန်းကလေးသည် ထိုသူ့ထံမှ အပြုံးကို မမြင်ရမီပင် ကြိုတင်၍ စူထားပြီး ဖြစ်လေသည်။

နှုတ်ခမ်းအစူခံရသောကာလသားသည် စူထားသော နှုတ်ခမ်းကလေး ချွန်နေပုံကို မြတ်နိုးစွာ စိုက်ကြည့်ရင်း နှုတ်ခမ်းချွန်အလှကို ရင့်ကျူးလိုက်ပုံမှာ အောက်ပါအတိုင်းဖြစ်၏။

"လှလိုက်တဲ့နှုတ်ခမ်းကလေး၊ ချွန်လဲချွန်ပါ့ဗျာ၊ ချွန်လိုက်ပုံများတော့ တြိဂံကို ထောင်ထားသလား အောက်မေ့ရဗျို့"။

## ငယ်ပါဘိခြင်း

ပခန်းသားတစ်ဦးသည် မြစ်ခြေရွာကြီးဘက်သို့ အရောင်းအဝယ်ကိစ္စဖြင့် ရောက်သွားရာ၊ အတန်ကျွမ်းသော ရောင်းဝယ်ဘက်တစ်ဦးက အရေးတကြီး ဆီး၍ ပြောသည်။

"မင်းတို့ ပခန်းသားတွေဟာ တော်တော်ကြွားတဲ့လူတွေပဲကွ"



"ဘာပြုလို့ပါလိမ့်"

ကုန်သည်ပခန်းသားမှာ ဘုမသိဘမသိ အပြောခံရသဖြင့် မျက်စိသူငယ်ဖြင့် မေးရှာသည်။

"တစ်လောက ပခန်းသားတစ်ယောက် တို့ဆီက သရက်သီးတွေကို ကြည့်ပြီး ရှုတ်ချသွားသကွ၊ သူရှုတ်ချသွားတဲ့ သရက်သီးတွေဟာ မျိုးကောင်းဆိုတော့ အမှတ်တမဲ့ ကြည့်ရင် သင်္ဘောသီးလား မှတ်ရတယ်၊ အဲဒါကွာ သေးလှချေလားတဲ့၊ ဒါနဲ့ ငါလဲ မခံချင်တာနဲ့ ခင်ဗျားတို့ ပခန်းက သရက်သီးက ဘယ်လောက်များ ကြီးလို့လဲမေးတော့ အစိတ်ဝင်အိုး ငါးဆယ်ဝင်အိုးလောက် ရှိသတဲ့ကွ"

တိုင်ကြားခံရသူ ပခန်းသား၏မျက်နှာသည် နီရဲသွား၏။ သူသည် အကျီလက်မောင်းကို ပင့်လိုက်ကာ . . .

"ဒီကောင် အလကားကောင်ပဲ၊ ခင်ဗျား နာမည် မှတ်မိလား"

"နာမည်တော့ မှတ်မထားလိုက်မိဘူး၊ ကြုံလို့ပြောတာပါကွာ၊ လိုက်ရှာပြီး ရန်မလုပ်နေပါနဲ့"

"မဟုတ်ဘူးဗျ၊ ဒီကောင်ကြောင့် ရွာနာမည်ပျက်တယ်၊ သက်သက်ရွာကို အရှက်ခွဲတာ၊ အမှန်က ဘျုပ်တို့ရွာမှ အစိတ်ဝင်အိုးအရွယ်၊ ငါးဆယ်ဝင်အိုးအရွယ် သရက်သီးဟာ အကင်းပဲ ရှိသေးတယ်ဗျ သိလား"

နားထောင်သူ ရွာခံကုန်သည်မှာ ပက်လက်လန်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ငန်စူးစပ်

ပခန်းဘက်မှ အလျှုမျာ်းတွင် ငါးခြောက်ထောင်းကြော်နှင့် ဧည့်ခံတတ်ကြ၏။ အလှူမှာ သားရှင်ပြုနှင့် ရဟန်းခံအလှူများ များပြားသည်။

တစ်နေ့တွင် ပခန်းသားတစ်ယောက်သည် ရွာနီးချင်းရွာတစ်ရွာအလှူသို့ နောက်ကျမှသွားမိရာ အလှူမှ ပြန်လာသူများကို လမ်းတွင်တွေ့သဖြင့် အလှူထမင်းဟင်း သတင်းကို စုံစမ်းသည်။

"ငါးခြောက်ထောင်းကြော် ကျွေးတယ်ဟေ့၊ ဟင်းချိုကတော့ ဆီမပါရင် လက်ဖက်ခြောက် ခပ်သောက်လို့ရတယ်"၊ သရက်သီးချဉ် . . .

"ကောင်းရဲ့လား"

"ကောင်းမကောင်း မေးမနေပါနဲ့တော်၊ ငါးခြောက်ထောင်းကြော် ငန်လိုက်ပုံများ ချင်းတွင်းမြစ်နဖူး မေးတင်ထားရတယ်၊ ကြော်တော့လဲ ငရုတ်သီးပါ တစ်ခါတည်း ရောကြော်ထားတော့ စပ်လိုက်ပုံများကလဲ မီးခဲနဲ့အပက်ခံရသလားမှတ်ရ၊ ထမင်းရုံကအထွက်မှာ လူတိုင်း လေကလေး တချွန်ချွန်နဲ့"

"အရိုးများတာလဲ ပြောပါဦးလေ၊ ငရုတ်သီးနဲ့ ဆားနဲ့ ရောပြီး ကြော်ထားသလား မေးယူရလိမ့်မယ်"

အဖော်များကလည်း စုံစေ့စေရန် စေတနာဖြင့် ဖြည့်စွက်ပေးလိုက်ကြလေ၏။



## စံတင်ရ

ကက်ဆက် မတွင်ကျယ်သေးမီက အသံချဲ့စက် ဒဏ်ခံရသူများမှာ အနည်းငယ်သက်သာခွင့်ရ၏၊ ဓါတ်ပြားဟိုဘက်သည်ဘက် လှည့်ပြောင်းချိန်တွင် နားနှိပ်စက်ခံနေရရာမှ နားချမ်းသာခွင့် ရကြ၏။ ကက်ဆက်နှင့် အသံချဲ့စက် တွဲဖက်လာချိန်မှာတော့ နားငရဲသည် ရှည်ကြာပြင်းထန်လာတော့၏။

ကက်ဆက်မသုံးမီက ပခန်းသား အသံချဲ့စက်ပိုင်ရှင်နှင့် အခြားရွာသား အသံချဲ့စက်ပိုင်ရှင်တို့ ပြိုင်ကြ၏။ သူ့စက်က ပိုပြီးအော်နိုင်သည်၊ ငါ့စက်က ပိုပြီးသူတစ်ပါးအား နှိပ်စပ်နိုင်သည် ပြိုင်ကြ၏။

"ဟေ့ . . . ငါ့စက်က ဓါတ်ပြားလည်ဖို့ မလိုဘူး၊ ဓါတ်ပြားနဲ့အပ်နဲ့ထိနေဖို့ မလိုဘူး၊ အရိပ်ပြလိုက်တာနဲ့ အသံထွက်လာတာကွ"

ပခန်းသားက ခေါင်းညိတ်လိုက်၏။

"အင်း . . . မင်းစက် မဆိုးပါဘူး၊ ငါ့ကျတော့ စက်ရောအပ်ရော ဓါတ်ပြားရော အားလုံးကောင်းမှ ကိုင်တယ်၊ ဓါတ်ပြားတွေကို ဓါတ်စက်နားယူသွားရင် ထ, ထအော်လွန်းလို့ သံဘူးနဲ့ အလုံပိတ်ထားရတယ်၊ တစ်လောက အိမ်ရှေ့မှာ စက်စမ်းရင်းနဲ့ ဓါတ်ပြားတစ်ချပ်ပဲ့သွားလို့ နွားချေးပုံပေါ် ပစ်ထားလိုက်မိတယ်၊ ဒါနဲ့ မနေ့ကတော့ ယာထဲသွားပြီး နွားချေးချတာ ဓါတ်ပြားကွဲကြီးပါလာတာပေါ့၊ ထွန်တုံးယက်တဲ့အခါ နွားနင်းမိလို့ အန္တရာယ်ရှိတယ်ဆိုပြီး ကောက်လွှင့်ပစ်လိုက်တာ "မြေပြင်ကို ပြောရမလား၊ ကောင်းကင်ကိုပဲ ပြောရမလားလေကွယ်" နဲ့ ထအော်

www.burmeseclassic.com

www.burmeseclassic.com



ပါလေရော၊ ငါလဲအလန့်တကြားနဲ့ လှည့်ကြည့်တော့ ကျားလျှာချုံပေါ် သွားတင်နေတာကိုးကွ၊ မင်းမယုံရင် ငါ့ဟာထဲကို ကြဲတဲ့အခါ သွားနားထောင်စမ်း၊ အခုထက်ထိ အဲဒီဓါတ်ပြား အော်နေတုန်း"။

## ဆန့်သောလက် မကွေးမီ

လက်ပံချိုပါသားတစ်ယောက် ပခန်းသို့ ရောက်လာသည်။ ဟိုအကြောင်း သည်အကြောင်း ပြောရာမှ ခြအကြောင်းသို့ ရောက်သွားကာ လက်ပံချိုပါသားက စတင်ညည်းလိုက်၏။

"တို့ဆီမှာ ခြနှိပ်စက်ပုံကတော့ လွန်ပါရောကွာ၊ တစ်နေ့က ရေချိုးမယ်ဆိုပြီး ပုဆိုးခေါက်ကလေးကို မြက်ခင်းစပ်ချထားမိတာ၊ ရေချိုးပြီးလို့ အဝတ်လဲမလို့ ကောက်ယူလိုက်တော့ ပုဆိုးမရှိတော့ဘူး၊ သေသေချာချာကြည့်မှ ပုဆိုးတစ်ထည်လုံး ခြစားထားတာကိုးကွ၊ ချုပ်ရိုးအကြောင်းကလေးမှာ ခြတွေနဲ့ တွေ့ရပါကလား"

"တို့ဆီမှာ ဆိုးသလား မှတ်တယ်၊ မင်းတို့ဘက်ကလဲ ဆိုးသကွ၊ တို့ဆီမျာတော့ကွာ၊ နွားတွေ၊ လူတွေ တစ်နေရာတည်းမှာ ကြာကြာရပ်မနေရဲဘူး၊ ရပ်နေရင် ခြက တက်လာပြီးကိုက်တော့ စားတော့တာပဲ၊ မနေ့ကပဲ အိမ်က ဆန်ကောတစ်ချပ် လေလွင့်သွားလို့ ချက်ချင်းပြေးလိုက်ပြီး ကောက်တာတောင် နှုတ်ခမ်းမှာ ချည်ထားတဲ့ သွပ်နန်းကြိုးပဲ ရလိုက်တော့တယ်၊ လူမရောက်ခင်မှာ ခြစားနှင့်ပြီးပြီ၊ လူအရောက် မြန်ပေလို့ မမြန်သွပ်နန်းကြိုးတောင် စားပစ်မလား မသိဘူး"။



## ဇာသီး ခြင်းသီး

တောင်သူတစ်စု လက်ဖက်ရည်ကြမ်းဝိုင်းတွင် မိုးအကြောင်း မျိုးအကြောင်း ပြောဆိုနေရာ ပိုးအကြောင်းသို့ ရောက်သွားသည်။

"အသီးအနှံတွေမှာ ကျလိုက်တဲ့ ပိုးဗျာ၊ ကိုယ့်လုပ်စာကိုယ်မစားရဘဲ သူတို့စားဖို့ စိုက်ပေးနေရတာ ကျနေပြီ"

တစ်ယောက်က စလိုက်ရာ နောက်တစ်ယောက်က . .

"ပိုးကတော့ အသီးအနှံတွေ စားရတာ အားမရလို့တဲ့။ ဟိုဘက် ဘုရားကြီးက မဟာရံတံတိုင်းကြီးကို စားထားလိုက်တာ၊ အုတ်တံတိုင်း စင်စစ်က ဇာတံတိုင်း ဖြစ်သွားပါရောလား"

အခြား တစ်ယောက်ကလည်း . . .

"ဟုတ်မယ်၊ ဟုတ်မယ်၊ အဲဒီတံတိုင်းထဲက ကျောက်ဆင်းတုကြီး၊ ပိုးစားလိုက်တာ မကိုင်နှိုင်တော့ပဲ ကျန်တော့သတဲ့"

"ပိုးကြမ်းပုံကတော့ လွန်ပါတယ်ဗျာ၊ အင်ဒရင်းကို ရေချိုး၊ မာလာသီယွန်ကို ကော်ဖီလုပ်သောက်ပြီး ကြီးလာကြသလား မသိပါဘူး၊ ခြသေ့်ကြီးမျက်လုံးထဲက ကျောက်မျက်စိတွေ ဝင်ပြီးစားပစ်လိုက်တာ ခြင်လုံးတွေ ဖြစ်ကုန်ပါရောလား"

သူထက် ငါကောင်း မရယ်မပြုံးဘဲ အလုအယက် ပြောနေကြရာ အခြားရွာသူရွာသားများသာ ကြားသွားလျှင် လန့်ဖျားကြောက်ဖျားဖျားပြီး ထွက်ပြေးလောက်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဇိဝှာရှုံ

စကားပြောကောင်းသော ပခန်းသားများ၊ စကားတတ်သော ပခန်းသားများအကြောင်းပြောလျှင် ကိုလှကြီးအကြောင်းကို ချန်လှပ်ထားခဲ့ရန် မသင့်ပေ။ သို့သော် ကိုလှကြီးသည် ရန်ကုန်တွင် အခြေချနေထိုင်ရင်း ကွယ်လွန်ခဲ့ရာ ဆယ်နှစ်ခန့် ကြာခဲ့ပေပြီ။

ကိုလှကြီးသည် ငယ်စဉ်က အလွန်တော၏။ မူးယစ်စေတတ်သောအရည်ကိုလည်း နှစ်သက်၏။ တစ်နေ့တွင် သူ၏ မိတ်ကြီးမိတ်ထွေးများက အရက်ဖြတ်ရန် ဝိုင်းဝန်းဖျောင်းဖျရင်း . . .

"လူကလေးရဲ့ မင့်တစ်ကိုယ်လုံးမှာ အရက်ဖြတ်နေတာကွယ့်၊ မင်းဟာ အလုပ်လဲ ကြိုးစားတယ်၊ ရိုးလဲရိုးတယ်။ သဘောလဲ ကောင်းတယ်ဆိုပြီး သမီးရှင်တွေက မျက်စိကျနေကြတာ၊ ဒါပေမယ့် အရက်ကြောင့် တွန့်နေကြတယ်"

ထိုအခါ ကိုလှကြီး အရက်မူးသံဖြင့် . . .

"သမီးရှင်တွေက ကျုပ်ကို သဘောကျတယ် ဟုတ်လား၊ ကျုပ်ကို သဘောကျလို့ သူတို့သမီးနဲ့ ပေးစားချင်တယ်ဆိုရင် အရက်ကန်ကြီးထဲ ခုန်ချလိုက်၊ အမဲခြောက်ပုံပေါ် တက်အိပ်လိုက်နဲ့ ထားနိုင်သလားလို့ မေးလိုက်ကြပေါ့ဗျာ" ဟု လျှာလေးအာလေး ပြောလိုက်လေသည်။



## ဈေးထဲက ဟိုဒင်း

ကိုလှကြီး၏ အစ်ကိုသည် ကိုယ်ထဲလက်ထဲက မကောင်း။ နေထိုင်မကောင်းသလို ရှိသဖြင့် ဆေးသောက်ရန် သီမများအား ကွမ်းရွက်ပြုတ်ရည်အိုး အတည်ခိုင်းသည်။ သီမသည် ကွမ်းရွက်ရှာရန် အိမ်ပေါ်မှ ဆင်းသွားရင်း မကြားတကြား ပြော၏။

"အစားက စုံနေတာ၊ ဖျားတာတောင် နည်းသေး"

"ကိုကြီး စားတာတော့ မပြောနဲ့ အစ်မရေ့၊ ဈေးနွားအတိုင်းပဲ"

"ဘာကွ၊ ဘာကွ"

ကိုလှကြီးစကားကို သူ့အစ်ကို ကြားသွားသည်။ နေမကောင်းသဖြင့် စိတ်တိုနေသော အစ်ကိုသည် တုတ်ဆွဲပြီး ထွက်လာသည်။

"ငါ့ကို နွားနဲ့နှိုင်းတယ် ဟုတ်လား"

အသက်ချင်း နှစ်ဆယ်ခန့်ကွာရာ၊ ကိုလှကြီး တုန်လှုပ်သွားကာ . . .

"နားထောင်ပါဦး အစ်ကိုကြီးရဲ့၊ ဈေးနွားဆိုတာ ဈေးသည်တွေ စွန့်ပစ်လို့ ပုံသကူဖြစ်နေတဲ့ပစ္စည်းတွေကို စားတာပါဗျ၊ အကိုကြီးလဲ ပုံသကူသဘောသက်ဝင်စင်ကြယ်တဲ့အစာတွေ စားတာလို့ ပြောတာပါဗျ"

"မင်းသတိထား"

သူ့အစ်ကို ကြုံးဝါးကာ အခန်းထဲပြန်ဝင်သွားမှ ကိုလှကြီးခမျာ သက်ပြင်းချနိုင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



## တိမ်းပေလို့ ယိမ်းပေလို့

ကိုလှကြီး၏ဘကြီးသည် ရပ်ရွာတွင် သာမှုနာမှုရှိတိုင်း အိမ်ဦးခန်းနှင့် သံယာစင်ပေါ် ထိုင်ကာ လောကုတ္တရာစကားများ ပြောလေ့ရှိသည်။ ပရမတ်၊ ပညတ်နှင့် ဝိပဿနာ သမထ အကြောင်း ပြောဆိုဆွေးနွေး၍ ငြီးငွေ့လောက်လျှင် သံဂြိုဟ်စကားဘက် ရောက်သွားကာ ပြောကြ၏။

သို့ဖြင့် အခြားရွာတစ်ရွာရှိ မိတ်ဆွေတစ်ယောက်၏ နာရေးသို့သွားရာ ထိုရွာသူတစ်ယောက်က ဆီးကြိုကာ အိမ်ဦးခန်း၌ နေရာပေး၏။ ကွမ်းဆေးလက်ဖက်များ ချ၏။

ဘကြီးသည် ထိုမိန်းမအကြောင်းကို သိ၏။ ထိုမိန်းမမှာ ထိုရွာတစ်ဝိုက်တွင် စာပေတတ်မြောက် နှံ့သိသည်။ သဒ္ဒါ စကား အလွန်နိုင်သည်။ သူပြောလျှင် ပါးစပ်ဟနေကြရသည်ဟု ကြားဖူးရ၏။ ထို့ကြောင့် သဒ္ဒါမနိုင်သော ဘကြီးသည် ပါးစပ် ဟမနေရရန်အတွက် သံဂြိုဟ်စကားပြောမှ ဖြစ်မည်ဟု စိတ်ကူး ကာ "သံဂြိုဟ် ကိုးပိုင်းမှာ" . . .

ဘကြီးက စလိုက်သည်နှင့် တစ်ပြိုင်နက် ထိုအမျိုးသမီး သည် သံဂြိုဟ်ကိုးပိုင်းကို ရေပက်မဝင်အောင် ပြောတော့ရာ ဘကြီး ပါးစပ်ဟနေရတော့၏။ မိတ်ဆွေ၏ အသုဘအပြန်တွင် ဘကြီး စဉ်းစားမိသည်မှာ . . .

"အကျိုးနည်းတော်တဲ့ မိန်းမပဲ၊ သဒ္ဒါကျွမ်းတယ်ဆိုလို့ သံဂြိုဟ်ကို စတော့လဲ သံဂြိုဟ်ကိုးပိုင်းကို မြင်းလုပ်ပြီးစီးလိုက် တာ ငါ့မှာ ကံကောင်းလို့ မြင်းနင်းမခံရတာပါကလား" ဟူ၍ ဖြစ်ပေသည်။



## ဓားမနောက်ပိတ်ခွေး

ကိုလှကြီးသည် ရေစကြိုအရောက်တွင် ဘထွေး ဘုန်းတော်ကြီး၏ကျောင်းသို့ ဝင်ရောက်ကန်တော့ရာ၊ သူတို့ ရွာသားငယ်ပေါင်းသူငယ်ချင်းတစ်ယောက်နှင့် ပက်ပင်းတိုးမိ လေ၏၊

ရပ်အကြောင်း ရွာအကြောင်းနှင့် မာကြောင်း သာကြောင်းများ ပြောဆိုကြပြီးနောက် "မင်း အခုဘာလုပ်နေ တာလဲ" ဟု ကိုလှကြီးက မေး၏။

ထိုအခါ ဘထွေးဘုန်းကြီးက ဖြတ်ပြီး . . .

"အမယ်၊ မင့်ကောင်က စီးပွားလမ်းဖြောင့်ရုံမဟုတ်ဘူး၊ အရပ်ထဲမှာလဲ သူမပါမပြီးတဲ့ ရပ်မိရပ်ဖဖြစ်နေတယ်ဟဲ့"

ထိုအခါ ကိုလှကြီးသည် သူ့ရင်ဘတ်ဖိကာ . . .

"ဖြစ်ရလေဘုရား၊ ဒီကောင်ဟာ ပခန်းမှာ ဘာမှ သုံးမရ လို့ မြစ်ရေတိုးသလား၊ လျော့သလားသွားအကြည့်ခိုင်းရာက မြစ်ထဲလိမ့်ကျပြီး မျောလာလို့ ဒီမှာလာပြီး သောင်တင်နေတာ ဘုရား"

သူငယ်ချင်းနှင့် ဘုန်းတော်ကြီးမှာ ကိုလှကြီး ဝသီကို သိပြီးဖြစ်၍ ရယ်မောနေကြလေ၏။

## ဓားသွေးမည်ကြံ

စကားတောင်သား၊ ချီပါသားနှင့် ပခန်းသားတို့ ကျောင်းသားဘဝက ဖြစ်၏။

ဆရာတော်ဘုန်းကြီးသည် ထိုသုံးယောက်၏ အာဇ

www.burmeseclassic.com

www.burmeseclassic.com



လျှာစကို သိပြီးဖြစ်သဖြင့် မုန့်ပဲသရေစာဝေငှသည့်အခါတိုင်း သူတို့၏စကားရည် စကားသွေးကို စမ်းသပ်မိလေ့ရှိ၏။ ထို့နေ့ကလည်း ငှက်ပျောသီးတစ်လုံးစီ ဝေရင်းပိုသောငှက်ပျောသီး တစ်လုံးကို ချထားရင်း ချီပါသားအား စတင်မေး၏။

"ဓားသွေးကျောက်ကောင်းကောင်း တွေ့ဖူးလားတဲ့"

"တွေ့ဖူးပါတယ်ဘုရား၊ တပည့်တော်တို့ ဘိုးဘွားထက်ကစပြီး သုံးခဲ့တဲ့ဓားသွေးကျောက်ဟာ ကြာကြာသွေးလို့မရဘူး ဘုရား၊ တစ်ချက်သွေးရင် ချေးပြောင်တယ်၊ နှစ်ချက်သွေးတော့ သင်တုန်းဓားဖြစ်သွားရော၊ အဲဒီမှာ မရပ်ဘဲ ဆက်သွေးရင်တော့ အနှောင့်ပဲ ကျန်တော့တယ်ဘုရား"

"ကောင်းပါပေ့ကွယ်" ဟု ဆရာတော်က အမိန့်ရှိလျှင် တပည့်တော်တို့အိမ်က ဓားသွေးကျောက်ကမှ . . ."

"အင်း. . . ပြောစမ်းဟဲ့"

"သွေးဖို့မလိုဘူး ဘုရား၊ သွေးချင်တဲ့ဓားကို ဓားသွေးကျောက်ပေါ် တင်လိုက်ရင် သွေးပြီးသားဖြစ်သွားတာပဲဘုရား"

"မင်းဓားသွေးကျောက်ကလဲ ကျောက်ကောင်းပဲ၊ ဟဲ့. . . ဟိုကောင်ပခန်းသားကော ဓားသွေးကျောက်ကောင်း တွေ့ဖူးလား"

ပခန်းသားသည် လက်အုပ်ချီလိုက်ကာ . . .

"မှန်လှပါဘုရား၊ တွေ့ဖူးရုံမဟုတ်ဘဲ ရှိကိုရှိတာပါ ဘုရား၊ သို့သော်လည်း လူခြေတိတ်ရင် ဓားတွေ၊ တူရွင်းတွေ၊ ပုဆိန်တွေရှိတဲ့နေရာကို သွားသွားပြီး တရှဲရှဲသွေးလွန်းလို့ သော့ခတ်ပြီး သိမ်းထားရပါတယ်ဘုရား၊ အိမ်မှာ ရေချိုးအဝတ်



လျှော်ဖို့ခင်းထားတဲ့ ကျောက်ပျားပြီးကိုပဲ ဓားသွေးကျောက်လုပ်နေရပါတယ်ဘုရား၊ အဲဒီကျောက်ပြားတောင် ဓားကို တစ်သံအကွာကပဲ ပြရပါတယ်ဘုရား၊ အဲဒီထက် နီးနီးပြရင် အရိုးပဲကျန်ပါတော့တယ် ဘုရား"

ဆရာတော်ဘုရားလည်း ပြုံးရယ်တော်မူ၍ ပိုသောငှက်ပျောသီးကို ပခန်းသားကို ပေးလိုက်လေ၏။

## နေရာရှားရော့ထင်

ပခန်းသားတစ်ယောက်သည် ညောင်ဦးမှ ရေနံချောင်းဘတ်စ်ကားစီးပြီး လိုက်ပါလာရာ ထိုင်ခုံတွင် ငုတ်တုတ်အိပ်ပျော်နေသော ခရီးသည်တစ်ယောက်ကို မြင်လျှင် မျက်လုံးပြူးသွား၏။

ထိုခရီးသည် လည်စီးကိုစည်းထားရာ လည်စည်းသည် နောက်မိုးပေါ်သို့ လွင့်တင်နေ၏။ အိပ်နေသည်ကလည်း ခေါင်းကြီးစောင်းနေသည့်အတွက် ပခန်းသားက . .

"ငါ့လူနှယ်ကွယ်၊ သေစရာနေရာ ဒါလောက်ရှားလို့ ကားပေါ် လာပြီး ကြိုးဆွဲချသေရသလားကွယ်လို့" ဟု မျက်လုံးပြူးကာ အော်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြောမယုံ ကြုံမှသိ

"အမဲလိုက်ခွေး ဘယ်လောက်ကောင်းတာများ နင်တို့ ကြားဖူးတွေ့ဖူးကြသလဲဟေ့"

ဆရာတော်ဘုရားက ထိုသို့စကားစလိုက်လျှင် ချီပါသား စကားတောင်စားနှင့် ပခန်းသားတို့၏ အာဝဇ္ဇန်းကို ကြားရတော့ မည်မို့ ကျောင်းသားများ ဝမ်းသာနေကြ၏။ မည်သူအလျင်စပြော မည်နည်းဟူ၍လည်း လှမ်းကြည့်နေကြ၏။

စကားတောင်စားက ဦးစွာတုံ့ပြန်ပုံမှာ . . .

"တွေ့ဖူးပါတယ်ဘုရား၊ တပည့်တော် မွေးထားတဲ့ခွေးပါ ဘုရား၊ တစ်နေ့တော့ တောလည်ဖို့ ခွေးခေါ်ပြီး ထွက်သွားလိုက် တာ တောထဲလဲ ရောက်သွားရော ချုံထဲပြေးဝင်သွားပါတယ် ဘုရား၊ ထွက်လာတော့ ပါးစပ်ထဲမှာ ယုန်တစ်ကောင်ဘုရား၊ ယုန်ချပေးပြီး ပုတက်တွင်းကို ပြေးပြီး ယက်တယ်ဘုရား၊ ပုတက် မိသားစုငါးကောင်။ ပုတက်တွေကြိုးနဲ့သီနေတုန်းမှာ ချုံစပ်က အသိုက်မှာ ငါဝပ်နေတဲ့ငှက်ကို ပြေးပြီချီလိုက်တာ အမြန်မှာ ထမ်းလို့ မနိုင်ဘူး ဘုရား"။

"တပည့်တော်ရဲ့ခွေးက သူ့ခွေးထက်ကောင်းတယ် ဘုရား"

ချီပါသား၏အလှည့်ဖြစ်သည်။ သူက ဆင်ြလက်၍ . .

"တပည့်တော်တို့ရဲ့ခွေးက ဓားလှံမလိုပါဘူး ဘုရား၊ လေးတွေ၊ ညွှတ်တွေ၊ ပြောင်းဝါးတွေလဲ မလိုပါဘူးဘုရား၊ သူ့ကို ခေါ်သွားပြီး တောစပ်မှာ လေချွန်လိုက်ရုံပဲဘုရား၊ လေတစ်ခါ



ချွန်ရင် ပုတက်တစ်ကောင်၊ နှစ်ခါချွန် ယုန်တစ်ကော[illegible]ချီလာတာ ပဲ၊ ယုန်တို့ ပုတက်တို့ စားရဖန်များလို့ ငြီးငွေ့လာရင် လက်ခေါက် မှုတ်လိုက်၊ ဂျီ (ချေ) ကို ဖမ်းလာတာပဲ၊ ပုရွတ်ဆိတ်ကိုက်လို့ ဆူးစူးလို့ စိတ်မသပ်ရဲဘူး၊ အမှတ်တမဲ့ စိတ်သပ်မိရင် ဖားတွေ ရှဉ့်တွေ ချီလာပါတယ်ဘုရား"။

"တယ်ကောင်းတဲ့ ခွေးပါကလား" ဆိုကာ ဆရာတော် ဘုရားသည် ကျေနပ်စွာ ပြုံးတော်မူပြီးလျှင် "ဟဲ . . . နင် ဘာပြောနိုင်သေးလဲ" ဟု ပခန်းသားအား လက်ညှိုးထိုးကာ မေး၏။

ပခန်းသားက . . .

"သူ့ခွေးက တပည့်တော်တို့အိမ်မှာ အကျင့်မကောင်းလို့ နှင်ထုတ်လိုက်တဲ့ခွေးပါဘုရား၊ တပည့်တော်တို့အိမ်မှာ အခုရှိနေ တဲ့ခွေးကမှ တကယ်ကောင်းတဲ့ခွေးပါ၊ တစ်နေ့က ခွေးခေါ်ပြီး တောထဲသွားပါတယ်ဘုရား၊ ယုန်လိုက်ရကောင်းမလား၊ ပုတက် လိုက်ရကောင်းမလား၊ စဉ်းစားနေတုန်းမှာ ဝုတ်ခနဲဟောင်ပြီး ချုံထဲဝင်ပြေးပါတယ်ဘုရား၊ အတော်ကြာလို့ ချုံထဲက ပြန်ထွက် မလာတာနဲ့ တပည့်တော်လိုက်သွားဟော့ ချုံထဲမှ ယုန်နှစ်ကောင် ကို ခြေထောက်ကဖမ်းပြီး ခဲထားပါတယ်ဘုရား၊ ပါးစပ်က ယုန်တွေကို ဖြုတ်ယူတော့လဲ ခြေထောက်တွေကားပြီး ဝပ်နေမြဲ ဝပ်နေလို့ ငုံ့ကြည့်လိုက်တော့ ခြေထောက်လေးချောင်းအောက် မှာ လိပ်ဥလေးလုံးဘုရား၊ အမြီးကလဲ အနားက တောင်ပို့မှာရှိတဲ့ ပွတ်တွင်းကို ဆို့ထားသေး၊ ခေါင်းမော့နေတာတွေ့ရပြန်တာနဲ့ တပည့်တော်မော့ကြည့်တဲ့အခါ ပျားအုံကြီးပါဘုရား၊ အကြီးကြီး ပဲ"

www.burmeseclassic.com



ကျောင်းသားများ ရယ်မောကြသည်။

“နှင့်ဥစ္စာ မလွန်ဘူးလားဟဲ့”

ဆရာတော်ဘုရား အမိန့်ရှိရာ . . .

“တုတ်ကိုလဲတူး၊ ပျားအုံလဲ သစ်ကိုင်းချိုးယူပြီးပေမယ့် ခွေးက ဝပ်နေမြဲဝပ်နေလို့ ဗိုက်အောက်ကို ဖယ်ကြည့်လိုက်တယ်၊ ငွေအိုးတစ်လုံးဘုရား၊ အဲဒီငွေနဲ့ ရှေ့လထဲမှာ တပည့်တော်တို့ ညီအစ်ကိုတစ်တွေ သင်္ကန်းဆီးတော့မှာပါဘုရား”။

တစ်ကျောင်းလုံးမှာ ရယ်မောသံများ ညံသွားလေ၏။

## ဘဝပြောင်းသွားပုံ

ပခန်းသားတစ်ယောက်သည် သံဖိုရွာဘက်မှ ဓားတစ်ချောင်း ဝယ်လာသည်။ ကိုလှကြီးက ထိုဓားကို မကြိုက်ပေ။

“သံဖိုရွာကလူတွေ ဓားမလုပ်တတ်ပါဘူးကွာ၊ မင်းဓားလဲ သုံးလို့ရမှာ မဟုတ်ပါဘူး၊ ရေကိုလှီးတာတောင် အံကြိတ်ပြီး လှီးရမှာပါ” ဟု ဆိုသည်။

ထိုအခါ ဓားဝယ်လာခဲ့သူက . . .

“ခင်ဗျားက သံဖိုရွာကပန်းပဲတွေ ဘယ်တော်ဓော်တယ်ဆိုတာ ခင်ဗျားမသိသေးလို့ ဒီလိုပြောတာပဲဗျ၊ သံဖိုရွာထဲကို တစ်ခြားရွာကလူတွေဝင်လာရင် သံဆိုလို့ ဘာမျှ ကိုင်မသွားရဲဘူး၊ တစ်လောက လယ်ထွန်စက်တစ်စီး သံဖိုရွာထဲဝင်လာတာ၊ အဝင်တုန်းကတော့ ထွန်စက်နောက်မှာ ထွန်သွားဘီး



အဝိုင်းကြီးတွေနဲ့ပေါ့ကွာ၊ ရွာထဲကလဲ ပြန်ထွက်လာရော ထွန်စက်ဘီးဝိုင်းတွေ တစ်ခုမှ ပါမလာတော့ဘဲ ဓားတွေဖြစ်ပြီး ထောင်လိုက်ပါလာတယ်၊ ဓားတွေအတန်းလိုက် ထောင်ပြီး ပါလာသတဲ့”။

သူ့ထက် အာစလျှာစကောင်းသူကို ကိုလှကြီး မချေပနိုင်ဘဲ တဟားဟားရယ်မောနေရလေ၏။

## မကျေဘူးကွာ

ဝတ်ဇရပ်တွင် လူကြီးပိုင်းသာ လာရောက်ဝတ်ရွတ်လေ့ရှိသော်လည်း သင်္ကြန်တွင်းနှင့် သီတင်းကျွတ်ပွဲတော်အခါများတွင်မူ တစ်ရွာလုံးလိုလို ရောက်ရှိလာကာ ဆွမ်း၊ ပန်း၊ ဆီမီးများ လှူဒါန်းပူဇော်ကြသည်။ ဝတ်ဇရပ်တစ်ခုလုံးမှာလည်း အကမ်းအလှမ်း အကျွေးအမွေးများနှင့် စည်ကားနေလေသည်။

ထိုအခါ ကိုလှကြီး၏ဘကြီးအမှူးပြုသော လူကြီးများသည် အလှူရှင်များသဒ္ဓါပေါက်စေရန် ရေစက်ချအမျှပေးဝေကြသည်။ ပရိတ်ရွတ်၊ မေတ္တာပို့အပြီး၌ ဘကြီးက ရေစက်ခွက်ကိုင်ပြီး ရေစက်ချရာ တော်တော်နှင့်မပြီးပေ။

အဘယ်မှာ ပြီးပါမည်နည်း။ ရေစက်ချမှာ “လည်” နေသည် မဟုတ်ဘူးလား၊ ဘကြီးမှာ “ချွေးသီးချွေးပေါက်” ပြန်လာ၏။ ရေစက်ချကလား မှန်မလာချေ။ သို့ဖြင့် သုံးလေးကြိမ်လည်အပြီး၌ ဖြတ်ချလိုက်ရ၏။ သို့ရာတွင် ရေစက်ချ “လည်” နေသည်ကို အဖော်လူကြီးတစ်ယောက်နှစ်ယောက်မှတပါး အခြားသူများ

www.burmeseclassic.com

www.burmeseclassic.com



မသိပေ။

မည်သို့ဖြစ်စေကာမူ ဘကြီး မကျေနပ်ပေ။ စိတ်ထဲ တနုံ့နုံ့ဖြင့် ဝတ်ဇရပ်မှ ဆင်းလာရာ လည်နေသောအပိုဒ်မှန်ကို ဝတ်ဇရပ်အောက်သို့ ခြေချမိမှ ခေါင်းထဲ၌ ဒိုင်းခနဲ ပေါ်လာ၏။ ထိုအပိုဒ်မှာ "သပြာမနေ ပေါ်ပြည့်ဝသည့် ဇောတိကကဲ့သို့ လည်းကောင်း" ဖြစ်ရာ ဘကြီးလည်း ဒေါသဖြင့် "တောက်" ခေါက်ပြီး . . .

"ပေါ်ပြည့်ဝတဲ့ ဇောတိကရော၊ ခုမှ ပေါ်လာသလားဟ၊ ငါဇရပ်ပေါ် ပြန်တက်ပြီး ထပ်ချပြန် မကောင်းဘဲ ရှိရော့မယ်" ဟု အော်လိုက်မိလေ၏။

## ရင်ချောင်သောနည်း

ကိုလှကြီး စကားကောင်းနေသော အိမ်ရှေ့သို့ အပျိုအရွယ်မိန်းကလေးတစ်စု ဆူဆူညံညံနှင့် ရောက်လာကြသည်။ သူတို့လက်ထဲတွင် တံချူတွေလည်းပါ၏။ သဘော်မန်းကျည်းသီးတွေလည်း တိုးလိုးတန်းလန်း ပါလာ၏။

ကိုလှကြီးက စကားဝိုင်းမှ လှမ်းကြည့်ပြီး . . .

"ကောင်မလေးတွေက ကောင်းကောင်းလဲ မမှည့်သေးဘဲနဲ့ ဘာလုပ်ဖို့ခူးလာကြတာလဲ၊ အဲဒါသာ စားရင်တော့ ရင်ကျပ်လိုက်မယ့်ဖြစ်ခြင်း၊ အလောင်းကောင် ကျပ်စည်းထားသလား အောက်မေ့ရလိမ့်မယ်ဟေ့"

"ရင်ကျပ်မှာ စိုးရိမ်ရင် မကျပ်အောင် ရင်ပတ်ပေါ်က



အကျီကြယ်သီး ဖြုတ်စားမှာပေါ့တော့"

ဆံတောက်ဖားဖားနှင့် မြီးကောင်ပေါက်ကလေးက ရန်တွေ့သံနှင့် ပြောလိုက်ရာ၊ ကိုလှကြီးက အောက်ပါအတိုင်း ပြန် လည်ချေပလိုက်လေ၏။

"ဒီလိုဆိုရင် အခုစား အခုစား၊ အိမ်ရောက်အောင် စောင့်မနေနဲ့၊ ဒီနားမှာတင် တစ်ထိုင်တည်းနဲ့ ကုန်အောင် စားပစ်မှာ"။

## ရှေ့ပြေးတာဝန်

ကိုလှကြီး၏ဘကြီးသည် ရတနာသုံးပါးကို မပြတ်ဆည်းကပ်၍ ဝတ်ဇရပ်၌ ဝတ်ရွတ်သောအဖွဲ့ကိုလည်း မပျက်ပြားအောင် စုစည်းသည်။ ရပ်ရေးရွာရေးတွင်လည်း ဦးဆောင်ဦးရွက်ပြုသည်။ သူ့ညီမှာကား အသက်ကြီးသည့်တိုင်အောင် သောက်သောက်စားစား လူမင်းသားဖြစ်သည်။ လောင်းကစားဖြစ်သော ကြက်, ဖဲလည်း ဝါသနာကြီး၏။ မိန်းမလည်း လိုက်စား၏။ အသောက်အစားလည်း မလွတ်။

သူ့အား သူ့အစ်ကို အသက်အရွယ်ကို ပြန်ကြည့်သင့်ကြောင်း၊ ရတနာသုံးပါးကို ဆည်းကပ်သင့်ကြောင်း၊ သို့မဟုတ်လျှင် ငရဲတံခါးပွင့်နေကြောင်း ဆုံးမသတိပေးရာ . . .

"ညီလေးအတွက် ဘာမှစိုးရိမ်မနေနဲ့ အစ်ကို၊ ညီလေးတစ်ယောက်ပဲ ငရဲကို အရင်သွားနှင့်ပြီး ငရဲပြည်က ဆီပူအိုးတွေ ရေနွေးအိုးတွေ တစ်လုံးမကျန်ရိုက်ခွဲဖစ်မယ်၊ အစ်ကိုတို့လဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာရော အစ်ကိုတို့ကို ထည့်စရာအိုး မရှိတော့ လွှင့်ပစ်လိုက်ရရော” ဟု သူ့ဝါသနာအတိုင်း အရွတ်အနောက်စကားသုံးပြီး ဆင်ခြေပေးလိုက်ရာ ကိုလှကြီး၏ဘကြီးမှာ လက်လျှော့လိုက်ရလေ၏။

## ရှေ့ဖုံးနောက်ပေါ်

ပခန်းမြို့ပေါ်သို့ အရာရှိတစ်ယောက်ရောက်လာစဉ် ရယ်မောစရာများကို တွင်တွင်ပြောပြီး ရွာက ညည့်ခံသမျှကို အားမနာတမ်း ပလုပ်ပလောင်းစားသွားသည်။ တစ်နေ့တွင် ကိုလှကြီးသည် ရွာအတွက်လိုအပ်သော ကိစ္စတစ်ခုအတွက် မြို့ပေါ်တက်သွားပြီး ထိုအရာရှိထံ အကူအညီတောင်းရာ အဆင်မပြေခဲ့။

ရွာသို့ ပြန်ရောက်လျှင်ရောက်ချင်း တာဝန်ပေးလိုက်သူများက အခြေအနေကို လာရောက်မေးမြန်းကြရာ၊ ကိုလှကြီးက “အလကားဟ” ဟု စကားစလိုက်ပြီး . . .

“ရွာကို လာတုန်းကတော့ ပြောသွားလိုက်တာတွေ အဖေ့ထက်တောင် အားကိုးချင်စရာကောင်းသေး၊ တကယ်လဲ သူ့ရှေ့ရောက်သွားရော မအားသေးတာနဲ့၊ ဟိုဟာက အတ္တဖြစ်ရတာနဲ့ အလကားဟ၊ သူများရွာကို လာတုန်းက သူများတွေ ကျွေးတဲ့ ပြောင်းဖူးပြုတ်ကို စားတုန်းကတော့ စားနေရှာလိုက်တာလေ၊ ဘာဂျာမှုတ်နေသလား မှတ်ရ၊ ပါးစပ်တောင် မသုတ်အားဘူး၊ ဟင်း. . .”။



## ရှင်းရှင်းကလေးပါ

ကိုလှကြီးသည် ရေစကြို-ပခန်းကြီး ပြေးဆွဲသောကားကို နောက်မြီးမှခိုပြီး စီးနင်းလိုက်ပါလာ၏။ လမ်းမဆိုးလှသော်လည်း ကားမှာဆိုးလွန်းသည်။ မကြာခဏရပ်ပြီး ရေထည့်သည်။ သို့ကြောင့် ကိုလှကြီးသည် ယာဉ်စီးနင်းခ မပေးဘဲ ကတ်နေ၏။

“ဦးလေး မော်တော်ယာဉ်ခကလေး”

“လက်နှစ်ဘက်ပဲ ပါတယ်ကွ၊ အဲဒီ လက်နှစ်ဘက်နဲ့ ကိုင်ထားရတာ မင်းမြင်တယ် မဟုတ်လား”

ကားမောင်းနေစဉ် ထိုသို့ဖြေ၍ ရပ်ထားစဉ်တွင်မူ . . .

“ဟာ . . . ငါဘယ်မှ ထွက်မပြေးပါဘူး”

သို့ဖြင့် ဂိတ်ဆုံးဖြစ်သော ပခန်းကြီးရောက်လျှင် ကိုလှကြီးသည် ကားခမပေးဘဲ တိတ်တဆိတ်ထွက်လာ၏။ စပယ်ယာသူငယ်ကလည်း မျက်စိလျင်လှသည်။ ပြေးလိုက်လာသည်။

“ဦးလေး မော်တော်ယာဉ်ခကလေး”

“မပါဘူးကွ”

ဒါအလှူပေးတာမဟုတ်ဘူးဗျ၊ စီးပွားရှာတာ၊ လက်ထဲမှာ ပိုက်ဆံမပါရင် အသိအိမ်တစ်အိမ်က ချေးငှားပေးပေါ့”

“ချေးငှားစရာအသိအိမ်မှာ ပိုက်ဆံရှိရင် လေကုန်ခံပြီး စကားပြောနေမလားကွ၊ ဟော့. . . လာလိုက်ခဲ့၊ ဟော့. . . ပေးစမ်း၊ ရော့ဆို ပေးလိုက်ပြီဟော့”

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံမပါဘဲနဲ့များ ကားစီးရတယ်လို့ဗျာ"

"ဒီခရီးနဲ့ဒီခရီး အဝေးကြီးကို ကားမစီးလို့ ခြေကျင်လျှောက်ရမလားကွ၊ ကြည့်ပြောပါ"။

## ရွံ့စဉ်ပုံ ဝိဇ္ဇာ

ကိုလှကြီးနှင့် အဖော်ပခန်းသားများသည် ကားစီးရန် စောင့်ဆိုင်းနေကြသည်။ အခြားရွာများမှ လူများလည်း ကားစောင့်ရန် ရောက်လာကြရာ အလွန်အရုပ်ဆိုးသော မိန်းမတစ်ယောက်လည်း ပါဝင်လေသည်။

"အန်ချင်စရာ ငါ့ပုံက ဆိုးရော့လားဆိုတဲ့သီချင်းဟာ ဒီမိန်းမအတွက်များလားကွာ" ဟု ပခန်းသားတစ်ယောက်က မျက်နှာလွှဲကာ ညည်းညူလိုက်ရာ . . .

"ပုံဆိုးတာ မဟုတ်ဘူးကွ၊ အရုပ်ဆိုးတာ၊ ကျောက်ပေါက်မ မျက်နှာရွံ့စဉ်ထားတဲ့ရုပ် ခေါ်တယ်ကွ"

ကိုလှကြီးက မတိုးမကျယ် လှမ်းပြောလိုက်ရာ ကြိတ်ပြီးရယ်ကြလေ၏။

## ဝါပလေ အရုပ်သား

ကိုလှကြီးသည် ခားတစ်ချောင်းဆွဲကာ ရွာပြင်သို့ ထွက်လာ၏။ သူ့နောက်မှ အိမ်ခွေးလည်း လိုက်ပါလာသည်။ သူသည် တိုင်တစ်လုံးလိုချင်သောကြောင့် ဤအရွယ်မျှလောက်ကား ရနိုင်သည်ထင်ပြီး အမှတ်မဲ့ထွက်လာခြင်း ဖြစ်၏။



ရွာပြင်သို့ရောက်လျှင် အထင်နှင့်အမြင်မှာ လွဲနေသည်။ သူလိုချင်သော အရွယ်မျှရှိသည့်တိုင် ရရန်မလွယ်ပေ။ ရှေ့သို့ တိုးရင်းတိုးရင်းနှင့် အနောက်တောယာစပ်သို့ ရောက်လာ၏။

"ဟော့ . . . လူကြီး၊ ဘာလာလုပ်တာလဲ၊ တောလိုက်မလို့ ဟုတ်လား။ မင်းခွေးလဲ မင်းပြန်ကြည့်ပါဦးတွာ၊ လေတိုက်ရင် လဲမယ့်ပုံနဲ့"

အသိတစ်ယောက်က ဆီးပြီး ကျီစယ်သည်။ ကိုလှကြီးကလည်း မခံချင့်စိတ်ဝင်လာသဖြင့် . . .

"အောင်မယ်၊ ကျုပ်ခွေးကို အထင်မသေးနဲ့၊ အသတ်ိရှိနဲ့ကေသရာဇာခြသေ့်နဲ့ စပ်ထားတာ"

"ပုတက်ဝေးလို့ ကင်းလိပ်ချောတောင် ရဖို့မလွယ်ဘူး"

"ပုတက်-ဘာလုပ်ဖို့လဲ၊ အလှူတစ်ပွဲအတွက် ယုန်တစ်လှည်းတိုက် အာမခံခဲ့ပြီးပြီဗျို့"

"မင်းခွေးက ယုန်ကိုကိုက်မလား၊ တို့တောက ယုန်တွေ အမြီးနဲ့ဝိုင်းပုတ်လို့ မင်းခွေးပြေးမလား ကြည့်ရမှာပေါ့"

"ခင်ဗျားက မသိဘဲနဲ့ ရမ်းမပြောနဲ့၊ ကျုပ်ခွေးက မျိုးကောင်း၊ ရွာနားကတောတွေမှာ ဒီခွေးကိုကြောက်လို့ တောကောင်တွေပြေးကုန်ပြီ၊ ဒါကြောင့် ဒီဘက်ထွက်လာတာ၊ သူ့မှာ လက္ခဏာဖတ် ပညာရှိသလို တောကောင်တွေမှာလဲ 'ခြေခဏာ' ဖတ်တဲ့ ပညာရှိတယ်၊ ကျုပ်ခွေးရဲ့ခြေခဏာကို ဖတ်မိတဲ့ တောကောင်းတိုင်းဟာ ဒီခွေးနဲ့ဝေးရာကိုပြေးနှင့်မှပဲ၊ မပြေးရင် ဒုက္ခရောက်မယ်ဆိုတာသိလို့ ပြောင်းပြေးကုန်ကြပြီ၊ ခြေခဏာဖတ်တဲ့ယုန်လဲ ခြေခဏာဖတ်ခနဲ့ တိုက်တောင်တည်နေပြီဆိုပဲ"။

www.burmeseclassic.com

www.burmeseclassic.com



## ဟစ်တစ်လုံး တို့ဘိုးအေ

သံဖိုရွာတွင် လက်ထပ်မင်္ဂလာပွဲတစ်ခုမှ အသံချဲ့စက်ဖွင့်ထားသည်။ အသံချဲ့စက်မှာ စက်မကောင်းသောကြောင့် အသံမမှန်ပေ။ လမ်းဘေးဇရပ်တွင် ရောက်နေသော ရွာသားများက ဤအခြင်းအရာကို သတိထားမိသည်။ သို့အတွက်. . .

"ရွာကစက် ခရီးလွန်နေလို့သာ သူများရွာက စက်ကိုငှားရ၊ အသုံးကို မကျဘူး၊ ရွာက ကျော်သောင်းလေးစက်သာဆိုရင် နားကွဲထွက်သွားမယ်"

ထိုအခါ လူစုထဲတွင် ရောက်နေသော ကိုလှကြီးက မေး၏။

"မင်းတို့စက်က ဘယ်လောက်တောင် ကျယ်လို့လဲ"

"ကျယ်တာတော့ မပြောနဲ့ဗျို့၊ ရေစကြိုနေ ဖွင့်တာလေမသင့်ဘဲနဲ့တောင် မန္တလေးက ကြားရသဗျ"

"မင်းတို့စက်ဟာ အတော်ညံ့သေးတာပဲ၊ တို့ရွာကစက်တွေဆိုရင် ပခန်းကနေဖွင့်တာ အဝီစိကနားထိုင်းတဲ့ ငရဲသားတွေ တစ်ညလုံးတစ်နေ့လုံး မအိပ်ရလို့ တော်ပါတော့ တောင်းပန်ယူရတယ်"။

## ဟုတ်ပလေ

ကိုလှကြီး သံဖိုရွာတွင် ရောက်နေစဉ်ဖြစ်၏။

တစ်နေ့တွင် ရွာအနီး "ယာခင်း" ထဲ၌ ထင်းလှည်း



တစ်စီးနစ်နေ၏။ လှည်းသမားသည် နွားကို ရိုက်နှက်ပြီး အရုန်းခိုင်းသော်လည်း လှည်းမှာ မလိမ့်ပေ။ ရွာသားအချို့လည်း သွားရင်းလာရင်း ရပ်ကြည့်နေရာက နှာခေါင်းရှုံ့ကြသည်။

"ဒီဗွက်မှ မရုန်းနိုင်ရင် နွားလုပ်မနေနဲ့ကွာ"

"နွားနှယ် ညံ့ရန်ကောကွာ၊ လျှော်တွဲပစ်ဖို့သာ ကောင်းတော့တယ်ကွာ"

လှည်းဘီးကို ကူပြီးတွန်းပေးလိုက်လျှင် ဖြစ်ပါလျက် လက်ပိုက်ကြည့်ကာ လျှောက်ပြောနေသံများကို ကိုလှကြီး နားကြားပြင်းကပ်လာ၏။ သို့သော် နားထောင်နေ၏။

"အလကား နွားပါကွာ၊ ဗွက်လောက်များ လူတောင် ရုန်းနိုင်သေးတယ်ဟေ့"

ထိုအခါ ကိုလှကြီး မနေနိုင်တော့ပါ၊ လှည်းသမားအား

"ခင်ဗျား အတော်ညံ့တဲ့လူပဲ၊ နောက်ကို မှတ်ထား၊ ယာထွန်ဖို့ လှည်းတပ်ဖို့ကို နွားမဝယ်နဲ့၊ သံဖိုရွာသားကို ဝယ်ရတယ်ဗျ၊ မှတ်ထား"

ထိုအခါ ဘေးထိုင်ဘုပြောအလုပ်ကိုရပ်ပြီး လှည်းဝိုင်းတွန်းပေးလိုက်ကြလေ၏။

## အဝါပြိုင်ပွဲ

ဆရာတော်ဘုရားသည် ကျောင်းသားများကို ဆန်းလျက်ဝေငှပေးရာ တစ်ယောက်နှစ်လုံးစီ ရကြ၏။ နောက်ဆုံးကျန်ရှိသော ပခန်းသား၊ ချီပါသားနှင့် စကားတောင်

www.burmeseclassic.com

www.burmeseclassic.com



စားတို့အား ဝေငှ မပေးသေးဘဲ သုံးလုံးစီပါသော အပုံသုံးပုံကို ချထားပြီးလျှင် . . .

"ခွေးကောင်း ဘယ်လောက်ကောင်းကောင်း တွေ့ဖူးလဲတဲ့" ဟု မေးတော်မူသည်။ ကျောင်းသားတစ်ယောက်က "ခွေးကောင်းအကြောင်း သူတို့ပြောဖူးပြီဘုရာ့" ဟု လျှောက်ရာ . . .

"လျှောက်ဖူးတဲ့ခွေးနဲ့မတူအောင် ဘယ်သူစွမ်းသလဲ ဆိုတာ သိချင်လို့ဟဲ့"

ထိုစဉ်တွင် စကားတောင်စားက စတင်ပြီး . . .

"တပည့်တော်တို့အိမ်က သေသွားတဲ့ ခွေးနက်ကြီးဟာ အင်မတန်ပါးနပ်လျင်မြန်တဲ့ ကျီးကန်းတို့၊ ဆက်ရက်တို့ကို အရှင်လတ်လတ်ရအောင် ဖမ်းနိုင်ပါတယ်ဘုရား၊ သတ္တဝါတွေကိုလဲ သူစားမပစ်ဘဲ သခင်ကို ပေးပါတယ်ဘုရား"

"အင်း ကောင်းပါ့ ကောင်းပါ့"

ထိုအခါ ချိုပါသားက . . .

"တပည့်တော်ရဲ့ခွေးကတော့ ခွေးမကြီးဘုရာ့၊ တစ်ခါ ကိုယ်လေးလက်ဝန်ကြီးနဲ့ တောထဲလိုက်လာတယ် ဘုရာ့၊ တောထဲရောက်ပြီး မကြာခင်မှာ ယုန်တစ်အုပ်ကို မြင်လို့ တစ်ဟုန်ထိုးပြေးအလိုက်မှာ သစ်ငုတ်နဲ့ဆောင့်မိပြီး ဗိုက်ကွဲသေပါလေရော၊ ဒါပေမယ့် ယုန်တွေမလွတ်ဘူးဘုရား၊ ခွေးမကြီး ဗိုက်ထဲက ခွေးကလေးတွေ ပြေးထွက်လာပြီး ယုန်အုပ်နောက် လိုက်လိုက်တာ ဘာကြာလဲ ဘုရာ့၊ ယုန်မိသားစုတစ်စုလုံး ပါးစပ်ထဲ ပါလာတော့တာပဲ ဘုရား"



"ကောင်းသကိုးဟဲ့"

နောက်ဆုံး တင်လျှောက်ရမည့်သူမှာ ပခန်းသားဖြစ်၏။

"တပည့်တော်တို့အိမ်က ခွေးထီးတွေ ခွေးမတွေ ကောင်းပုံကတော့ ယုံနိုင်စရာမရှိပါဘူးဘုရာ့၊ အဲဒီခွေးတွေထဲက နို့စို့ခွေးကလေး မီးဖိုထဲကျလို့ သေသွားတာနဲ့ ရှာပြင်သွားပစ်မယ်ဆိုပြီး ဆွဲလာတုန်း အမေခေါ်တာနဲ့ ခွေးသေကလေးကို လှည်းပေါ်တင်ထားခဲ့တုန်း စွန်တစ်ကောင်က ခွေးကလေးကို လာသုတ်ပါတယ် ဘုရား၊ တစ်ခါတည်း ခွေးကလေးက ထပြီး စွန်ရဲ့လည်ပင်းကို ဖမ်းဟပ်လိုက်တာ အိမ်မှာ ဟင်းမရှိတာနဲ့ အတော်ဖြစ်သွားပါတယ်ဘုရား"

ဆရာတော်ဘုရားလည်း ထန်းလျက်များကို တပြုံးပြုံးဖြင့် ဝေခွဲပေးလိုက်လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com




## မုံရွာသားစကားဝိဇ္ဇာ

မြန်မာပြည်တစ်နံတစ်လျား၌ စကားကြွယ်ဝသော စကားပြောကောင်းသူများကို စာရင်းချကြည့်လိုက်သောအခါ မုံရွာသားများ ပါဝင်နေသည်ကို တွေ့ရပေ၏။ မုံရွာနယ်သူ နယ်သားများသည် စာတတ်ပေတတ်လည်း ပေါ၏။ အကျော် အမော်လည်း များပြားလှပေ၏။ စကားပြောကောင်းသူလည်း မနည်းလှပေ။

ယခုဖော်ပြမည့် မုံရွာသားစကားဝိဇ္ဇာမှာ မစုံလင်ပါ။ သိဖူးကျွမ်းဖူးသော မုံရွာသား အချို့၏စကားများနှင့် လူပြော သူပြောဖြင့် တဆင့်ကြားရသော စကားများသာဖြစ်ပါသည်။ သေချာစွာ စုဆောင်းလျှင် စာအုပ်တစ်အုပ်စာရနိုင်မည် ထင်ပါသည်။



### ကပ်ကြားမှ ခေတ်ဆား

ဦးဘသော်နှင့် ဦးဘဝင်းတို့သည် အေးအေးနှင့် စကားပြောကောင်းသူများဖြစ်ကြသည်။ တစ်နေ့တွင် ဦးဘသော်သည် သူ့လယ်များကို လုပ်ကိုင်ရန် တာဝန်ပေးထားသော သူ့တူထံ ရောက်သွား၊

"ဘယ်လိုလဲကွ၊ ဟိုနေ့က ပြောလိုက်တော့ ကနေ့ပျိုး ကြဲမယ်ဆို"

"ပြဿဒါးနေ့ကြီးဗျ"

"မင့်ပြဿဒါး ခေတ်ဆားနဲ့တွေ့ရင် မခံနိုင်ပါဘူးကွယ်၊ ပြဿဒါး ထပ်ဖျားသွားဦးမယ်"

တူဖြစ်သူမှာ ဦးဘသော်၏ဝသီကို သိသောကြောင့်၊ ထပ်ပြီး ဆွပေးလိုက်၏။

"ခေတ်ဆားချည်း မရပါဘူး လေးလေးရယ်၊ သာကူတို့ ဆူပါတို့ပါမှ ဖြစ်တာပါ"

"လယ်သမားဖြစ်နေပြီး ဘာမှမသိတဲ့ကောင်ပဲ၊ တလောကပဲ ဟိုဘက်ရွာက လယ်သမားတစ်ယောက် ခေတ်ဆားအိတ်တွေ လှည်းနဲ့တိုက်လာတာ အိတ်ပေါက်တချို့ ပါသတဲ့၊ လမ်းတစ်ဝက်ရောက်လို့ ကျောကယားကျိကျိဖြစ်ပါ တယ် လှည့်ကြည့်လိုက်တော့ စပါးပင်တွေက ကျောပြင်ကို လာထိုးနေတာကိုး၊ ထိုးမှာပေါ့၊ ကပ်ပေါ်မှာ ခင်းထားတဲ့ ကောက်ရိုးနဲ့ ခေတ်ဆားနဲ့တွေ့ပြီး အပင်ယပေါက်ရာက အသီး တွေပါ ထသီးတာဆိုပဲ၊ ဒါကြောင့် ခေတ်ဆားကိုမှတ်ထား၊ ကပ်ကြားကတောင် စပါးသီးတယ်"။

www.burmeseclassic.com

www.burmeseclassic.com



## ကျွတ် ပြွတ် ရွတ်

ဦးအုန်းသာတို့ လယ်ဘက်တွင် ဆည်းမြောင်းမရှိသော်လည်း ရေမိုးအဆင်ပြေသောနှစ်များတွင် လယ်သမားများ ကြိုးစားချက်ကြောင့် အထွက်တိုးစပါးများ အောင်မြင်တတ်ပေသည်။ ယခင်နှစ်က မိုးအဆင်မပြေသောကြောင့် ဤနှစ်တွင်လည်း အားကြိုးမာန်တက် စပါးစိုက်ရန် အားထားကြသော်လည်း မိုးမှာ လယ်စိုက်လောက်အောင် မရွာပေ။ သို့အတွက် သူတို့စုမိကြလျှင် မိုးအကြောင်း၊ ရာသီဥတုအကြောင်းကို ပြောမိကြသည်။ တစ်ခုသော လက်ဖက်ရည်ကြမ်းဝိုင်းတွင် ယခင်နှစ်က အောင်မြင်မှုအကြောင်းကို စားမြုံ့ပြန်နေကြရာ ဦးအုန်းသာက . . .

"ဒီပုံဆိုရင်တော့ စပါးစိုက်ရရင်တောင် နောက်ကျတော့မယ် ထင်တယ်ဗျာ၊ စိုက်တော့ သီတင်းကျွတ်၊ သီးတော့ နှစ်လုံးပြွတ်၊ ရိတ်တော့ ဖင်တရွတ်ကိန်းဆိုက်ရင် မအားတူထုခံရသလို မျက်လုံးပြူးကြရလိမ့်မယ်ဟေ့"

စပါးကို ဖင်တရွတ်ရိတ်ရခြင်းမှာ စပါးပင် မဖြစ်ထွန်း၊ အပင်တို့ တိုတောင်းသောကြောင့် ခါးကုန်းမရိတ်သာဘဲ ထိုင်ပြီးရိတ်ရခြင်းကို ဆိုလိုပေသည်။

## စိုက်တာက" သီတင်းကျွတ်

အထက်ပါ စကားဝိုင်းတွင် ဦးဘဝင်းလည်း ပါဝင်ပေသည်။ သို့ရာတွင် သူကလက်ဖက်ရည်ကြမ်းကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေသူဖြစ်၏။ ဝင်မပြော။

ဦးအုန်းသာ၏ အပြောကို ကြားတော့မှ ခေါင်းထောင်လာတာ . . .

"အုန်းသာ ဘာကွ၊ စိုက်တော့ သီတင်းကျွတ်၊ သီးတော့ နှစ်လုံးပြွတ်၊ ရိတ်တော့ ဖင်တရွတ်ဟုတ်လား၊ တယ်ကောင်းပါလား၊ ဆက်ပါဦး"

"ခင်ဗျားပဲ ၎ င်းပါတော့ဗျာ"

"စိုက်တာကသီတင်းကျွတ်၊ ဖြစ်လာတဲ့စပါးပင်က အကင်းလွတ်၊ ဒီပုံဆိုင်ရင်တော့ မင်းတိုင်ါတို့ ထမင်းမွတ်မှာ ယွင်းမချွတ်ပေါ့ကွာ"

စကားဝိုင်းတစ်ခုလုံးကို ရယ်မောသံများ ဖုံးလွှမ်းသွားလေ၏။

## ဆားခဲ တအားကြဲ

ဦးအုန်းသာ၊ ဦးဘသော်နှင့် ဦးဘဝင်းတို့ မန္တလေးသို့ ရောက်လာကြသည်။ ဈေးချိုထဲတွင် တစ်ရုံဝင် တစ်ရုံထွက် လှည့်လည်ပြီးနောက် ကားဂိတ်သို့ ရောက်လာကြစဉ် ခရီးသည် အမျိုးမျိုးကို မြင်ကြရ၏။ မုံရွာမြို့လည်း မြို့ကြီးဖြစ်၏။ မန္တလေးပြီးလျှင် အစည်ကားဆုံး မြို့ဖြစ်သောကြောင့် လူလည်းစုံ၏။ ဦးအုန်းသာတို့သည် မုံရွာမြို့တွင် ရှုခင်းစုံအောင် မမြင်ဖူးသော်လည်း ယခုမြင်ရသော ရှုခင်းရှုကွက်မျိုးကိုကား မမြင်ဖူးသေးချေ။

မြင်ကွင်းမှာ အသက်အရွယ်နှင့် မလိုက်အောင် အဆမတန် ဆင်ယင်မွမ်းမံထားသော အရုပ်ဆိုးသက်ကြီးရွယ်အိုမိန်းမတစ်ယောက်ဖြစ်၏။

ဦးဘသော်က စတင်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးကလား၊ ရန်ကုန်ကလား၊ အင်း. . . ရန်ကုန်ဖြစ်ဖို့များတယ်"

"အရေခွံတွေ တွန့်လိပ်နေတဲ့အပြင် အသားတမည်းသေး၊ ဖို့ထားဟဲ့ပေါင်ဒါလဲ မီးသွေးပုံး ထဲ နံ့ဖြူးထားသလားမှတ်ရ"

ဦးထွန်းသာက မှတ်ချက်ချပြန်သောအခါ ဦးဘဝင်းက. . .

"အသားက မည်းမည်းမှာ ပေါင်ဒါလိမ်းထားပုံ နေရာမကျ၊ သနပ်ခါးလိမ်းထားပုံ မသေသပ်တော့ ငါးခူ ငါးပိကောင်မည်းမည်းမှာ ဆားခဲတွေ ကပ်နေသလား ထင်ရဟော့"

"ခင်ဗျားပြောတာနဲ့ ငါးပိကောင်တောင် မစားချင်တော့ပါဘူးဗျာ" ကာယကံရှင် မကြားစေရန် ကျိတ်ပြီး ရယ်မောနေကြရလေ၏။

## တေဇောဘမ်းလိပ်

အခြားသူတွေမှာ အမြည်းစားလိုက်၊ လက်ဖက်ရည်ကြမ်းသောက်လိုက်၊ စကားဖောင်လောက်အောင် ပြောလိုက်ဖြစ်နေကြ၏။ ဦးအုန်းသာကမူ သူ့လက်ထဲက ရှမ်းဖက်လိပ်ဆေးလိပ်ကို ဖဲ့လိုက် ခြွေလိုက်၊ မီးညှိကာ ဖွာလိုက်၊ ထပ်မံဖဲ့ခြွေပြီး မီးညှိဖွာရှိုက်လိုက်ဖြင့် အလုပ်များနေ၏။

ဤဟာကို မြင်သော ဦးဘသော်က . . .

"ဘာဖြစ်နေတာလဲ ဦးအုန်းသာ"

"ပြောပဲ မပြောချင်ပါဘူးကွာ၊ ဆေးလိပ်တဲ့ . . .



ပုလိုက်တာ လွန်ပါရော၊ တေဇောဘမ်းများ ထည့်လိပ်ထားသလားမသိပါဘူးကွာ"

ထိုကဲ့သို့ ညည်းတွားလိုက်ရာ ဦးဘဝင်းက . . .

"အရှည်ပြောခန်း မတိတ်ရအောင် တေဇောဘမ်းကို ဘယ်သူလိပ်ထားပါလိမ့်၊ တွေ့သောလမ်းနဲ့ ကြိတ်ထားပြီး ထင်တယ်"။

## နေ့ကျတော့ လေဟ

နေစောင်း၍ ငါးနာရီခန့်ဆိုလျှင် ဦးအုန်းသာ၊ ဦးဘသော်နှင့် ဦးဘဝင်းတို့သည် ငှက်ခါးတောင်ချိန်တွင် ငှက်ခါးတောင်၊ စိမ်ရည်ချိန်တွင် စိမ်ရည်၊ အဖြူချိန်တွင် အဖြူကို အတူတကွ မှီဝဲလေ့ရှိ၏။

ယနေ့မူ ယောက္ခမရောက်နေသဖြင့် ဦးအုန်းသာ အိမ်မှ မထွက်သာအောင်ဖြစ်နေသည်။ သူမရောက်လာသောကြောင့် ဦးဘဝင်းနှင့် ဦးဘသော်တို့ လိုက်လာကြရာ ဦးအုန်းသာ၏ ယောက္ခမကြီးကို ငုတ်တုတ်မြင်ရသည်တွင် ဦးဘသော်က . . .

"ဟော့. . . ကိုအုန်းသာရဲ့၊ နေ့ကျတော့ လေထပြီး နေမရတော့ဘူးဗျ၊ မလိုက်တော့ဘူးလား"

ထိုသို့ မေးသံအဆုံးတွင် ဦးဘဝင်းက . . .

"တံတွေးတပျစ်ပျစ်၊ လေသံတအေ့အေ့နဲ့ ထမရ ထိုင်မရမှိုင်ကျပြီး ငိုင်ရပြီဟော့၊ စတိုင်ကျနေလိုက်တာကွ၊ လာပါဟ"

ထိုအခါ ယောက္ခမကြီးက . . .

"စောစောကပြောပါတော့ အုန်းသာရယ်၊ နေကျပို့

www.burmeseclassic.com

www.burmeseclassic.com



လေထမှုဖြင့် အသေမလှဘဲ ဖြစ်နေပါ့မယ်ကွာ၊ အခြေလှလှနဲ့ နေရအောင် သွားသွားမြန်မြန်ကြွ" ဟု အော်ပစ်လိုက်လေ၏။

## ဖလန့်ခေါက်

ထန်းတောသို့ရောက်လျှင် သူတို့သုံးယောက်သည် အခြားသူများနှင့် ရောနှောလေ့ မရှိကြပေ။ အခြားဝိုင်းများသို့ လှမ်းပြီး စကားပြောခြင်း၊ အစားအစာပိုလျှံလျှင် ပေးကမ်းခြင်း သာပြုသည်။ တစ်နေ့တွင် ကျောဘက်ထန်းရည်ဝိုင်းမှ မကျေမနပ်ပြောသံများကို ကြားကြရသည်။ ကလေးကလည်းများ၊ ဆင်းရဲတွင်းကလည်းနက်သော ရွာသားတစ်ဦးမှာ နွားအခိုးခံရသည့်အတွက် စိတ်မကောင်းစွာ ပြောဆိုနေကြခြင်း ဖြစ်လေသည်။

"သူခိုးနောက်ကို လိုက်တဲ့လူတွေဟာ မြန်မြန်ထက်လက် လိုက်ရင် မီလောက်ပါတယ်ကွာ၊ အခုတော့ သနားစရာ ကလေးတစ်ကျိုပ်နဲ့ မရှူးရင် ကံကောင်းပဲပေါ့"

ထိုအသံကြားလျှင် ဦးအုန်းသာ အာရွှင်လာ၏။

"သားသမီးက တစ်ကျိပ်လောက်၊ စိတ်နောက်သွားရင်တော့ အိပ်ပေါက်နဲ့ ဖားအရှင်ကောက်သလို ဖြစ်တော့မှာပဲ"

"ကံမထောက်တော့လဲ အကြံမမြောက်၊ ဖန်သလောက် မသွားတော့ ဖလန့်ခေါက် စားနေရတာမျိုး ရှိချင်ရှိမှာပေါ့ကွာ၊ သို့သော်လဲ ဇဗ္ဗူမြေတစ်လွှားမှာ ဆူဝေဝေနေကြွား လူမသေ ငွေမရှားပါလို့ နှစ်သိမ့်ပေးကြပေါ့ကွာ"

အပိတ်စကားမှာ ဦးဘဝင်းဖြစ်ပေသည်။



## ဗျာပါဆန့်ရယ်က တစ်ဖက်တစ်ဆုပ်

တောင်သူများ၊ ယာသမားကိုင်းသမား၊ ကျွန်းသမားနှင့် လယ်သမားများမှ ပွဲစားများနှင့် မှောင်ခိုကုန်သည်များကို မချစ်သော်လည်း အောင့်ကာနမ်းနေကြ၏။ နမ်းနေရသောကြောင့်လည်း ဓာတ်မြေဩဇာ အပိုလိုချင်၍ ရှာဖွေဝယ်ယူသောအခါတွင် မှောင်ခိုဈေး၌ နင့်နေအောင် ပေးရပုံကို အတွင်းသိ အစဉ်းသိ သိကြခြင်းဖြစ်၏။ ထို့ကြောင့် အသုဘအိမ်တွင် လူစုံခိုက်၌ ဓာတ်မြေဩဇာကို အပြင်တွင် ဈေးကြီးပေးဝယ်ရပုံဘက်သို့ စကားရောက်သွားသောအခါ . . .

"အစိုးရဈေးနဲ့ စာလိုက်တော့ သူတို့ဈေးက မတရားကြီးပဲဗျ၊ တော်တော်အမြတ်ကြီးစားတဲ့ လူတွေ"

တစ်ယောက်က စတင်လိုက်ရာ . . .

"ရှင် ဘနုဖူးသိုက်တူးမယ့် သူတွေပဲ၊ ပြောရမှာတောင် စိတ်ကုန်တယ်၊ သြောင်ပင်မှ မစိုက်ရသေးဘူး၊ ရုက္ခစိုးတွေ ဝိုင်းနေတယ်ဆိုတာလို ငါတို့မှာ ပျိုးတောင်မကြဲရသေးဘူး၊ သူတို့က ငွေထုပ်ကလေး ပြကာပြကာနဲ့ မနူးမနပ်ကလေးကို နူးသလို ကဗျာသံ ကြာသံတွေနဲ့ ခြေသလုံးသား လာဝယ်နေကြပြီလေ"

ဒုတိယလူ၏ စကားအဆုံးတွင် ဦးဘသော်က အောက်ပါအတိုင်း အဆုံးသတ်ပေးလိုက်၏။

"ဗျာပါဆံရယ်က တစ်ဖက်တစ်ဆုပ်၊ ကညာသံရယ်နဲ့ မပျက်လုပ်၊ ကဗျာဆန့်ဆန့်နဲ့ လက်ရှုပ်တော့ အာကာသံနဲ့ ခက်အုပ်လိုက်မှာပေါ့ကွာ၊ ဘာဖြစ်တာလဲ"။

www.burmeseclassic.com

www.burmeseclassic.com



## လာဟန်ကိုက

ထိုစကားဝိုင်းမှ လူတစ်ယောက်သည် အိမ်ရှေ့သို့ မကြာခဏ လည်ဆန့်ကာ မျှော်၍မျှော်၍ကြည့်နေလေသည်။ သရဏဂုံတင်ရန် ဘုန်းကြီးပင့်လွှတ်လိုက်သူများ အဆင်ပြေ မပြေသိလိုဇောကြောင့် တမျှော်မျှော်ဖြစ်နေခြင်း ဖြစ်ပေသည်။

စကားဝိုင်းကား ရပ်သွားလိုက်၊ ဆူလာလိုက်ဖြင့် လူလည်း မကွဲသေး၊ စကားလည်း မစဲသေး။ အတန်ကြာမှ လူငယ်တစ်ယောက် လုံချည်တန္တတ်တိုက်နှင့် ဖယ်ယမ်းဖယ်ယမ်း လျှောက်လာသည်ကို မြင်ရသဖြင့် . . .


"သီလပေးမယ့်ကိုယ်တော် ရခဲ့သလားဟ၊ မြန်မြန် လာစမ်းပါ၊ ငါနှယ်ကွာ လာနေပုံက အကြောဆိုင်းနေတဲ့ ပတ်ကျိ လူနင်းခံရတဲ့ပုံပဲ"

ထိုအသံကြားလျှင် ဦးဘဝင်းက . . .

"လာဟန်ကတော့ ကညာ ဆန်သလိုပေါ့၊ နှာသံကလေး နဲ့များ နေလိုက်ရရင် အသာကန်ပေးလိုက်ပေါ့ကွာ"

ဦးအုန်းသာကလည်း တစ်ထောင့်မှ အားကျမခံ . . .

"လူပုံက ထူနုံအ၊ မြူပုံပြုလိုက်ရရင်တော့ ဆူကုန်မကွ" ဟု နိဂုံးကမ္ပတ် အဆုံးသတ်လိုက်လေသည်။





# ရန်ကုန်သား စကားဝိဇ္ဇာ

## ရန်ကုန်သားစကားဝိဇ္ဇာ

ရန်ကုန်ဆိုတာ မြန်မာပြည်တစ်ခုလုံး နယ်အသီးသီး ဒေသအထွေထွေမှ လူများ စုရုံးနေထိုင်သော မြို့ကြီးဖြစ်၏။ အရပ်ဒေသစုံသလို လူမျိုးကလည်း စုံတဲ့ပြည်ထောင်စုမြို့ကြီးဟု ခေါ်လိုက ခေါ်နိုင်ပေသေး၏။

ထိုမြို့ကြီးတွင် အလုပ်အကိုင်အမျိုးမျိုး လုပ်ကိုင်ကာ အသက်မွေးနေထိုင်သော ယောကျ်ားမိန်းမတို့၏ စကားသံ လေသံများကို လေ့လာလျှင် ဟန်အမျိုးမျိုး လေအမျိုးမျိုး ရှိသည်ကို တွေ့ရပေမည်။ ထိုအထဲတွင် စကားပြော သေသပ် တိကျသောလူများ၊ ပြောလိုသောအရာကို ကွင်းခနဲ ပေါ်လာ အောင် ပြောနိုင်သူများကို တွေ့ရပါသည်။

ဘတ်စ်ကားသမား၊ ဆိုက်ကားသမားနှင့် ဈေးသည်များ သည် အတွေ့အထိများသဖြင့် သူတို့၏စကားများကို မှတ်မိနေ တတ်ကြ၏။ သို့သော် ဘတ်စ်ကားသမားတိုင်း စကားပြော မကောင်းသလို ဈေးသည်တိုင်းလည်း စကားပြောကောင်းသူ မဟုတ်ကြပါ။ အချို့သာ ကောင်းကြသည်။

ကောင်းရခြင်းမှာ တစ်ခါတစ်ရံ သူဇာတိရေမြေဟနှင့် အသက်နှင့်လည်း ဆိုင်နေတတ်သည်။ မည်သို့ဖြစ်စေ ရန်ကုန် သားများ၏ စကားဝိဇ္ဇာကို မြည်စမ်းကြည့်ကြစေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြံတော ဘယ်ပြေးမလဲ

ရန်ကုန်တွင် တစ်ကြိမ်သောအခါက မော်တော်ဆိုင်ကယ်များ သောင်းကျန်းလိုက်ပါသည်။ ကားကိုလည်းမရှောင်၊ လူကိုလည်း မလေးစားမှု အများ၏ရှုံ့ချမှုကို ခံခဲ့ရ၏။ ယင်းတို့တွင် မိဘအုပ်ထိန်းမှု မရှိသော ကိုယ်ပိုင်ဆိုင်ကယ်များ ပါဝင်သလို အငှားစီးဆိုင်ကယ်များလည်း ပါဝင်ပေ၏။

ထိုအချိန်က တစ်ခုသောညနေတွင် သိမ်ကြီးဈေးဝန်းကျင်၌ လူများ ပြည့်သိပ်စည်ကားနေ၏။ ထိုအထဲတွင် အနော်ရထာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းဆုံသည် အစည်ဆုံးဖြစ်၏။ ကားများသည် ကိုယ့်အလှည့်တွင် အလုအယက်မောင်းရသလို၊ လူများ အပြေးအလွှား ကူးကြရ၏။

လေဟာပြင်ဈေးဘက်မှ သိမ်ကြီးဈေး၊ စီရုံဘက် ကူးသူများမှာ ကြွနေရ၏။ စိမ်းလျှင် ကူး၊ နီလျှင် ရပ်နေ။

လေဟာပြင်ဈေးဘက်ဖြစ်သော အနော်ရထာလမ်းမြောက်ဘက်ပလက်ဖောင်းနှင့် လေဟာပြင်ဈေး အနောက်ဘက် ပလက်ဖောင်းထောင့်မှနေ၍ ဆေးရုံကြီးဘက်ကူးသူများမှာ မသက်သာ၊ မီးနီလျှင် ရပ်နေရ၏။ စိမ်း၍ ကူးမည်ကြံသောအခါ လက်ဝဲဘက်မှ ကွေ့လာသော ကားတွေရှိ၏။ နည်းနည်းမဟုတ်၊ အများကြီး။ ထို့ကြောင့် သေပြေးရှင်ပြေးကူးမှ ချောမောစွာ ရောက်သည်။ နည်းနည်းနှေးလျှင် မရောက်တော့ပေ။

ဤသဘောကို သိသူများသည် မီးစိမ်းပြသည်နှင့် အတင်းကူးကြစဉ် လူနှစ်ယောက်ပါသော ဆိုင်ကယ်အသစ်တစ်စီးသည် အတင်းမောင်းဝင်လာ၏။ ဆိုင်ကယ်သည်



လူတွေကို အရေးမလုပ်၊ သို့သော် ကားတစ်စီးကို ပွတ်ကာသီကာ ရှောင်ပေးရ၏။

ထိုအခါ ကားသမားက . . .

"တလောကမဲ ဗိုလ်ချုပ်လမ်းမှာ နှစ်လောင်းပြိုင်သေသွားတာ၊ မင်းတို့လို အကောင်တွေပဲ၊ သေချင်ပြန်ပြီထင်တယ်"

ခြေကျင်ဖြတ်ကူးသူတစ်ဦးကလည်း အားကျမခံအော်ပြောပုံမှာ . . .

"ဖြည်းဖြည်းပေါ့ ဆိုင်ကယ်ရယ်၊ ကြံတော သုသာန်ဟာဘယ်ကိုမှ ထွက်မပြေးပါဘူးကွာ" ဟု ဖြစ်ပေ၏။

## စည်းကမ်းဆိုတာ

လူတစ်ယောက်သည် ဘတ်စ်ကားတစ်စီးကို ကျောက်မြောင်းရပ်ကွက်ရှိ မှတ်တိုင်တစ်တိုင်မှ တက်စီးလာ်ေ၏။ သူထိုင်မိလျှင် မော်တော်ယာဉ်ခ လာတောင်းသဖြင့် တစ်မငး် ထုတ်ပေးရာ . . .

"ဘယ်သွားမလို့လဲ"

"လွှတ္တလမ်း"

"တစ်ကျပ်ကျတယ်၊ ဒါကြွားကား၊ ဒီအချိန်မှာ လိုင်းကားမရှိတော့ဘူး"

"ဟ . . အစောကြီးရှိသေးတာပဲ"

စပယ်ယာ ပြန်မဖြေပေ။ တစ်မတ်ခရီးကို တစ်ကျပ်ရရန်

www.burmeseclassic.com

www.burmeseclassic.com



ထက် နောက်ဘက်သို့သာ အရေးတကြီး လှမ်းကြည့်နေ၏။

"နင်းပေး၊ နင်းပေး"

ဒရိုင်ဘာကလည်း စပယ်ယာ၏အမိန့်ကို တစ်သဝေမတိမ်း နားထောင်၏။ မှတ်တိုင်မှ လက်ပြလျှင်လည်း သုံ့မမြင်တော့ချေ။ ရှေ့မှကားတစ်စီးကို အတင်းကျော်တက်သည်။

"နင်းထား၊ နင်းထား"

ကျော်တက်ပြီးသော်လည်း မအေးသေးပေ။ အကျော်ခံရသောကားက တစ်ဖန်ပြန်ကျော်သည်ကို မခံရအောင် တရကြမ်းမောင်းပြန်သည်။ နီနေသော မီးပွိုင့်ဝါအောင်ပင် မစောင့်၊ ကားရှင်းလျှင် အတင်းဖြတ်မောင်းတော့သည်။

အကျော်ခံရသော ကားကလည်း လူမတင် လူမချတော့ဘဲ အတင်းပြန်ကျော်ရန် ကြိုးစားရာ ဘိုလိန်းလမ်းတစ်လျှောက်တွင် လိုင်းအမှတ်ဂဏန်းနှစ်လုံးပါသော ပုဂ္ဂလိကဘတ်စ်ကား အပြေးပြိုင်ပွဲ ကျင်းပနေတော့၏။

"ဘယ် ဒီလိုရမလဲ ဟင်း" ဟူသော ကြုံးဝါးသလို ရေရွတ်ကာ၊ စိန်ပေါမှတ်တိုင်လွန်မှ စပယ်ယာပြန်ရောက်လာ၏။

"မင်းတို့ စည်းမဲ့ကမ်းမဲ့ လုပ်တာကို အားပေးတဲ့အနေနဲ့ တစ်ကျပ်ပေးစီးရတာ နာသကွာ၊ ငါတို့ခရီးသည်တွေကို မင်းတို့ တစ်တွေ လူလို့ထင်သေးရဲ့လား၊ မင်းတို့မှာ စည်းကမ်းဆိုတာ ကော ကြားဖူးကြသေးရဲ့လားကွ"

ကျောက်မြောင်းမှ တက်စီးလာသူသည် စိန်ပေါလွန်မှ ပေးရသောတစ်ကျပ်ကို မကျေမချမ်းပေးရင်းမေးသည်။ စပယ်ယာသည် ထိုသူ့စကားကို မကြားဟန်ဖြင့် သွားလေ၏။



## ဈေးနှုန်းဟူသည့်ကား

ပင်ငွေနည်းသော စာပေဝါသနာရှင်တစ်ဦးသည် စာအုပ်ဆိုင်တစ်ဆိုင်တွင်းသို့ ဝင်သွား၏။ ။သူကြိုက်သောစာရေးဆရာအမည်ပါသော စာအုပ်တစ်အုပ်တွေ့သဖြင့် ဈေးနှုန်းမေး၏။

"အစိတ်"

ထို့ကြောင့် ဝတ္ထုမဟုတ်သော စာအုပ်တစ်အုပ်ကောက်ကိုင်ကာ ဈေးမေးပြန်၏။

"သုံးဆယ်"

စာပေဝါသနာအိုးသည် ရုပ်ပြစာအုပ် ဝယ်ဖတ်ရကောင်းမည်လောဟု အတွေးပေါက်လာသောကြောင့် ရုပ်ပြစာအုပ်ကို ကောက်ကိုင်၏။ စာမျက်နှာ ၃၂၀ ကို အလွယ်တကူရှာတွေ့၏။ ရောင်းဈေးကိုရှာရန် မလွယ်သဖြင့် မေးရပြန်၏။

"ဒါကိုကော"

"နှစ်ဆယ်"

"အင်း၊ စာအုပ်တွေကတော့ အသံကြားရုံနဲ့ လန့်ပြီးသေလောက်ပါပေရဲ့၊ လူတွေကို အစာမစား အဝတ်မဝတ်ဘဲ စာချည်းဖတ်နေကြတယ်များ မှတ်နေသလား မသိဘူးလေ"။

## တက်တုန်းကတော့

ဘတ်စ်ကားအများစုသည် "မထသ" ကွပ်ကဲမှုအောက် ရောက်သည်မှစ၍ တစ်စတစ်စ ယဉ်ကျေးလာကြသည်။ ယဉ်ကျေးသောကားသမားများ များပြားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူတို့တွင် အကွက်ဖျက်မည်စိုးသောရောဂါ၊ အကွက်မမိမည်စိုးသောရောဂါ ကပ်ငြိကပ်နေသူများရှိသေး၏။ ထိုအခါ ခရီးသည်တို့ ပြတင်းပေါက်မှ ဒိုင်ပင်ထိုးဝင်စေချင်၏။ ထိုနေရာမှပင် ဒိုင်ပင်ထိုးဆင်းစေချင်ကြ၏။

ထို့ကြောင့် အတင်းမောင်းသည်။

ခရီးသည်မှာ ဘီးလိမ့်ခါစ ကားပေါ်သို့ လက်ကိုင်ကွင်းကို အားပြုကာ ခုန်တက်နိုင်၏။ အဆင်းတွင်ကား ဘီးမငြိမ်ဘဲ ခုန်ချနိုင်သောခရီးသည် နည်းပါး၏။

ဤသဘောကို ကားသမားများ သိနားလည်ကြသော်လည်း သူတို့အလိုမကျသောအခါများတွင် ခရီးသည်ကို အောက်ပါအတိုင်း ဟောက်တတ်၊ ပြည့်တွန်တတ်၏။

"ကိုယ်ပိုင်ကား မဟုတ်ဘူဗျ၊ ဒါလိုင်းကား၊ ဘယ့်နှယ်ဗျာ၊ အတက်တုန်းကတော့ တင်ညွှန့်လား၊ ရွှေဘလား၊ ကျော်ဟိန်းလား၊ ညွှန့်ဝင်းလား မှတ်ရတယ်၊ ဆင်းတော့မှ ရဟန္တာဆွမ်းခံကြွတဲ့ပုံမျိုးနဲ့"။

ဖွဲ့ဆွဲမှုစာစု

## ထွားပါပေ့

ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးသည် ပြည်သူ့မုန့်တိုက် မီးပွိုင့်ရှေ့အရောက်တွင် မီးနီသဖြင့် ရပ်လိုက်ရာ ကားပေါ်မှ လူငယ်သုံးလေးယောက် အပြေးအလွှားဆင်းလာကြ၏။ အပြေးအလွှားမဆင်းလျှင် မဖြစ်ပေ။ ကားအလွန်ရှုပ်သောနေရာဖြစ်၏။

ကားပေါ်တွင် ကျန်နေသော ခရီးသည်များထဲမှ လူတစ်ယောက်သည် လုံချည်ကာရွတ်ဘိုက်၊ ဆံပင်ဖိုးရိုးဖားရားနှင့် ဆင်းသွားသော ထိုလူငယ်များကို လှမ်းကြည့်ကာ . . .

"စည်းကမ်းမရှိပေမယ့် ကိစ္စမရှိပါဘူး၊ လူတွေက ထွားကျိုင်းကျိုင်း ယောက်ျားပီပီသသကြီးတွေပဲ၊ မျက်နှာက မြေခွေးမျက်နှာ၊ ရင်အုပ်က ကြက်ရင်အုပ်၊ ဆံပင့်ကလဲ ဖုတ်သိုက်နဲ့ ကျက်သရေထွားပါပေ့ဗျာ" ဟု ပြည်တမ်းနေလေသည်။

ဖွဲ့ဆွဲမှုစာစု

## ပြန်ရောက်ပြီမှတ်လို့

ဘတ်စ်ကားပေါ်တွင် ခေါင်းမပြူလက်မထုတ်ရ သတိပေးထားသော်လည်း ခရီးသည် တစ်ယောက်မှာ အိပ်ပျော်ရာမှ ပြတင်းပေါက်အပြင်သို့ ခေါင်းကြီးထွက်နေလေ၏။

ကားတွေကလည်း ပွတ်ကာသီကာ ကျော်တက်သွား၏။ မျက်နှာချင်းဆိုင်လာသောကားများနှင့်လည်း တစ်ခါတစ်ခါတွင် ဘေးချင်းပွတ်မိမတတ် ပူးကပ်သွား၏။

ထို့ကြောင့် စိတ်ကောင်းရှိသောခရီးသည်တစ်ဦးက အိပ်ပျော်နေသူအား နှိုး၏။

"ခင်ဗျားခေါင်းထွက်နေတယ်၊ မတော်တဆ ခေါင်းပြုတ်ပြီး ပါသွားလိမ့်မယ်"

ဤသည်တွင် စပယ်ယာက ဝင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ပါစေဗျာ၊ သူ့အိမ်ကို ပြန်ရောက်ပြီမှတ်လို့အိပ်တာပါ။ အိပ်အိပ်၊ ကိုယ့်အိမ်လို့ သဘောထားပြီး ဂိုဟ်အထိအိပ်သာ အိပ်ပါ. . . "။

ဖေဖေအာင်

## ဘောကွင်းလုပ်ကာ

သင်္ကြန်မဏ္ဍပ်ဘေးတွင် ကပ်ထိုင်နေခဲ့သော ထိုလူသည် ဇွဲကောင်းလှ၏။ ထမင်းလည်း ပြန်မစားဘဲ ပြိုင်ပွဲဝင်သော သင်္ကြန်အဖွဲ့များကို ခေါင်းတဆတ်ဆတ်ညိတ်ကာ တစ်နေ့လုံး တစ်ညလုံး ထိုင်ကြည့်နေသည်။

သင်္ကြန်အဖွဲ့များမှာ မီးရထားအကြောင်းပြောတော့မည်ဆိုလျှင် လူတွေတန်းဆီကာ ရထားပြေးဟန်လုပ်ပြနေရသည်က "ငါးမိနစ်" သီချင်းကဆယ့်ငါးမိနစ်ခန့်၊ မီးရထားကို ဖျက်ဆီးသော လေလွင့်သူပယ်နှင့်မှောင်ခိုကုန်သည်သရုပ်ပြကနာရီဝက် စသည်ဖြင့် အချိန်တွေကို အများကြီးဖြုန်းပြီး သံချပ်ကလေး လေးငါးခြောက်ပုဒ်ဖြင့် ပြီးသွားသည်။

ဘတ်စ်ကားအကြောင်း၊ လမ်းဘေးဈေးသည်၊ သတ်မှတ်မှောင်ခိုအကြောင်းတို့မှာလည်း မှုလိုအပ်ဘဲနှင့် အချိန်အများကြီးကုန်နေသည်ကို သတိထားမိ၏။

ထို့ကြောင့် ည(၁၁)နာရီခန့်တွင် ဖုတ်ဖက်ခါ ထရင်းညည်းတွားသွားပုံမှာ . . .

"အင်း ဒုက္ခဒုက္ခ တင်ပြစရာလေးအပ်နဖားလောက်ကို ဘောလုံးကွင်းလောက်ကျယ်အောင် အကျယ်ချဲ့ရတဲ့ဒုက္ခဟာ မဆေးပါလားနော်" ဟူ၍ ဖြစ်လေသည်။



## မနာလို တိုရှည်

တစ်ခုသော နတ်တော်ကာလဖြစ်၏။ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအတွက် ရန်ကုန်သို့ စာရေးဆရာ လာရောက်ဖိတ်ကြားသော နယ်မှလူတစ်ယောက်နှင့် ဘာသာပြန်ဆရာတို့ လမ်းပေါ်သွားတွေ့ကြ၏။

နယ်မှလူက စတင်၍ ဆရာဦးနှာခေါင်း၊ နေကောင်းလား" နှုတ်ဆက်လိုက်ရာ . . .

"နေကောင်းလားက အရေးမကြီးပါဘူး၊ အခု စာရေးဆရာ လာဖိတ်တာ ရပြီလား၊ ဘယ်သူတွေလဲ" မေးသဖြင့် နယ်မှလူက စာရေးဆရာငါးယောက်၏အမည်စာရင်းကို ရွတ်ပြလိုက်၏။

"ခင်ဗျားတော့ မြို့ပြန်ရောက်ရင် မလွယ်ဘူး"

"ဘာပြုလို့လဲ ဆရာရဲ့"

"ဟာဗျာ စာရေးဆရာတွေခေါ်ခဲ့ပါဆိုတာ၊ ဘယ်လူအိုရုံထဲကလူတွေ ဆွဲထုတ်လာသလဲလို့ မေးကြမှာမြင်လို့ပါ"

ထိုသူဖိတ်ကြားထားပြီးသူအားလုံးမှာ အသက်ကြီးသူတွေချည်း ဖြစ်သည်ဟု ဆိုဟန်ရှိပေ၏။

ဖေဖေအာင်

## မသိမှာစိုး၍

လက်ဖက်ရည်ဆိုင်တွင်း၌ စားပွဲတစ်လုံးတွင် သူငယ်ချင်းတစ်စုထိုင်ကာ လက်ဖက်ရည် သောက်နေကြပြီ ရုပ်ရှင်အကြောင်းသို့ ရောက်သွားရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"မြို့မရုံက ကားကြည့်ပြီးပြီလား" ဟု တစ်ယောက်က စတင်မေးလိုက်၏။ အမေးခံရသူက "ဟင့်အင်း" ဟု ဖြေ၏။ ပထမမေးသူကပင် ဆက်လက်၍ မြန်မာရုပ်ရှင်ကား ပြသသော ရုံများ၏ အမည်ထုတ်ဖော်ကာ တစ်ရုံပြီးတစ်ရုံမေး၏။ ဖြေသူကလည်း တစ်ရုံပြီးတစ်ရုံ ခေါင်းခါ၏။

တစ်ဖန် ပြပြီးစနှင့် ပြဆဲကားများအမည်ကို ယှဉ်တွဲလျက် "ကြည့်ပြီးပြီလား" မေးပြန်သည်။ အဖြေကား ဟင့်အင်းပင်၊

"မင်းဟာက အကုန်လုံး ဟင့်အင့်ချည်းဆိုတော့ မြန်မာကား မကြည့်ဘူးဆိုတဲ့သဘောပေါ့၊ နိုင်ငံခြားကား ကြည့်တော့ နိုင်ငံခြားဘာသာ ဘယ်နှစ်မျိုးတတ်လို့လဲ"

"မတတ်ပါဘူးကွာ"

"မတတ်ဘဲနဲ့ကွာ၊ ကိုယ့်အမျိုးသား ရုပ်ရှင်ကို အားပေးပါကွ"

"အားတော့ပေးချင်ပါတယ်ကွာ၊ ဒါပေမယ့် သူတို့ဟာက ရယ်စရာ အကြောင်းဆိုက်လာလဲ ရယ်တာပဲ၊ ရယ်စရာ အကြောင်း မရှိလဲ ရယ်တာပဲ၊ အဲဒါ စိတ်ညစ်လို့ကွ"

ထိုအခါတွင် ဦးစွာစတင်မေးသူက ဤသို့ရှင်းလင်းချက် ထုတ်ပေးလိုက်ပေ၏။

"မင်းတော်တော်ခက်တာပဲ၊ သူတို့မှာ ပါးစပ်ပါတာ၊ ရုပ်ရှင်ကြည့်ပရိသတ်က မသိမှာစိုးလို့ခဏခဏ ရယ်ပြနေကြတာကွ"။



၄

## ရယ်ဖို့ကောင်းနေ

စာအုပ်အငှားဆိုင်ကျွင် လူစည်းကားသောအချိန်ဖြစ်သည်။ ဆိုင်တွင်း၌ စာအုပ်ရွေးချယ်သူများ ပြည့်နေ၏။ ဆိုင်အဝင်ဝတွင် စာအုပ်အပ်နှံသူများ၊ ငှားရမ်းသူများ ရှုပ်နေ၏။

ထိုအချိန်တွင် အသက်လေးဆယ်ရွယ်လူတစ်ယောက်သည် စာအုပ်တစ်အုပ်ကိုင်ပြီး ဆိုင်ဝသို့ ရောက်လာ၏။ ဆိုင်ဝတွင် ရပ်နေသော လူငယ်တစ်ယောက်က လှမ်းကြည့်ကာ. . .

"အမယ် စာဖတ်ပရိသတ်တောင်းဆိုချက်အရ အထူးဒုပါယ်ရှယ် ရေးသားလိုက်သော ဟာသဝတ္ထုကြီးဆိုပါကလား၊ ရယ်ရရဲ့လားဗျ" ဟု မေးလေသည်။

"နည်းနည်းမှ မရယ်ရဘူးကွ၊ အေး . . . အဲဒီလို ရယ်ရအောင် ရေးထားတာကို မရယ်ရတာကိုက သိပ်ပြီး ရယ်ဖို့ကောင်းနေတာပေါ့"။

## ရယ်မည့်ရယ်တော့

ထိုသူပြောသည်ကို လူငယ်သဘောမပေါက်ချေ။ ပါးစပ်ဟကာ စဉ်းစားနေရာမှ ရှင်းပါဦးခင်ဗျာ၊ ကျွန်တော်တော့ နားမလည်ဘူး" ဟု ပြော၏။

"တစ်ခါ ရုပ်ကွက်တစ်ခုမှာ အငြိမ့်ကသတဲ့၊ မင်းသားက အမော့ဖြေတဲ့အခါမှာ လူရွှင်တော်က ပြတ်လုံးထုတ်ကြတယ်၊ ပရိသတ်မရယ်ဘူး၊ ဘယ်လိုပဲကြိုးစားပြီး ပြတ်လုံးထုတ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မရယ်ဘဲ တင်းခံနေကြတော့ ပြုံးပြတယ်၊ ပြုံပြတယ်၊ ဒါလဲ မရယ်ဘူး၊ နောက်ဆုံး ခုန်ပေါက်ပြေးလွှားပြ၊ ကျွမ်းထိုးပြလဲ လူရွှင်တော်တွေသာ ဖတ်ဖတ်မောတယ်၊ ပရိသတ်က မရယ်ဘူး၊ အဲဒါနဲ့ လူရွှင်တော်စိတ်ဓါတ်ကျပြီး ထိုင်တော့မှ ပရိသတ်က ဟားတိုက်ရယ်သတဲ့"။

"အော် . . . ဒီလိုကိုး"

"အဲဒါဟာ မရယ်ရတဲ့အပြင် အဲဒီမရယ်ရတဲ့ အဖြစ်ကိုက ရယ်စရာကောင်းသေးဆိုတာပဲ"

လူငယ်မှာ ထိုအခါကျမှ သဘောပေါက်သွားလေ၏။

## လမျက်နှာပြင်

ခာတ်ဆီဆိုင်တွင် ကားတွေ ကျပ်ခဲနေပြီ၊ "ခာတ်ဆီခက်တယ်" ဟု ကားသမားများ ညည်းတွားနေသော ညနေတစ်ညနေတွင် ပစ္စည်းပစ္စယများ ဗွေ့ထားသော လူတစ်ယောက်သည် သုံးဘီးကားတစ်စီးကို မဟာဗန္ဓုလလမ်း ရွှေဒဂုံ လက်ဖက်ရည်ဆိုင်ရှေ့တွင် လက်ပြထား၏။ ကားရပ်လျှင် ပြေးသွားကာ "သာကေတ ဘယ်လောက်ပေးရမလဲ" ဟု မေးသည်။

"သာကေတဟုတ်လား၊ လမျက်နှာပြင်ပေါ်မှာ တက္ကစီဆွဲဆိုရင် အလကားဆွဲမယ်၊ သာကေတတော့ မလိုက်ပါရစေနဲ့"

"အောင်မယ်၊ ခင်ဗျားက သာကေတကို အထင်သေးလိုကတာ၊ ခင်ဗျားထင်သလို မဟုတ်တော့ပါဘူး၊ သာကေတလမ်းတွေဟာ ညီမှညီ၊ ကောင်းမှကောင်း၊ ချောမှချောအပြုံလေးပါးလို ချောနေတာတွေ့လို့ ခင်ဗျားကုန်းနမ်းမှာတောင် စိုးရသေး"။

ထိုသူအပြောကောင်းသဖြင့် သုံးဘီးသမားသည် ပြုံးကာ ရယ်ကာ ခေါင်းညိတ်လက်ခံပြီးနောက် လိုက်ပါသွားလေ၏။



## လိုက်မလာပါဘူး

ဘတ်စ်ကားတစ်စီးသည် တရကြမ်းမောင်းလာ၏။ ကားတွေကို အတင်းကျော်တက်သည်။ မျက်နှာချင်းဆိုင်မှ လာသောကားများက ဆဲရေးပြီးကျန်ခဲ့သည်။ ဆိုက်ကားသမားများက ရေရွှတ်လျက် ကျန်ခဲ့သည်။ ခရီးသည်များမှာ ရတနာသုံးပါးကို တလျက် လိုက်ပါလာ၏။

"ဖြည်းဖြည်းမောင်းပါ" ဟု ပချို့က အော်၏၊ ဒရိုင်ဘာသည် မကြားဟန်ဖြင့် တအားမောင်းမြဲမောင်းနေရာ၊ သူ့ကျောဘက်တွင် မတ်တပ်ရပ်ကာ လိုက်ပါလာသော မိန်းမတစ်ယောက်က . . .

"ဒရိုင်ဘာ မောင်လေးရယ်၊ မင့်နောက် သေမင်းလိုက်မလာပါဘူး၊ ဖြည်းဖြည်းမောင်းပါ။ မင်းတို့ရပ်ချင်တဲ့နေရာကျတော့ တစ်လသေသေ ထစ်လဆန်းဆန်း ရပ်ထားပြီးတော့" ဟု အော်ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လာစလူ

အထက်ပါ ဘတ်စ်ကားသည် သာကေတတံတား အထက်သို့ရောက်လျှင် တရကြမ်းမောင်း၍ မရတော့ပါ။ ရှေ့မှ လော်လီကားတစ်စီးက ခံနေသည်။ မျက်နှာချင်းဆိုင်ဘက်မှ လည်း ကားများမပြတ်လာနေသဖြင့် ကျော်မတက်နိုင်ပါ။ ထိုအခါတွင် ကားပေါ်မှ အတင်းပြောသံများကို ပီသစွာ ကြားရလေ၏။

"တောင်စွန်းဘက်မှာ သူ့ဘာတွေဖြစ်လာခဲ့တယ်ဆိုတာ တို့မသိတာမှတ်လို့အေ၊ ဘယ်ရမလဲ"

"ကုလားမယားစန်းမြင့်ကို ပြောတာမဟုတ်လား၊ အမှတ်မဲ့ကြည့်ရင်တော့ တရားပွဲလဲသူပါ၊ အလှူအတန်းလဲ သူပါ၊ မြသပိတ်ကေလာသလဲ မကြာခဏသွားဆိုတော့ သူတော်ကောင်းလို့ ထင်ရတယ်၊ စိတ်သဘောယဉ်ကျေးမှာပဲ မှတ်ရတယ်၊ အမယ်လေး အနီးကပ်လေ့လာလိုက်တော့မှာ အဝီစိက ခုနကမှ လွတ်လာတဲ့ မိန်းမလား မှတ်ရတယ်တဲ့"

ထိုအသံများ ထွက်ပေါ်လာပြီးနောက် ကားစက်သံသည် ဆူညံစွာ ဂုံးအုပ်သွားပြန်တော့သည်။

## သူငယ်ချင်းမှတ်နေလား

ရန်ကုန်မြို့၊ အနော်ရထာလမ်း ပလက်ဖောင်းကို ကြိုးစိုးနေသော လမ်းဘေးဈေးသည်များသည် ဈေးဝယ်သူများအား လေးစားမှု လုံးဝမရှိပေ။ သူတို့ပြောချင်ရာပြောသမျှခံရမည့်



သက်ရှိအရုပ်များဟု သဘောထားကြ၏။

ဈေးဝယ်တစ်ယောက်က ပစ္စည်းတစ်ခုကို ဈေးမေးသည်။ ဈေးနှုန်းကိုဖြေသည်။ ထိုဈေးနှုန်းမှာ မှန်ကန်သင့်မြတ်သော ဈေးနှုန်းဟုတ် မဟုတ် ဈေးသည်များမှ သိမည်။

ဈေးမေးသူက မဆစ်ဘဲ ထွက်သွားသောအခါ အတင်းလိုက်ခေါ်၏။ နှစ်ဆယ်ဟု ဆိုထားသောပစ္စည်းကို တစ်ဆယ်သို့ လျှော့ချပြန်၏။ တဖြည်းဖြည်းလျှော့ချလိုက်ရာ နှစ်ဆယ်ဆိုသော ပစ္စည်းသည် တစ်ကျပ်သို့ ရောက်သွား၏။

"တစ်ကျပ်ပေးမလား"

"မပေးပါဘူး"

"ငါးမူးကော"

"မပေးဘူး"

"အလကားရရင်ကော"

"ယူမှာပေါ့"

"အလကားတော့ မရဘူး"

ဤသို့လည်း လုပ်လေ့ရှိ၏။ နောက်တစ်နည်းမှာ "တစ်ဆယ်တန်တဲ့ပစ္စည်းကို တစ်ကျပ်နဲ့ပေးတာတောင် မယူဘူးဆိုတော့ ပိုက်ဆံမပါလို့ဖြစ်မှာပေါ့၊ ပိုက်ဆံမပါဘဲ ဘာပြုလို့ မေးသလဲ" ဟူ၍လည်း မလေးမခန့် ပြုတတ်၏။

နောက်တစ်နည်းလည်း ရှိသေး၏။

တစ်နေ့တွင် ပလက်ဖောင်းပေါ် ချခင်းသော သော့ခလောက်သည်ထံတွင် လူတစ်ယောက်က ဈေးမေး၏။

"ဒီသော့ခလောက် ဘယ်လောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



လူကို တစ်ချက်အကဲခတ်ပြီးမှ ဖြေသည်။

"တစ်ဆယ်ပါ ဆရာ"

"လျှော့ပါဦးကွ"

"ကိုးကျပ်ရမယ် ဆရာ"

"သုံးကျပ်ရမလား"

"မရဘူး ဆရာ"

ဈေးမေးသူ ထသွားသည်။ သုံးလေးလှမ်း လှမ်းမိမှ "ရှစ်ကျပ်ပေးမလား ဆရာ" မေးသည်။ ဈေးဝယ်လည်း "သုံးကျပ်ပဲကွာ" ဆိုကာ ဆက်လျှောက်သွားသည်။

ဆယ်လှမ်းခန့် လျှောက်မိလျှင် "ဆရာ လာပါဦး" ဟု ပြန်ခေါ်သည်။ ထိုသူ ပြန်လျှောက်လာ၏။

"ခုနစ်ကျပ်ခွဲထားပါဆရာ"

"သုံးကျပ်ပဲ ပေးနိုင်မယ်"

ထိုသို့ ဆက်လျှောက်သွားပြန်ရာ၊ ခြေလှမ်းနှစ်ဆယ်မျှ အရောက်၌ ပြန်ခေါ်ပြန်၏။ ထိုသူ လျှောက်လာသည်။

"တိုးပေးပါ ဆရာ"

ထိုသူသည် သော့ခလောက်ကိုမကြည့်၊ ဈေးနှုန်းကို စိတ်မဝင်စားတော့ပါ။

"ဟော့. . . မင်းလူမှားနေပြီထင်တယ်၊ ငါဟာ မင်းသူငယ်ချင်း မဟုတ်ဘူး၊ သွားလိုက် ပြန်ခေါ်လိုက်နဲ့၊ မင်းကျီစားစရာ မင့်သူငယ်ချင်း မှတ်နေလား"

ဤသို့ ဟောက်လိုက်တော့မှ လိုရာခရီးသို့ ဖြောင့်တန်းစွာ သွားနိုင်လေတော့၏။



## သေမှ သေစေတော့

တချို့လူများသည် အစား၌ ဝါသနာပါ၏။ အချို့ကား ကြွားရမှ ကျေနပ်သည်။ အချို့မူ အတင်းအဖျင်းပြောရမှ စားပင်အိပ်ပျော်၏။

ဗိုလ်ကလေးဈေးမှာ ဦးသူတော်၏ ဆိုင်နီးချင်းများမှာ အပျိုကြီး လူပျိုကြီးများကို အထီးကျန်ဘဝမှ လွတ်ကင်းအောင် အကျိုးဆောင်ကြရန် ဝါသနာပါကြ၏။ သို့အတွက် ဦးသူတော်အား အသက်ကြီးလျှင် ခက်မည်၊ နာမကျန်းလျှင် ခွကျမည့်အကြောင်းပြကာ အိမ်ထောင်ပြုရန် ဆွယ်တရားဟောကြသည်။

"အလို၊ အိမ်ထောင်ပြုဖို့သာ တိုက်တွန်းနေပြီး ဘယ်သူ့ယူရမယ်ဆိုတာ မပါပါကလား"

"အမြည်းရောင်းတဲ့ ဆိုင်တွေထဲက ဟိုအပျိုကြီးပေါ့၊ ဦးသူတော်ရဲ့၊ ဦးသူတော်နဲ့ဆို နေနဲ့လ ရွှေနဲ့မြ"

"သူ့ကိုတော့ မယူပါရစေနဲ့ဗျာ၊ သူ့ ယူမယ့်အစား လင်းတအတောင်ကြားခေါင်းထား အိပ်ပါရစေ၊ ခြေထောက်က အင်္ဂတေကော်တဲ့သံလက်၊ လက်ကားနေတာကြီးက ကြက်ခြေထောက်နဲ့၊ အမယ်လေး ကျုပ်ဘာသာကျုပ် အသက်ကြီးပြီး ဘူးသီးမှည့် ကြွေသလိုကြွေပြီး သေချင်သေပါစေ၊ သူ့ကိုတော့ မယူပါရစေနဲ့"

ဝါသနာအိုးများမှာ ပြုံးစိစိဖြင့် ကိုယ့်ဆိုင်ကို ကိုယ်ပြန်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဆိုတာ ချိုနဲ့လား

"ဂီတစာဆိုဆရာကြီး . . . ဒီလ ဘာသီချင်းများ ထွက်ဦးမလဲ၊ ခင်ဗျားလဲ အခွေတွေ ခေတ်ကောင်းနေမှ အတော်ပါ်နေနေပါကလား"

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူများက ဆိုင်တွင်းတစ်နေရာရှိစားပွဲတွင် တစ်ယောက်တည်းထိုင်နေသောသူနှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်ရင်း မေးလိုက်သည်။

"မှုရင်းတေးပြုစာဆို ကွယ်လွန်သွားတဲ့သီချင်းတွေထဲက ဘယ်သီချင်းကို ပြန်လည်ဆန်းစစ်ခြင်း အမည်ပေးပြီး ခိုးဝှက်လုယက်ရမလဲ စဉ်းစားနေတာနဲ့ပဲ သူများတွေ ဦးကုန်ပြီလေ"

"ဆရာနှယ် မူရင်းသီချင်းရေးဆရာ ငုတ်တုတ်ကြီးထားပြီး ဒီလိုပဲ ကြောင်တောင်နိုက်နေကြတာ၊ ဆရာ့ကျမှ ပိုင်ရှင်သေတာရှာနေတာကိုး၊ ပင်ပန်းလိုက်တာ ဆရာရယ်"

"သစ္စာမဲ့သူတွေကြားမှာ သစ္စာရှိတော့ မကောင်းဘူးလားကွ၊ ခိုးစရာရှားပါးလာတော့ နောက်လူတစ်စုက လိုက်ပြီးခိုးကြပြန်ရော၊ သစ္စာဆိုတာချိုကြီးနဲ့လား၊ အမြီးတန်းလန်းနဲ့လား မေးရမယ့် လူတွေထဲမှာ ရောပြီး မပါပါရစေနဲ့ မိတ်ဆွေတို့ရယ်၊ သစ္စာရှိရှိ ရေသောက်နေပါရစေ"

လက်ဖက်ရည်ဝိုင်းမှာ တိတ်ဆိတ်သွားလေသည်။





## အရှေ့အလယ်ပိုင်း

ရန်ကုန်နှင့်သံလျင် ကူးတို့သင်္ဘောများအနက် နှစ်စင်းတွဲသင်္ဘောများကို စီးနင်းသူများ နှစ်သက်ကြသည်။ နေ...မိုးမရွာလျှင် အပေါ်ဆုံးအထပ်မှာ စီးနင်းလိုက်ပါ၍ အကော...ဆုံး ဖြစ်သည်။ ရန်ကုန်မြို့ထဲမှ လူများမှာ သံလျင်ဘက်သို့အလည်အပတ်သွားရင်း ထိုသင်္ဘော၏ အပေါ်ဆုံးအထပ်သို့ဘက်မိမှသာ ပြာလဲ့ကြည်လင်သော မိုးကောင်းကင်ကို မြင်ဖူးကြတော့သည်။ သူငယ်ချင်းတစ်စုသည် သင်ဖြူးကလေးတွေ ငှားထိုင်ကာ ကောင်းကင်ပြင်ကြီးကို အားရပါးရ မော့ကြည့်ပြီး ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် တစ်ယောက်က မည်းမည်းမည်းမည်းနှင့် လှည့်ဝဲနေသောအကောင်များကို လက်ညှိုးထိုးပြ၏။

"စင်ရော်တော့ မဟုတ်ပါဘူးနော်"

"စင်ရော်က ဒီလောက်အမြင့်ကြီးတက်ပြီး ဝဲမနေပါဘူးကွာ၊ အဲဒါ လင်းတဟ"

"ဘယ်က လင်းတရမှာလဲကွာ၊ အဲဒါစွန်ဟ၊ လင်းတတွေက အီရတ်အီရန်ဘက်ကို သွားနေကြလို့ မြန်မာပြည်မှာ တော်တော်ကြာရင် လင်းတပျောက်မှာတောင် စိုးရိမ်နေရပြီ"

ဖေဖေအောင်

## အလောင်းစည်သူ

စည်းကမ်းမဲ့သော ဆိုင်ကယ်များကို ကြပ်မတ်နေသည့်ကြားမှပင် ပိုလ်ချုပ်လမ်းအတိုင်း ဆိုင်ကယ်သုံးစင်း အပြိုင်မောင်းလာကြသည်။ သူတို့ကို ပလက်ဖောင်းပေါ်မှ လူများက . . .

www.burmeseclassic.com

www.burmeseclassic.com



"ထမင်း မုန်းနေကြပြီနဲ့တူတယ်ဟေ့"

ကားသမားများကလည်း . . .

"ဘယ်ကွေ့မှာ ရိန်းဂျားနဲ့ဝင်အောင်းပြီး အလောင်းစည်သူ ဖြစ်မယ်မသိဘူးဟေ့" ဟု ကြင်နာစွာ နိမိတ်ဖတ်ကြလေ၏။

## အော်ရှာလိမ့်မည်

ရန်ကုန်မြို့သည် လူဦးရေ တစ်နေ့တစ်ခြား တိုးလာသည်။ ထိုနည်းတူပင် မော်တော်ယာဉ်စင်းရေလည်း တစ်နေ့တစ်ခြား တိုးပွားကာ များပြားလာသည်။ လမ်းပေါ်တွင် ကားများ ပြည့်ခဲနေသည်။ တစ်နေရာတွင် လမ်းပိတ်ဆို့မှုဖြစ်ပွားလျှင် ကားများ ချက်ချင်းပိတ်ဆို့သွားလေ၏။

ယာဉ်သွားလမ်းကျယ်ဝန်းစေရန်၊ ကားရပ်ရန်နေရာရှိရန် စသည်တို့အတွက် လူသွားစင်္ကြံ များကို နောက်သို့ ဆုတ်ပေးရရာ၊ ပလက်ဖောင်းများမှာ ကျဉ်းမြောင်းသေးငယ်ကုန်၏။ ပလက်ဖောင်းဈေးသည်ရှင်းသောနေရာမှာပင် တိုးဝှေ့သွားကြ၏။

ထိုသို့ လမ်းရော ပလက်ဖောင်းပါ ခက်ခဲသည့်ကြားမှ လမ်းတစ်ခုလုံးပိတ်သောစင်များ တစ်ဖက်ပိတ်သောစင်များ မကြာခဏ ဆောက်ကြသောအခါ ယာဉ်ရောလူပါ ဒုက္ခရောက်ကြရတော့သည်။

(၃၂)လမ်းနှင့် (၃၃) လမ်းထိပ် တောင်ဘက်ခြမ်းမှနေ၍



လမ်းပေါ်ဆင်းဆောက်ထားသောစင်ကို မြင်သော ဘတ်စ်ကားခရီးသည်တစ်ဦးက ဤသို့ ညည်းညူရှာသည်။

"လမ်းကျဉ်း၊ ပလက်ဖောင်းကျဉ်းရတဲ့အထဲ ဟိုဟာ အကြောင်းပြ၊ ဒီဟာအကြောင်းပြနဲ့ တစ်ဆိတ်ရှိ လမ်းပေါ် ပလက်ဖောင်းပေါ်လာပြီး စင်ဆောက်ကြတာ တောင်တော်မသိတတ်တာပဲ၊ လမ်းမကြီးတွေသာ အသက်ရှိရင် နဂိုက သေးငယ်ရတဲ့နှမ်းစေ့ပေါ်မှာ စတုဒီသာဇရပ် လာလာမဆောက်ကြနဲ့ဟေ့ လို့ အော်ရှာမှာပဲ"

"ဟုတ်တယ်နော်။ လမ်းသွားလမ်းလာတွေကို ကိုယ်ချင်းစာဖို့ ကောင်းပါတယ်"

ညည်းညူသံကို ကြားသူတစ်ယောက်က ဝင်ရောက်ထောက်ခံလေ၏။

## အို . . . ဟုတ်သားပဲ

ဒုတိယကမ္ဘာစစ်မဖြစ်ပွားမီက ရန်ကုန်မြို့တွင် ရဲသတင်းစာဟူသော သတင်းစာတစ်စောင် ရှိဖူး၏။ အမျိုးသားစိတ်ဓာတ်တက်ကြွစေရန်၊ ရဲရင့်စေရန် ရည်ရွယ်၏။

သို့သော် သတင်းစာကို မလိုလားသော စာရေးဆရာတစ်ဦးက သူ၏ဝတ္ထုတွင် သေခါနီးလူငယ် ကလေးများအား ရဲသတင်းစာကို ဖတ်ကြရန် မှာကြား၏။ ထိုအခါ ကလေးများက "ခုနစ်ပဲသတင်းစာကို မဖတ်ချင်ဘူး" ဟုဆို ငြင်းဆန်ကြကြောင်း ရေးသားထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com




# လှတောသား စကားဝိစ္ဆာ

စကားတန်ဆာ အလင်္ကာအရာတွင် ပြောင်မြောက်ကျပ်လျစ်ခြင်းနှင့်စပ်လျဉ်း၍ စိတ်ဝင်စားစွာ မှတ်သားဖူးသူတိုင်း လေ့လာဖူးသူတိုင်း လှတောသားကို ကြားဖူးမည်ဖြစ်ပေ၏။ လှတောသားကို ဦးစွာပွဲထုတ်သော ပုဂ္ဂိုလ်မှာ ခမ္မကထိက အကျော်ဆရာကြီး ဦးလှသိန်းဖြစ်၏။ ဦးလှသိန်း၏တရားစကားမှာ တစ်နိုင်ငံလုံးပျံ့နှံ့လေရာ၊ လှတောသားကို လူသိများလေတော့သည်။ ထိုမှတစ်ဆင့် ပိုပြီးလေ့လာကြ၊ ရေးသားကြပြန်သောအခါ ကျော်ပြီးသား လှတောသားများ ထပ်မံကျော်ကြားတော့သည်။

ဤသို့ ဘုန်းကူကံမ ကာမျှနှင့် လှတောသားသည် ဤမျှ မကျော်ပေ။ လူစွမ်းလူစကလည်း ထက်ပါပေသည်။ လှတောသားသည် ယောက်ျားကြီး မိန်းမကြီးများသာမက ကလေးများပါနှုတ်စ အာစကောင်းကြ၏။ လှတောသားသည် ရွှေဘိုသွားကားလမ်းဘေးတွင်ရှိသော ရွာကြီးဖြစ်သည်။ အဆက်အဆံ နှံ့စပ်သည်။ အနေကောင်းတွင် ခာတ်ခံကောင်းနင် ဂေါ်းသဖြင့် ပို၍ ကျော်ကြားသည်။

ကျော်လည်းကျော်ကြားထိုက်ပါပေသည်။ လှတောသား စကားတွင် ရာဇဝင်ထဲက ရမည်းသင်းသား သီလဝလည်းပါ၏။ မဏိစည်သူမင်း၊ ကျန်စစ်သား၊ ပန်းပဲမောင်တင့်တယ်တို့လည်း ပါ၏။ မဟာဝင်၊ ဗုဒ္ဓဝင်၊ ငါးရာငါးဆယ်မှ ဒုသနသောလည်း မကျန်ရ။ စိဋ္ဌမာန၊ ဒေဝဒတ်၊ သိဒ္ဓတ္ထမင်းသား၊ ကဏ္ဍကမြင်း၊ ဆန္ဒအမတ်၊ စေတီပ[illegible]ါ်းတို့လည်း ကျန်မနေခဲ့ပေ။ အကြံအား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှုလည်း ပါသောကြောင့် ဤမျှထင်ရှားကျော်ကြားသော လုံတောသားစကားများကို မြည်းစမ်းကြည့်ကြစေလိုပါသည်။

ဖလဖ

## ကားဟွန်းကို ဆုံးမသူ

ကလေးအဖေ လူငယ်တစ်ယောက်သည် ကလေးကို တုတ်သေးသေးဖြင့် ရိုက်နေသည်။ "နောက်ကို ပူအုံးမလား" ဟု လည်းမေး၏။ မေးလည်းမေး၊ ရိုက်လည်း ရိုက်၏။

ထိုစဉ် အနီးအနားမှ ဖြတ်သွားသော ရင်းနှီးသော လူတစ်ယောက်က လှမ်းအော်၏။

"ဟကောင် ဘာဖြုလို့ကလေးကို ရိုက်နေတာလဲ"

"ဆိုးလွန်းလို့ကွာ၊ တစ်ချိန်လုံး ပူဆာနေတာပဲ"

"ကလေးပဲကွာ"

"ကလေးပေမယ့် ဆိုးကိုဆိုးလွန်းတယ်၊ တကျီကျီနေတာ များ ကားဟွန်းကို ဖနောင့်နဲ့ဖိနင်းထားမိတဲ့အတိုင်း နားကို ငြီးနေတာပဲ"။

ဖလဖ

## ကူးတို့ခပင် မပါ

စိုင်နိုင်သားတစ်စုသည် လုံတောရွာသို့ နွားဝယ်ရန်ဆို ကာ ရောက်လာကြပြီး နွားရောင်းလိုသူများ၏ အိမ်စေ့အောင် လျှောက်သွားပြီး နွားတွေကိုကြည့်သည်၊ ဈေးမေးသည်။



ဆစ်ကား မဆစ်။

ထိုသို့ တစ်နေရာပြီး တစ်နေရာ လျှောက်သွားနေသဖြင့် အလွန်ရောင်းချင်နေသော လုံတောသားတစ်ဦးက ဟားခါက် ကြည့်၏။

"တကယ်( ချင်ရင်တော့ အဆ ပြေအောင် ပြောကြ တာပေါ့ဗျာ၊ အခု ခင်ဗျားတို့က ငွေဘယ်လောက် "လိုက်"မယ် စိတ်ကူးပြီး ဘယ်လောက် ယူလာကြလို့လဲ"

"ကောင်းရင် ကောင်းသလောက်လိုက်မယ် စိတ်ကူး ရှိပါတယ်၊ ဒါပေမယ့် ငွေတော့ ထည့်မလာဘူးဗျာ"

"အလိုလေးကွယ်၊ မေးလိုက် မြန်းလိုက်ပတော့ဖြင့် ထောင်တန်နဲ့သောင်းတန်ချည်းပဲ၊ အိတ်ထဲမှာတော့ ကူးတို့ခ ကလေးတောင် ပါမလာဘူးဆိုပါကလားကွယ်"

နွားရောင်းလိုသောကြောင့် တီးခေါက်မိသူမှာ စိတ်ပျက် စွာဖြင့် လွှတ်ခနဲပြောလိုက်၏။

ဖလဖ

## ကောင်းခြင်း အဖြာဖြာ

လုံတောသားသုံးလေးယောက်သည် မန္တလေးသို့ သွားရန် မန်း-ရွှေဘို ဘတ်စ်ကားတစ်စီးကို စီးလျက် လိုက်ပါလာ ကြ၏။ ကားထိုင်ခုံများသည် ရှေ့သို့လှည့်မထားပေ။ ဘေးတိုက် အနေနှင့် ကားနံရံကို ကျောပေးထိုင်ရသော ခုံရှည်များ ဖြစ်၏။

ကားပေါ်တွင် ခရီးသည် နည်းသဖြင့် ခုန်သည်။ ဆောင့် သည်။ လမ်းကလည်းကြမ်း၊ အမောင်းကလည်း ကြမ်းသည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ယူများလွှင့်မြောက် တက်ကုန်သည်။ အကွေ့တွင် စင်ထွက်ကုန်သည်။

လွှတ်တော်သားတစ်ယောက်သည် ကားကြမ်းပြင်ပေါ်သို့ လွှင့်စင်ကျသွားရာက ကုန်းထရင်း . . .

“ဟလိုလေးကွယ်၊ ကားစီးရတာ [illegible] ပ်တမ်းကစားနေရတဲ့ အတိုင်းပါကလား” အော်ပြောလိုက်ရာ ခရီးသည်များမှ ပြိုင်တူရယ်မောမိကြလေသည်။

ဖဖဖဖဖ

## ကတ္တရာပုံး၏ ကံကြမ္မာ

ကားဂိတ်တွင် လူများ စည်ကားနေသည်။ ကားဂိတ်လက်ဖက်ရည်ဆိုင်တွင် ခရီးသည်များနှင့် လွှတ်တော်သားများ ရှိနေသည်။ ကားထွက်ကာနီးတွင် လွှတ်တော်သို့ လာရောက်လည်ပတ်သော ဧည့်သည်တစ်ယောက်နှင့် လိုက်ပို့သူများ ရောက်လာကြသည်။

လက်ဖက်ရည်ဆိုင်ထဲမှ လွှတ်တော်သားတစ်ယောက် ဧည့်သည်ကို စေ့စေ့စပ်စပ်ကြည့်ပြီး . . .

“လိုက်ပို့တဲ့လူနဲ့ နောက်ပါအခြွေအရံကတော့ အကျော်ဘိဏီ တစ်တပ်စာရှိပါရဲ့၊ လူရဲ့ဥပမိရုပ်ကတော့ ကားကြိတ်ခံရတဲ့ ကတ္တရာပုံးလောက် မသားနားလိုက်လေ” ဟု ပြောလိုက်လေ၏။

ဖဖဖဖဖ



## ကပ်ဆွေး အာမခံ

လွှတ်တော်သားဘောလုံးသင်းနှင့် စိုင်နိုင်ဘောသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လွှတ်တော်သင်းရှုံးခဲ့ရသည်။

ထိုအကြောင်း လွှ[illegible]တော်သားများသည် [illegible]ပက်ဖက်ရည်ဆိုင်တွင်း၌ မကျေမချမ်း [illegible]ဘဲ ပြောနေကြရာ ဆိုင်ထဲတွင် ရောက်နေသော ကျီးကန်သားတစ်ယောက်က . . .

“စိုင်နိုင်သင်းက မင်းတို့ လွှ[illegible]တာကိုသာ နိုင်တာပါကွာ၊ တို့ရွာအသင်းနဲ့ဆိုရင် အလွန်ဆုံးရှိလှ သရေလောက်ပဲကွ” ဟု ပြော၏။

“သရေ ဟုတ်လား”

လွှတ်တော်သားတစ်ယောက် ဒေါနှင့်မာန်နှင့် ချေပ၏။

“အေး ခင်ဗျားတို့အသင်းနဲ့ သရေကျချင်ရင်တော့ ခင်ဗျားတို့ ဂိုးပေါက်ကို ကပ်နဲ့ပိတ်ထားပေတော့၊ အဲ. . . ကပ်က ဆွေးနေဦးမယ်ဆိုရင် ခင်ဗျားတို့ ရှုံးမှာပဲ”။

ဖဖဖဖဖ

## ကျီးကန်း အစာဆန်း

ကျီးကန်သားပါဝင်သော လွှတ်တော်သားများသည် လက်ဖက်ရည်ဆိုင်မှ မထဖြစ်ကြသေးဘဲ ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် ရွှေဘိုဘက်မှလာသော ကားတစ်စီးသည် ဆိုင်ရှေ့သို့ ထိုးဆိုက်လာသည်။

စပယ်ယာက လက်ဖက်ရည်ဆိုင်ရှေ့သို့ ရေကို ခပ်ယူကာ ကားတိုင်းကီကို ရေဖြည့်နေခိုက်ဝယ် ကားနောက်မှီးပိုင်းကျ

www.burmeseclassic.com

www.burmeseclassic.com



သူများ ဆင်းလာကြသည်။ အချို့က အပြေးအလွှား ရောက်လာ
သည်။ အချို့က အပေါ်သွားသည်။

နောက်မြီးမှ ဆင်းလာပြီး တောင်ငေးမြောက်ငေးလုပ်
နေသော လူတစ်ယောက်ကို မြင်သောအခါ လှေကောသားတစ်
ယောက်မှ တအံ့တသြနှင့် . . .

"အလိုလေးကွယ်၊ အသားနှယ် မည်းရှာလိုက်လေ၊
သူ့အမေ ကျိုးကန်းမ လက်ကွယ်နေ့ည သန်းခေါင်ယံမှာ မီးသွေး
တွေစားပြီး မွေးလား မှတ်ရ" ပြောလိုက်ရာ၊ ဆိုင်တွင်းရှိ လူများ
ဝါးခနဲ ရယ်မောကြလေ၏။ ထိုသူမှာ သာမန်မည်းရုံမဟုတ်ဘဲ
နက်မှောင်ပြီး ပြောင်လက်နေရာ လှေကောသား ပြောလည်း ပြော
စရာပင်။

ဖေလှအေး(၁)

## ကျိုးစောင့်ကြက်နှင်

အခြားရွာသားတစ်ဦးသည် ဆွေမျိုးသားချင်းများရှိ
သော လှေကောရွာသို့ အလည်အပတ်အနေနှင့် ရောက်လာလေ
သည်။ ဆွေမျိုးများနှင့် ပတ်သက်ပြီး မျက်နှာသိများ၊ ဆွေမျိုးများ
လည်း ရှိထားနှင့်သည်။

သို့ကြောင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူ သူ့လေး
ယောက်က သူ့အား "ဘယ်တုန်းက ရောက်လဲ၊ လုပ်ခင်းဆောင်
တာ ဘယ်လိုနေလဲ" စသည်ဖြင့် မေးမြန်းကြ၏။

'ရာသီဥတုတော့ဗျာ ထုံးစံအတိုင်းပါပဲ၊ မကောင်းလှပါ
ဘူး၊ ခေါင်းပါးတဲ့အရပ်မို့ ရာသီဥတုကောင်း၊ မိုးမြောင်းက ရေမှန်



တဲ့ ခင်ဗျားတို့အရပ်ကို အတောင်းအရမ်း အချေးအငှား လာခဲ့
တာဗျ၊ ဒီမှာ အဝတ်အစား အသုံးအဆောင်ပေါတယ် မဟုတ်
လား"

ထိုစကားကို လှေတောသားတစ်ယောက်က လှမ်းပြီး
ဖြေရှင်း၏။

"ဟလိုလေး အထင်ကြီးလိုက်လေမိတ်ဆွေရယ်၊ ပေါ
တယ်မပေါတယ်ဆိုတာ အထူးပြောမနေပါရစေနဲ့တော့၊ ကျုပ်
မိန်းမ ကျိုးကန်းတွေ ဝိုင်းမှာစိုးလို့ လောက်လေးကိုင်ပြီး နေ့တိုင်း
ထိုင်စောင့်ရတယ်ဗျာ"။

ဖေလှအေး(၁)

## ကျစ်ကျစ်ထုပ်ထား

ရန်ကုန်မှ ဘုရားဖူးပြီး ပြန်လာသော ရန်ကုန်ပြန်
အသစ်ကျပ်ချွတ်ကြီးများကို အလုံးပွဲလာသော မျက်နှာသိများ
က သတင်းပတင်း စုံစမ်းကြသည်။

"မနွလေးနဲ့ဘယ်က ကားပိုပေါလဲ"

တစ်ယောက် မေးလိုက်ရာ . . .

"ရန်ကုန်က ပိုမယ်ထင်တာပဲ၊ အဲဒါလောက် ပေါတာ
တောင် တစ်စီးမှ ချောင်ချောင်ချိချိ မရှိဘူး၊ ရေခန်းတဲ့အိုင်ထဲ
မှာ ငါးတွေ တိုးနေတာကျနေတာပဲ"

"ခါးပိုက်နှိုက် ခံခဲ့ရသေးလား"

"ခံတော့ မခံရပါဘူး၊ ဒါလောက် လူကျပ်နေမှာတော့
ပိုက်ဆံနှိုက်ရုံ မဟုတ်ဘူး၊ အမေပေးလိုက်တဲ့ မွေးရင်းပါပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်ယူသွားတာတောင်မှ ဘာမှတတ်နိုင်မှ မဟုတ်ဘူး၊ လှုပ်လို့ လှည့်လို့တောင် မရတာဘဲ"

## ကျဉ်းဆိုသမျှ ထိပ်ခေါင်

မူးရေသည် ထိုအရပ်ဒေသ လယ်သမားများ၏ အသက်သွေးကြောသဖွယ်ဖြစ်သည်။ မိုးမရွာသည့်တိုင်အောင် မူးရေမှန်လျှင် လှုံတောသားများနှင့် မူးသောက် လယ်သမားများ မပူကြပေ။ သို့ရာတွင် မူးမှာလည်း မိုးည့်သောကြောင့် မမှန်ချင်။ မကောင်းချင်လှပေ။ သို့ကြောင့် ညည်းကြသည်။

"ရေမမှန်တာလဲ မပြောနဲ့လေ၊ မူးတွေကောနေပုံကိုလဲ ကြည့်ပါဦး၊ လင်ဗန်းကို မှောက်ထားတာကမှ တော်ဦးမယ်"

"ကောမှာပေါ့၊ မြောင်းလုပ်သားတွေက ဂရုမစိုက်ကြတာပဲ၊ ရေလွှတ်ပေါက်တွေများ တစ်နှစ်ထက်တစ်နှစ် ကျဉ်းကျဉ်းလာလိုက်တာ ငါးမြွေထိုးတောင် လမ်းမလျှောက်သာတော့ဘူး"

ဤသို့ဖြင့် တစ်ယောက်က စလိုက်ရာ တစ်ယောက်တစ်ပေါက်ဖြင့် မဆုံးနိုင်သော စကားရည်လုပွဲကြီး ဖြစ်လာသည်။

## ကျယ်လွန်းပုံ

မူးကောပုံကို အထက်ပါအတိုင်း တစ်ယောက်စ,လိုက်သောအခါ လှုံတောသား၏ ဦးနှောက်သည် တောက်ပကွန့်မြူးလာကာ နောက်တစ်ယောက်က အောက်ပါအတိုင်း ဆင့်လိုက်



ပြန်ပါသည်။

"ဟလိုလေး၊ မင့်ရေဝင်ပေါက်ကျဉ်းတာ မပြောနဲ့၊ မူးကိုက ကောနေတာပဲကွ၊ ငါလယ်နားက မူးကောလိုက်ပုံများ တီကောင်နှစ်ကောင်တောင် ရှောင်ဖို့ မလွတ်တော့ဘူးကွယ်"။

## ကြာချေပြီ

လှုံတောရွာသားတစ်ဦး၏ အိမ်သို့ အခြားအရပ်မှ ဧည့်သည်များ ရောက်လာကြသည်။ ဧည့်သည်ရောက်လာသည်ကြားလျှင် ရွာထဲမှ လူများလည်း မိတ်ဖွဲ့ရန် ရပ်ရွာဓလေ့ ဇာတသုတများ စူးစမ်းရန် ရောက်လာကြ၏။ ထိုစကားဝိုင်းတွင် ဧည့်သည်ကပင် စတင်၍ စုံစမ်း၏။

"ခင်ဗျားတို့ အရပ်ကတော့ ဆန်ရေစပါး ပေါများပြီး လူတွေလဲ ချောင်ချောင်လည်လည် ရှိကြမှာပဲနော်"

"မိုးလေဝသ မမှန်တော့ မူးလဲ မမှန်ဘူးပေါ့ဗျား၊ ဒါကြောင့် ဆန်ရေစပါးလဲ ရကြတယ်လို့ မရှိပါဘူး၊ ဆန်ရေစပါးမှ မရတာ ဘယ်မှာ ချောင်လည်နိုင်ပါ့မလဲ၊ အလှူအတန်းလေးများလဲ အတော်ပါးနေပြီဗျ"

ထိုအခါ တစ်ယောက် ကြားဖြတ်ပြောလိုက်ပုံမှာ . . .

"အလှူအတန်း ဘယ်လောက် ပြတ်မပြတ် ပြောမနေနဲ့ ဘုန်းတော်ကြီးတွေတောင် သင်္ကန်းရုံပုံ၊ တင်ပျဉ်ခွေထိုင်ပုံကို မေ့မတတ်ဖြစ်နေပြီ"

လှုံတောသားများပြောလိုက်လျှင် အလွန်ကလေး အကျဲ

www.burmeseclassic.com

www.burmeseclassic.com



ကလေးပါသောကြောင့် စကားဝေဆာရပုံကို သိထားပြီးဖြစ်သော ဧည့်သည်များမှာ ဟားတိုက်ရယ်မောကြလေ၏။

## ကြာညောင်းလိုက်ပုံကြီး

ဦးကြီးတစ်ယောက်၏ကွမ်းယာဆိုင်တွင် လှတောသား လူငယ်လေးများ ကွမ်းယာဝယ်စားကာ ကျပ်တန်တစ်ရွက် ပေးထားခဲ့ပြီး ထွက်သွားကြသည်။

ဦးကြီးမှာ မျက်စိသိပ်ဝေဟန်တူပေသည်။ လူငယ်ကလေးတွေ ကားလမ်းကို ဖြတ်ကျော်မိချိန်အထိ သူတို့ပေးခဲ့သော ကျပ်တန်ကို ရှာမတွေ့သည့်အတွက် . . .

"ကလေးတို့ ကလေးတို့၊ ပိုက်ဆံမပေးရသေးဘူးထင်တယ်"

အော်ပြောသည်။

လူငယ်လေးတစ်ယောက်က ပြန်လှည့်လာပြီး . . .

"အလိုလေး အဘိုးရယ်၊ ပိုက်ဆံပေးထားခဲ့တာ ဘုရားလေးဆူတောင် ပွင့်ပြီးသွားပါပကော" ပြောကာ သူချပေးခဲ့သော ကျပ်တန်ကို လက်ညှိုးထိုးပြလိုက်လေ၏။

## ကြီးလိုက်သည့်မီး

လွန်ခဲ့သောနှစ်ပေါင်း များစွာကြာခဲ့သည့်အချိန်တစ်ချိန်က ဝက်လက်မြို့တွင် မီးကြီးလောင်ခဲ့ဖူးပေသည်။ မီးလောင်



သည့်အချိန်မှာ ညဥ့်အချိန်ဖြစ်သော်လည်း မီးအားကောင်း၍ ၇-မိုင်မျှဝေးသော လှတောရွာမှပင် မြင်ရ၏။

နံနက်တွင် လှတောသားတစ်ယောက် ဝက်လက်မြို့မှ ပြန်လာပြီး မီးသတင်းကို ပြောရာ "မီးကြီးပုံနဲ့တော့ မြို့ပေါ်မှာ အိမ်မှကျန်သေးရဲ့လား" ဟု ထိုသူအား မေးမြန်းကြ၏။

"ဒီကတောင် မြင်ရသလား"

"မြင်လဲမြင်ရတယ်၊ မီးကြီးတာလဲ သိတယ်၊ ဘယ်လောက်များသိသလဲဆိုရင် မီးရောင်ကောင်းလွန်းလို့ လှတောသူတွေအားလုံး ကားလမ်းဘေးထွက်တန်းစီပြီး သန်းရှာနေကြတယ်လေ"။

## ကြိုးနှစ်ကြိုးငိုကာ

လှတောသားကြက်သမားတစ်ယောက်အိမ်သို့ အခြားရွာသားဝါသနာတူ တစ်ယောက်ရောက်လာရာ၊ တိုက်ကြက်တစ်ကောင်လည်းပါလာ၏။ သူသည်ကြက်ကို ပိုက်၍ချည်းထားသဖြင့် "လူပူမိလိမ့်မယ်" ဆိုကာ ချအထားခိုင်း၏။ ကြက်ချည်ရန် သင့်လျော်သောကြိုးတစ်ချောင်းလည်း ထုတ်ပေးရာ ဧည့်သည်သည် ပေးသောကြိုးကို မယူဘဲ နွားတင်းကုပ်တွင် နွားချည်သော ကြိုးကို သွားယူ၏။

"ဟာလိုလေး ဘုရား၊ မတော်တာမလုပ်ပါနဲ့၊ ဆင်ချည်တဲ့ကြိုးနဲ့ ကြက်ချည်ရင် ကျွတ်သလို၊ ကြက်ချည်တဲ့ကြိုးနဲ့ ဆင်ချည်ရင်လဲ လွတ်မှာပေါ့၊ သူနေရာနဲ့သူ လုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့လဲ လူတောသားက စကားအကောင်း ပြောတတ်သဗျ"

"ဟလိုလေးကောင်ရာ၊ လူတောသားရဲ့စကားဟာ အမြဲ ကောင်းနေကျပါကွာ၊ ကောင်းလွန်းလို့ စကြာဝဠာတံတိုင်းမှာ ကူးရေးထားတာ အပြည့်ပဲ"

## ကြက်သားဟင်းလား၊ ထင်းစည်းလား

ကထိန်ပွဲမှာ ဧည့်ပရိသတ်များ စည်ကားနေ၏။ လူတောသားများအပြင် အခြားရွာသားများလည်း လာရောက်ကြသည်။

ထမင်းစားပြီးနောက် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ထိုင်နေသူတစ်စုထံသို့ ကထိန်တာဝန်ခံတစ်ယောက်ရောက်လာပြီး စကားစမြည်းပြော၏။

"လိုငွေနှင့်ရငွေမျှမျှတတမှ ဖြစ်ပါ့မလားလို့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ ဖြစ်နေလိုက်ရတာဗျာ၊ ရင်ဘတ်ပေါ်မှာ ကျူဘိုတာစက်ကြီးတင်ပြီး မောင်းထားသလားမှတ်ရ"

ထိုသို့ ပြောပြီးနောက် သူကပင် ဆက်လက်၍ မေး၏။

"ထမင်းကော စားပြီးပြီလား"

"မြိန်ကော မြိန်ရဲ့လား"

"သင့်ပါတယ်"

"ဟင်းလဲ စုံပါတယ်နော်"

"ဟင်းတော့စုံပါရဲ့၊ ဒါပေမယ့် မကြိုက်ပါဘူးဗျာ၊



ကြက်သားဟင်းဆိုတယ်။ မုဆိုးမခုတ်လာတဲ့ ထင်းစည်းကို ပန်းကန်ထဲ ထည့်ထားသလား အောက်မေ့ရတယ်၊ တစ်ပန်းကန်လုံး အရိုးချည်းပဲ"

## ကြောက်နေရပါလား

စကားအရာတွင် လူတောသားသည် လူကြီးသာမက ကလေးကပါ ကျွမ်းကျင်ကြောင်းကို ဖော်ပြခဲ့ပြီးပြီ။

လူတောရွာကျောင်းတွင် ကျောင်းသားများ တစ်ဦးနှင့် တစ်ဦးစကြ၏။ တစ်စုနှင့်တစ်စု၊ တစ်ရွာနှင့် တစ်ရွာမခံချင် အောင် ပြောကြ၏။ တစ်နေ့တွင် လူတောကျောင်းသို့ ကျောင်း လာတက်သော ကလေးတစ်ယောက်က လူတောသားကျောင်း သားအား ဤသို့ဆို၏။

"မင်းတို့ကောင်တွေ ဘုရားမှန်း တရားမှန် သိတာ မဟုတ်ဘူး။သေရင် ငရဲရောက်ပြီး ငရဲပြည်မှာ ရှာတည်နေကြ မယ့်ကောင်တွေ"

လူတောသားကျောင်းသားက ချက်ချင်းပင် လူတော သား၏အစွယ်ကို ဤသို့ ထုတ်ပြလိုက်ပေ၏။

"ဟလိုလေးကွယ်၊ လူတောသားထက် ဘုရားတရား မြတဲ့လူဟာ ဝိသာခါကျောင်းအမပဲရှိသကွ၊ မင်းတို့တတွေသာ ဟစ်ရွာလုံး ငါးဖမ်းနေတာ၊ ရေအိုင်မြင်တိုင်း ငါးပက်ကြလွန်း လို့ ငါတို့မှာ ကျောက်လမ်းပေါ်တောင် သေးမပေါက်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



## ကြိုက်လိုက်ပုံကြီး

လက်ဖက်ရည်ဆိုင်တွင်းသို့ လူတောသားတစ်စုဝင်လာကြသည်။ လက်ဖက်ရည်ကို တစ်ယောက်တစ်ပေါက် မှာကြသည်။ တစ်ဦးက ကျကျ၊ တစ်ဦးက ရိုးရိုး၊ နောက်တစ်ယောက်က ချိုပေါ့၊ နောက်ဆုံးတစ်ယောက်ကမူ ထူးခြား၏။

"ကျုပ်ကတော့ ချိုချိုတို့"

ချိုချိုကြိုက်လျှင် ဂနိုင်ကျသည်ထင်ကာ ဟန်လုပ်ပြီး ကျကျ ချိုပေါ့စသည်ဖြင့် လုပ်နေချိန်တွင် ချိုချိုမှာသူတွေ့ရသောကြောင့် ဆိုင်ရှင်က ထပ်မေး၏။

"ဘယ်လောက် ချိုရမှာလဲ"

အလွန်ချိုနေပြန်၍ အကျရည်ထပ်စွက်ခိုင်းလျှင် အပိုကုန်မည်စိုး၍ မေးခြင်းဖြစ်၏။ အဖြေမှာ . . .

"ချိုလို့ကတော့ ဘယ်လောက်ချိုချိုဗျာ၊ သောက်ပြီးတော့မှ ရေဟောင်းအပေါက်ဝကို ပုရွက်ဆိတ်တွေလာပြီး အုံဖွဲ့နေချင်နေပါစေ"။

ဖေလှဒကာဆွ

## ကြောင်ဒုစ်ကောင်ဂီတ

တေးဂီတဝါသမာအိုး ဂစ်တာသမားသည် နေရာတိုင်း၌ ရှိ၏။ သူတစ်ပါးအား အနှောင့်အယှက်ဖြစ်မဖြစ် မသိတတ်သော ဂစ်တာသမားလည်း နေရာတကာတွင် ရှိ၏။ လူတောရွာတွင်လည်း ထိုကဲ့သို့သော ဝါသနာအိုးများရှိသည်။ လူသူလေးပါး အိပ်ချိန်တွင် သီတတ်ရန်၊ ဆင်ခြင်ရန်၊ လွတ်ရာသွားရန် ပြောသော်လည်း မလေးမခန့်လုပ်နေသူများလည်း ရှိပေသည်။ ပြော



ချပန်များသောကြောင့် ပြောရန် လက်လျှော့ထားသော အိမ်ရှင်တစ်ယောက်သည် ဂစ်တာသံ မကြားရသောကြောင့် ဝမ်းသာနေ၏။ သို့သော် သူအိပ်ရာဝင်ရောက်သည်နှင့် မရှေးမနှောင်းပင် သံသေးသံကြောင်ရော ဂစ်တာသံပါ ပေါ်လာသည့်အတွက် . .

"ဟော . . . ဘုန်းပါပြီရှင်၊ ခုနှစ်ရက်သားသမီး နားမချမ်းသာအောင် ထန်းရွက်ပုံပေါ်မှာ ကြောင်နှစ်ကောင်ကိုက်တဲ့အသံ [illegible]သောတဆင်တော်မူကြပါ" ထအော်လိုက်ရာ အသံများသည် ဘဲဖြည်းဖြည်း ဝေးသွားတော့၏။

ဖေလှဒကာဆွ

## ကွန်ပျူတာတစ်ရာ

လူတောသားတစ်ယောက်သည် စိုင်နိုင်ငံသို့ ကိစ္စတစ်ခုနှင့်သွားရင်း သူငယ်ချင်းအိမ်သို့ ဝင်သွားသည်။ တစ်အိမ်လုံးမှာ ကလေးတွေချည်းဖြစ်နေသဖြင့် သူငယ်ချင်းလင်မယားကို ကလေးများကြားတွင် မနည်းရှာယူရလေသည်။

သူငယ်ချင်းက ဝမ်းသာအားရကြိုဆိုကာ နေရာထိုင်ခင်းပေးနေစဉ် လူတောသား ညည်းရှာ၏။

အမှတ်တမဲ့တော့ ငါဝင်လာတာဟာ မူလတန်းကျောင်း[illegible] မှား[illegible] ဝင်လာမိရောသလား ထင်မိတယ်ဟ"

"ရတနာတွေ စုထားတာကွ"

"ဟယ်[illegible]လေးကွယ်၊ မင့်ရတနာ[illegible] ကွန်ပျူတာ[illegible] ရှင်[illegible]ကောင် တစ်လုံးနဲ့နိုင်မှာ မဟုတ်[illegible] ကွန်ပျူတာ အလုံး[illegible]လောက်နဲ့မှ တန်ကာကျမယ်"

ဖေလှဒကာဆွ

www.burmeseclassic.com

www.burmeseclassic.com



## ကြက်နဲ့ဆင် ကစားပွဲ

လက်ဖက်ရည်ဆိုင်ထဲတွင် လူတောသားများ၏ မကျေမချမ်းပြောသံများ ဆူညံနေ၏။ ဝက်လက်ဘုရားပွဲတွင် ဘောလုံးပွဲထည့်ပေးရာ လူတောရွာအသင်းနှင့် ဥန္နဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်တွင် လူတောအသင်းရှုံးခဲ့သည်။ ရှုံးရခြင်းမှာ မြို့နယ်လက်ရွေးစင်များ ရုပ်ဖျက်ကာ ဥန္နဲ့ဘက်မှ ထည့်သွင်းကစားသောကြောင့်ဆိုကာ ကျွတ်စီကျွတ်စီ ဖြစ်နေကြခြင်း ဖြစ်၏။ ထိုအခိုက်တွင် ကျေးကန်းသားတစ်ယောက်က မီးလောင်ရာလေပင့်၏။

"မောင်ရင်တို့ ဘောပွဲရှုံးခဲ့ကြတယ်ဆို"

"ရှုံးလိုက်ပုံများတော့ သူတို့သွင်းတဲ့ဘောလုံးကိုသာ ကောက်ကောက်ပြီး သိမ်းထားရင် အပြန်ခါ ကားတစ်စီး အပြည့်ပေါ့ဗျာ"

"ရှုံးလှချေလား"

"မရှုံးမခံနိုင်ရိုးလားလူရာ၊ ကြွက်ကို ကြိုးနဲ့တုပ်ပြီး ဆင်နဲ့အနင်းခိုင်းတာ ဒီကြွက် ဘယ်ခံနိုင်တော့မလဲဗျ"

## ကြွက်ဘယ်သွားပါလိမ့်

သူတို့သည် လူစုမိသည်ဆိုလျှင် မုးအကြောင်း၊ မိုးအကြောင်း၊ စပါးအကြောင်း၊ ပိုးအကြောင်း မပါမပြီးပြောမိလေ့ရှိကြသည်။ ယနေ့လည်း စကားစစဉ်ကမူ ကားနှစ်စီးတိုက်မိသည့်အကြောင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် ဟိုရောက်သည်ရောက်ပြောကြရာက နောက်ဆုံးတွင် မိုးလေဝသဘက် ရောက်သွား၏။ ထိုအခါ တစ်ယောက်က . . .

"မိုးလေဝသကောင်းပြီး မုးမှန်တဲ့ အရင်နှစ်တုန်းကတော့လဲ အလျှုတွေပေါလွန်းလို့ ခေါင်းလောင်းသံ တဒုန်ဒုန်ကြေးစည်သံတဝေဝေနဲ့ တယ်ကျက်သရေရှိခဲ့တာပဲ"

ဤသို့ စတင်လိုက်သော်လည်း မည်သူမျှ ထောက်ခံမပေးသဖြင့် သူကပင် ဆက်လက်၍ . . .

"အဲ ဒီနှစ်မှာတော့ ကြေးစည်နားရွက်ကြွက်တိုးတဲ့အသံတောင် မကြားရတော့ဘူး" ဟု ဆွေးဆွေးမြည့်မြည့် ပြောနေ၏။

## ကြွပ်သမျှကို

ဆန်စက်တွင် ဆန်ကြိတ်ရန်အတွက် ထောက်ခံစာပါပြီးသော်လည်း ထောက်ခံစာမှာ ဝယ်လာသောထောက်ခံစာဖြစ်နေ၍ တ်သေးသဖြင့် အမျိုးသားမှတ်ပုံတင်ကတ်ပြားကို တောင်းယူစစ်ဆေးရသေးသည်။ ထို့ကြောင့် ဆန်ကြိတ်လိုက်သောလယ်သမားကြီးက သူ၏ကတ်ပြားကို ထုတ်ပြရာ စာရေးမှာ မှတ်ပုံတင်ကို မကိုင်ရဲပေ။

"ပြန်ယူပါဗျာ၊ ပြန်ယူပါ၊ ခင်ဗျားကတ်ပြားကို ကိုင်လို့မဖြစ်ပါဘူး၊ မှတ်ပုံတင်ကြွပ်ဆပ်နေပုံက ကြက်ဥခေါက်မုန့်ကျနေတာမို့ ကိုင်မိရင် ကြွေကျကုန်တာနဲ့ တစ်မှုန့်စီ ကောက်ယူရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ခေါက်ထားပုံရော၊ နီကြောင်ကြွပ်ဆတ်နေပုံတို့မှာ ကြက်ဥခေါက်မုန့်နှင့်အလွန်တူသောကြောင့် ပြောလိုက်ခြင်း ဖြစ်၏။

## ခဲနေရော့မည်

အခြားသူတွေမှာ အေးလွန်းသောကြောင့် မီးဖိုနားက မခွာဘဲ ရေနွေးပူပူသောက်နေစဉ် သောက်ရေအိုးမှ ရေကို အားရပါးရ သောက်နေသော ကလေးအား ဖခင်က လှမ်းပြောလိုက်ပုံမှာ . . .

"ဟာလိုလေး အသည်းခြောက်ကလေး၊ ဒါလောက် အအေးကြိုက်ရင် ရေခဲသေတ္တာထဲဝင်ပြီး နို့အေးချောင်း စားပါတော့လား၊ အဲဒီတော့မှာ အပေါ့သွားမရ ဖြစ်ပြီး အရှည်လိုက် ခွဲထုတ်ရလိမ့်" ဟူ၍ ဖြစ်ပေ၏။

## ခေါင်တန်းက မောင်ဖမ်း

သမီးချောမိခင် လုတောသူတစ်ဦးမှာ သမီးအတွက် ရင်မအေးရှာပေ။ သမီးကို အိမ်ပြန်လွှတ်ရလျှင် လည်ပင်းတစ် ရှည်ရှည် ဖြစ်နေရှာ၏။

တစ်နေ့တွင် သူ့သမီးအဖြစ်ကို ရင်ဖွင့်ပုံမှာ . . .

"မလွဲမကင်းသာတဲ့ကိစ္စရှိမှသာ သမီးကိုအိမ်ပြန်လွှတ် ရတယ်၊ မတတ်သာလို့ ခိုင်းလိုက်ရင်လဲ သမီးကလေးမှာ လမ်းကို



ဘန်းတန်းမတ်မတ် မသွားရဲဘူး၊ ယောက်ျားလေးတွေက အလိုက်သိုက်ပေး စကားလိုက်လိုက်ပြောပုံများတော့ ဟိုကကာ ဒါကဆီးနဲ့ ဟုပ်ဆီးတိုးတမ်း ကစားနေသလား မှတ်ရ" ဟူ၍ ဖြစ်ပါ၏။

## ခေါင်းပေါင်းလေး တွတ်တီးတွတ်တာ

ပဒေသာကပွဲအမည်ခံထားသော အငြိမ့်ပွဲကို ကြည့်ပြီး ပြန်လာသော လုတောသားတစ်ယောက်မှာ စိတ်ထဲ၌ မအီ မလည်ဖြစ်နေ၏။ အငြိမ့်သည် အငြိမ့်မကဘဲ မင်းသမီးက မင်းသားလုပ်၍ ကသည့်အတွက် မျက်စိနောက်၏။ မျက်စိ နောက်ရုံဖြင့် မပြီးသေး၊ မင်းသားလုပ်ကသော မင်းသမီးမှာ ဂလည်း၀၊ ပုလည်းပု၊ အသားလဲ ညိုရော၊ လုတောသားစိတ်ထဲ၌ မအီမလည်ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါပေသည်။

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်အတွင်းတွင် ရောက် နှင့်နေသူများက "ပွဲကောင်းလား၊ မင်းသမီးကကော၊ အက ကောင်းလား" စသည်ဖြင့် ဆီးမေးကြပြန်ရာ . . .

"အလိုလေးကွယ်၊ ပဒေသာကပွဲဆိုလို့ သွားကြည့်တာ ဘောလုံးကို ခေါင်းပေါင်း ပေါင်းပေးပြီး ဘောက်ခုံပေါ်မှာ တင်ပြီး ကနေကြတာကိုပဲ ကြည့်ခဲ့ရပါတယ်ကွ" ဟု စိတ်ပျက်စွာ ဖြေ လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


## နိုင်ငြသစ္စာ

မိုးတွင် ရေလာနေသည်။

ရေလာပေမယ့် အလိုအလျောက်မဝင်သော လယ်ကွင်းများသို့ ရေစုပ်စက်ဖြင့် စုပ်တင်ကြရသည်။ မရချေ။ စုပ်တင်လိုက်သော ရေအသွားအလာကောင်းနိုင် ;သာနေရာတွင် ရေစုပ်စက်ကို ချထားရသည်။

ရေစုပ်စက်တစ်လုံးသည် ထိုကဲ့သို့သော နေရာမျိုးတွင် နေရာယူကာ ရေစုပ်တင်နေသည်။ အခြားလယ်များအတွက် ရေစုပ်တင်ရန် အခြားစက်များကလည်း စောင့်နေကြသည်။ ထိုစက်မှာ တစ်ရက်နှင့်လည်း မခွာ၊ နှစ်ရက်နှင့်လည်း မရွေ့၊ နေ့ရောညပါ မောင်းနှင်နေသည်။

သို့အတွက် မအောင့်နိုင်သူတစ်ဦးက မေး၏။

"မင်းတို့စက်က ဒီနေရာမှာပဲ တစ်သက်လုံးနေတော့မှာလား"

ထိုအခါ ပြောစရာအကွက်ကို စောင့်နေသော လယ်သမားတစ်ယောက်က . . .

"ဒီစက်တော့ မပြောပါနဲ့တော့ကွာ၊ ရှင်မွန်လှနဲ့ ရွှေစာရံ စေတီကမှ သစ္စာမိဋ္ဌာန်ပြုပြီးရွှေ့ရင် ရွှေ့ဦးမယ်၊ ဒီစက်ကတော့ ပိဋကတ်သုံးပုံကုန်အောင် ပိုင်းရွတ်တောင်မှ လှုပ်မှာ မဟုတ်ဘူး၊ ကောက်ကြီးတက်မှပဲ သူတက်တော့မှာပဲ ထင်ပါရဲ့ကွာ"။



## ချိုမွှမ်းခြေကျောက်

ကလေးငယ်ရှိသော ကလေးအဖေနှစ်ယောက်သည် ...တွေ့တိုင်းကလေးချင်းပြိုင်ကြသည်။ တစ်ဦး၏ကလေးမှာ အစပိုင်းတွင် ထွားကျိုင်းကျန်းမာ၍ ပြိုင်ဘက်၏ကလေးမှာ ...ကျန်းမာ ချည့်နဲ့သည်။

မကြာမီအခြေအနေမှာ ပြောင်းပြန်ဖြစ်သွားရာ၊ ပြိုင်ဘက်၏ အလှည့်ဖြစ်သည်။ သို့ကြောင့် ထိုသူ၏ရှေ့တွင် သူ့ကလေးကိုမြှောက်ပြပြီး "ဘယ့်နှယ့်လဲဗျ၊ ခင်ဗျားကလေးနဲ့ ကျုပ်ကလေး မကွာလား" ဟု မေး၏။

အမေးခံရသူက မငြင်းပါ၊ ဝန်ခံစကားဆို၏။ သို့သော် ...သူဆိုပုံမှာ . . .

"အေးကွ၊ မင်းကလေး ဝလိုက်တောင့်လိုက်ပုံများ ...တော့ ရှစ်ဆုပ်သစ်ကို ပါးပုတ်ထားတဲ့အတိုင်းပဲဟေ့၊ ...လောက်တောင့်ရင် နွားခြေတိုင်လုပ်ရရင် သိပ်ကောင်းမှာပဲ" ...၍ ဖြစ်ပေ၏။

[illegible]

## ချစ်စရာလောက်စာများ

ရွှေကျောင်းရွာကျောင်းသစ်တွင် အလှူနဲ့စည်ကားချိန်က ...ဖြစ်၏။ အချိန်မှာ ဝါကျွတ်ချိန်ဖြစ်ရာ လှူဝတ်လဲမည့်သာမဏေ ...တော်များလည်း ခေါင်းရိတ်ပြီးစ ဦးပြည်စိမ်းစိမ်းဖြင့် သိမ်အတွင်း စုရုံးကြသည်။

ကျောက်လမ်းဆက်မှာ လျှောက်လာသော လှဘော

www.burmeseclassic.com

www.burmeseclassic.com

သား တစ်ယောက်သည် ဤရှုခင်းကို သိမ်ပြတင်းပေါက်မှ လှမ်းမြင်လိုက်ရာ . . .

"ဟာလိုလေးကွယ်၊ ရှေ့ကျောင်းတော်ကြီးသစ်နှယ် စည်ကား လိုက်ပါဘိတော့တယ်၊ သိမ်ထဲမှာ ကိုယ်တော်ကွ စုဝေးနေလိုက် ကြတာ လောကီစာလုံးဖန်း ခနလှန်းထားသ ဘားမှတ်ရ"

ဟဟဟာဟာ

## ချစ်လိုက်ကြပါဘိ

ယမန်နေ့ညက လူတောရွာသားအချို့ သူငယ်ချင်း ဘာဝ နောက်ပြောင်ကျီစယ်ရာမှ ရန်ဖြစ်ကြသည်။ တုတ်တပြက် ဓားတပြက် ဖြစ်ကြသည်။ ဤအကြောင်းကို အစသာသိပြီး အဆုံးထိမသိသူများကနောက်တစ်မနက်တွင် လက်ဖက်ရည် ဆိုင်၌ စုံစမ်းကြသည်။

ရန်ပွဲအစအဆုံး သိလိုက်သူတစ်ယောက်က အောက်ပါ အတိုင်းဖြေ၏။

"အလကားပါကွာ၊ ဆွဲတဲ့လူ၊ ပျန်ခြေတဲ့လူ မှိုတုန်းသော သတ်မယ်၊ ခုတ်မယ်ဖြစ်နေတာပါ၊ ဆွဲမယ့်လူလဲမရှိရော သူတို့ အချင်းချင်း အလွမ်းသယ်ပြီး ပွေ့ဖက်နေလိုက်ကြတာ မနန်းစိုး မနန်းစံကျနေတာပဲ"

မနန်းစိုး၊ မနန်းစံမှာ ထင်ရှားကျော်ကြားသော ရင်ချင်း အပ် အမြွှာဖြစ်၏။

ဟဟဟာဟာ



## ချောင်ချောင်ချိချိ ရှိစေရန်

လူတော ... လက်သို့ သွားမည့်ကားပေါ်တွင် ခရီး သည်များ ပြည့်နှက်နေ၏။ တန်တွေကလည်း အမိုးပေါ်မှာရော ကားတွင်းမှာပါ ပြည့်နေသည်။ ခရီးသည်များမှာ ခြေထောက်ပင် လှုပ်၍မရ။ နေကပူ ဗိုက်ပေါ်ကနန်နှင့် အောက်ဆင်းချင်သော်လည်း ခန်တက်ရန်မလွယ်သဖြင့် မဆင်းနိုင်။

ထိုအချိန်တွင် ကားစီးမည့်ခရီးသည်များ ရောက်လာကြ ပြန်၏။ နေရာမရှိတော့သဖြင့် ရပ်ကြည့်နေကြရာ "တက်သာ တက်၊ တက်သာတက်၊ ကားက အချောင်ကြီး ရှိသေးတယ်၊ ကားထွက်ရင်လဲ ပိုချောင်ဦးမှာ" ဟု ကားသမားက အော်နေ သည်။

ထိုအခါ လူတောသားပါးစပ်က မနေနိုင်တော့ပါ။

"ဟာလိုလေး၊ ချောင်သေးတယ် ဆိုပါကလားဟရို့၊ ဒီလူတွေအားလုံးဆံ့အောင် တင်ဖို့နည်းကတော့ လူတွေကို ပြာချ ပြီး ဘင်ဖိုတစ်နည်းပဲရှိတော့တယ်"

ဟဟဟာဟာ

## ခြေလေးချောင်းကြက်

လူတောသားလယ်သမားတစ်ယောက်သည် နွား ကောင်းထွက်သည်ဟု နာမည်ကြီးသော နွားခြံတစ်ခြံသို့ ရောက် သွားသည်။ သူလည်း နွားကောင်းမက်သူဖြစ်ရာ နွားပွဲငယ် တွင် သွားစုံလျှင် မကောင်း၊ ပုပြီးကျစ်သည်။ အကြောထွားပြီး သွားအချိုးနောက်ကျမှ အလားအလာကောင်းသည်စသော

www.burmeseclassic.com

www.burmeseclassic.com



နွားသင်ပုန်းကြီးကို နောကျေထားသူဖြစ်၏။ ငွေလည်းတတ်နိုင်သူဖြစ်၏။

ထို့ကြောင့် အပင်ပန်းခံကာ ရောက်လာခြင်း ဖြစ်ရာ နွားပိုက်ကလေးတစ်ကောင်ကို ပါးစပ်ဖြဲကြည့်မိသည်တွင်. . .

"ဟာလိုလေးကွယ်၊ နွားကြည့်တော့ တိန်ညင်ကြက်လောက်ပဲရှိတယ်၊ ပါးစပ်ထဲမှာတော့ ပုလဲပုတီးငုံထားမှတ်ရ" ဟု ပြောလိုက်လေ၏။

ဖြ ဖြ ဖြ

## ခြေသလုံး၏အဖြစ်

လှုပ်တောသားတို့၏စကားဝိုင်းတွင် အောက်ပြည်အောက်ရွာမှ ပြန်လာသူတစ်ဦးက ရန်ကုန်ခြင်ဆိုးပုံ၊ မအူပင်ခြင်သောင်းကျန်ပုံများကို ပြောနေ၏။

သူ့စကားအဆုံးတွင် တစ်ဦးကဝင်၍ . . .

"မင့်ခြင်တွေက မန္တလေးခြင်းကို မမီပါဘူး" ဟု ပြော၏။

"ခင်ဗျာ့ခြင်က ဘယ်လောက်ဆိုးလို့လဲ"

"ဟာလိုလေး မောင်ရာ၊ မန္တလေးမှာ ငါတစ်ညအိပ်မိတာ နေဝင်သေးဘူး ခြင်တပ်ကြီးချီလာလိုက်တာ ပျားချေးခါနေလား မှတ်ရ ကိုက်လိုက်ပုံကတော့ မပြောနဲ့တော့၊ စကားပြောနေကြတုန်း ခြေထောက်ဆီကနာလို့ ငုံ့ကြည့်လိုက်တော့ သစ်ကိုင်းမှာ ပျားစွဲနေတဲ့အတိုင်းပဲ၊ ခြေသလုံးတစ်ခုလုံးမည်းနေပါရော လား၊ တစ်ညလုံးလဲ ကောင်းကောင်းအိပ်မရလို့ လင်းလင်းချင်း ကိုယ့်ခြေထောက်ကို ကိုယ်သေသေချာချာကြည့်လိုက်တော့



ခြေသလုံးတစ်ခုလုံး "ဝဒိန်" မှုတ်ထားသလား အောက်မေ့ရ"။ ( Welding ကို "ဝဒိန်" ဟု အသံထွက်တတ်ကြသည်။)

ဖြ ဖြ ဖြ

## ခွေးရူးရေစိမ် တဂိန့်ဂိန့်

နိုင်ငံကျော်ခမ္မကထိက ရဟန်းတော်တစ်ပါး၏ တရားပွဲသို့ လှုပ်တောရွာသား လူကြီးများသာမက လူရွယ်လူလတ်ပိုင်းက ပါလာသဖြင့် လူကြီးများမှာ ဝမ်းသာနေ၏။ ပရိသတ်ကလည်း မကျွပ်လျှံနေ၏။

လူကြီးများကလည်း လူရွယ်ပိုင်းတွင် ထင်ရှားသော လူတစ်ယောက်ကို မမြင်သဖြင့် ထိုသူ့သတင်းကို စုံစမ်း၏။ စုံစမ်းခြင်းမှာ တရားပွဲရှိသည်ကို မသိ၍လော၊ နေထိုင်မကောင်း၍လော၊ ခရီးသွန်နေ၍လော သိချင်သောကြောင့် ဖြစ်၏။

ထိုစုံစမ်းမှုကို လူရွယ်တစ်ယောက် ဖြေလိုက်ပုံမှာ. . .

"ဟာလိုလေး ဆရာရယ်၊ ဆရာက ဆရာ့လူကို တင်စားရန်ကော ခွေးရူးကမှ ရေထဲဆင်းစိမ်ချင် စိမ်လိမ့်မယ်၊ သူကတော့ ကျောင်းကန်ဘုရား တရားပွဲနား မသီပါဘူးဗျာ" ဟူ၏။

ဖြ ဖြ ဖြ

## ဂတိလားရာ ယူနေရာ

လှုပ်တောရွာ အလှူတစ်ခုတွင် ထူးခြားသော ပရိသတ်တစ်ယောက်ပေါ်ပေါက်ခဲ့သည်။ ထိုသူသည် ထမင်းရုံထဲတွင် နှစ်ပွဲဆက် သုံးပွဲဆက်စားနေ၏။ အံ့ဩစရာကောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



လည်း စားနိုင်၏။

ဤအခြေအနေကို လူတော်သားတစ်ယောက်က မှတ်ချက်ချလိုက်ပုံမှာ . . .

"ဟလိုလေးကွယ်၊ ဒီလူထမင်းစားနေပုံက ခေါင်းအုံးထဲကို မှိုသိမ်နေသလားအောက်မေ့ရတယ်။ တစ်ဖက်ကူးမှာမှီ ရိက္ခာယူနေဟန်တူရဲ့" ဟူ၍ ဖြစ်ပါပေ၏။

## ဂါရဝါဒ

ဆလွှုပွဲတစ်ခုသို့ သွားရောက်ကာ အလှူထမင်းစားခဲ့သော လူတော်သားတစ်ယောက်သည် ထမင်းပွဲ၌ မနူးမနပ်သော ကြက်အရင့်ကြီးကို ကိုက်မရဆွဲမရစားရ၏။ ထမင်းရုံမှအထွက်တွင် သူမအောင့်နိုင်ဘဲ ဇော်ပြောလေတော့သည်။

"ဟလိုလေကွယ်၊ အလှူထမင်းရယ်လို့ စားပါတယ်၊ ဟင်းခွက်ထဲက ကြက်သားဟင်းက ကိုယ့်ထက်အသက်ကြီးနေတော့ ဟင်းခွက်ကိုထိုင်ပြီး ကန်တော့ခဲ့ရတယ်ကွယ်တို့"

## ဂိုဒေါင်စောင့် ပြောပုံ

လူတော်သားတစ်ယောက် နွားပျောက်သွားသဖြင့် သက်ဆိုင်ရာက လာရောက်စစ်ဆေး၏။

"ပျောက်တဲ့နွား ဘယ်သူ့နွားလဲ"

"ဂိုဒေါင်ညစောင့်ရဲ့နွားပါ"



တစ်ညလုံး မအိပ်ဘဲ လှည့်လည်စောင့်ရှောက်ရမည့်သူ၏နွား ပျောက်သည်ဆိုသောအခါ စစ်မေးသူများ ခက်သွား၏။

"နွားကို ဘယ်မှာထားတာလဲ"

"ရဲသားရဲ့ခြေထောက်မှာ ချည်ထားပါတယ်"

လာရောက်နားထောင်သူများ ဝါးခနဲ ရယ်မောကြလေ၏။ ပျောက်ရန်မဖြစ်သူ၏ ပစ္စည်းပျောက်ဆုံးသွားသဖြင့် တင်စားပြောကြောင်း သဘောပေါက်သွားသောအခါ စစ်မေးသူများလည်း ရယ်မောနေကြလေ၏။

## ဂျက်နှင့်ဖော်ကာ

လူပသေးငယ်သော မှန်ကားအသစ်ကလေးတစ်စီးသည် လက်ဖက်ရည်ဆိုင်ရှေ့သို့ ဝှော်ခနဲ ထိုးဆိုက်၏၊ လက်ဖက်ရည်သောက်၊ ကွမ်းယာဝယ်စားပြီးလျှင် ကားပေါ်မှ လူများ ပြန်တက်ကာ ထွက်ခွာသွား၏။

လက်ဖက်ရည်ဆိုင်ထဲမှ လူများ လှမ်းကြည့်နေဆဲမှာပင် ကားကလေးသည် လုစ်ခနဲပျောက်သွားကာ တစ်ယောက်က "မြန်လိုက်တဲ့ကားနှယ်" ဟု စတင်လိုက်၏။ ထိုအပြောကို တစ်ယောက်က အောက်ပါအတိုင်း ဖြေလိုက်၏။

"မြန်ဆို ဂျက်လေယာဉ်နဲ့ဖော်ကာနဲ့ စပ်ကျထားလားမှ မသိတာ"

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုဟ်တုအသုံးချနည်း

လှတောသားတို့၏စကားဝိုင်းတွင် အမေရိကားမှ ကိုလံဘီယာ အာကာသလွန်းပျံယာဉ်အကြောင်း၊ ဂြိုဟ်တုကို စွန်လွှတ်သလို တရွှတ်ရွှတ်လွှတ်တင်နေသော ဆိုဗီယက်အကြောင်းသို့ ရောက်သွားရာ . . .

"ငါလဲ ဂြိုဟ်တုတစ်လုံးလောက် လိုချင်လိုက်တာ" ဟု တစ်ယောက်ကစတင်လိုက်သဖြင့် . . .

"ဘာလုပ်ဖို့လဲ၊ ကစားဖို့လား"

"အဖျားနားမှာ သီးနေတဲ့သရက်သီးတွေ ဂြိုဟ်တုပေါ်က လှမ်းခူးရင် လူသက်သာတာပေါ့ကွာ"။

## တောက်ပြား၏ မြေး

လှတောသားတစ်ယောက်မှာ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေရင်းက ပိုက်ဆံပျောက်သွား၏။ အနားသို့ လာရောက်သူများ၏ စာရင်းကိုချကြည့်သောအခါ နာမည်ပျက်ရှိသော လက်စလက်နရှိသောလူတစ်ယောက်၏နာမည်ပေါ်လာ၏။

"ဒီလိုဆိုရင်တော့ အပျောက်တောင် နည်းသေးတယ်၊ အဲဒီကောင်က အင်းဝခေတ်က တောက်ပြားအနွယ်၊ တောက်ပြားရဲ့မြေး၊ ဒါတွင်လားဆိုတော့ မဟုတ်သေးဘူး၊ တစ်ထောင့်တစ်ညပုံပြင်ထဲက အလီဘာဘာနဲ့ ခိုးသားလေးဆယ်မှာ ခိုးသားတစ်ယောက်က ဒီကောင်ယောက္ခမလေ",



တစ်ယောက်က ဝင်ရောက်ပြီး ရာဇဝင်ခင်းပြလိုက်ရာ၊ ရယ်မောသံများ ဆူညံသွားလေ၏။

## ငရဲသားတွေ

ကားဂိတ်တစ်ခုတွင် အရက်မူးသမားတစ်စု ရုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။ ဆဲဆိုသံများကို လက်ဖက်ရည်ဆိုင်ထဲမှ ကြားရ၏။ တွန်းကြ၊ ထိုးကြ၊ လဲကြ၊ ကွဲကြသည်ကိုလည်း လှမ်းမြင်နေရ၏။

"ဒီကောင်တွေမြင်ရတာ ငရဲပြည်က ငရဲသားတွေဟာ ဒီလိုပဲနေမှာပဲ ထင်တယ်ဟေ့"

တစ်ယောက်က စိတ်ပျက်စွာ ညည်းတွားလိုက်ရာ. . .

"မင်းက အရက်ဖိုကို မရောက်ဖူးသေးလို့ ဒါလောက်ပဲပြောတာ၊ ငါတစ်ခါရောက်သွားတော့ ဟာလိုလေးကွယ် အငွေ့မသေသေးတဲ့အရက်ပူပူကြီးတွေကို လုယက်ပြီး သောက်နေလိုက်တာ၊ ငရဲသားတွေ ပါးစပ်ထဲကို သံရည်ပူတွေ လောင်းချနေပုံနဲ့ တူလိုက်လေ"

မျက်နှာချင်းဆိုင် ထိုင်နေသူက ဝင်ရောက်ဖြည့်စွက်လိုက်လေ၏။

## ငါ့ခြေထောက် ဘယ်မှာပါလိမ့်

ဝက်လက်ဘုရားပွဲတော်ကြီးသို့ အနီးအနားကျေးရွာများမှ လာရောက်ကြသည်။ ပွဲတော်မှ ခြိမ့်ခြိမ့်သဲအောင် စည်ကားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတောကားဂိဘ်မှာ ပွဲတော်သွားပွဲတော်ပြန်များနှင့် စည်ကားနေရာ ဘုရားပွဲမသွားနိုင်သေးသူများမှာ ပွဲတော်ပြန်များထံ သတင်းမေးကာ ကျေနပ်နေကြ၏။

"သွားတဲ့လာတဲ့သူတွေ့ကြည့်ရတာ တော်တော်စည်နေပုံရတယ်"

ပွဲတော်မှ ပြန်လာပြီးသူက ဤသို့ဖြေ၏။

"စည်တာတော့ မပြောနဲ့၊ ပုရွက်ဆိတ်အုံ ပေါက်ပြားနဲ့ ပေါက်ပြီး လှန်ထားတဲ့ အတိုင်းပဲ"

"အင်း . . . သွားသမျှကားတိုင်း အပြည့်အသိပ် ဖြစ်နေမှတော့ စည်ရောပေါ့"

"ဟလိုလေးလေး၊ ကားကျပ်ပုံများတော့ ကားထဲမှာ ခြေထောက်ထားစရာမရှိ၊ လက်ထားစရာမရှိနဲ့၊ ကားပေါ်က အဆင်းကျတော့ ကိုယ့်ခြေထောက်ကို အမှားအယွင်းမရှိအောင် အတော်ပဲ ရွေးထုတ်ယူခဲ့ရတယ်"။

## ငါးပိတွေ့မျောက်

ကားကျပ်ပုံပြောသံကြားသောလူတစ်ယောက်က အခြားစားပွဲမှ လှမ်းပြောပြန်သည်မှာ "ကားတွေ ဒါလောက်ကျပ်နေတာတောင် တချို့က မသိတတ်ကြပါဘူးဗျာ၊ တိုးမိရင် တိုးပြန်ပြီ၊ ထိမိရင် ထိပြီနဲ့ တကျွတ်ကျွတ်ဗျာ" ဟူ၍ ဖြစ်၏။

"ဟုတ်တာပေါ့ကွာ၊ ငါပဲ ဘုရားပွဲက အပြန်မှာ မိန်းမတစ်ယောက်နဲ့ ကြုံခဲ့ရသေးတယ်၊ သူကြည့်တော့ ကြာဆံထုပ်ကြီး



ခေါင်းပေါ်တင်ထားတဲ့ သေခါနီးကြီး၊ ကားလှုပ်လို့ သူ့ထိမိတာနဲ့ကွာ၊ ရှုံ့တွနေလိုက်တဲ့ မျက်နှာကြီးဟာ မျောက်ကို ငါးပိနဲ့ တို့မိသလား မှတ်ရ"။

## ငါးရှဉ့် ချောချော

စကားဝိုင်းဘေးသို့ ကလေးတစ်ယောက်ရောက်လာသည်။ သူ့အစ်ကို၊ အစ်မနှင့် မိဘများအား စကားပြောပုံမှာ နှုးညံ့လွန်း၏။ နွဲ့ဆိုး ဆိုးသံလည်းပါ၏။

ဤအခါ ထိုကလေးကို စိုက်ကြည့်နေသော လူတောသားကြီးတစ်ယောက်က ဤသို့ မှတ်ချက်ချလိုက်၏။

"ပင်းစကားပြောသံကို နားထောင်နေရတာကလဲကွာ၊ ခေါင်းလျှော်ရည်ထဲမှာ ငါးရှဉ့်ကို ဖမ်းနေရသလိုပဲဟဲ့"။

## ငါးရှဉ့်စံပျော်ရာ

စက်ဘီးဝယ်ယူလိုသည်ဆိုသော စိုင်နိုင်သားများအား လူတောသားများက စက်ဘီးအကြောင်းများကို တစ်ယောက် တစ်ပေါက် ပြောကြသည်။ ထိုအခိုက်တွင် လက်ဖက်ရည်ဆိုင်ရှေ့သို့ စက်ဘီးနှင့်လူတစ်ယောက် ရောက်လာ၏။

ထိုစက်ဘီးရှင်ထံ စုံစမ်းသောအခါ ကြိုက်ဈေးရလျှင် ရောင်းမည်ဖြေ၏။ ထိုအခါ လူတောသားတို့၏ထုံးစံအတိုင်း စက်ဘီးကို ဝိုင်းပြီး သရော်ကြရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"တာယာအသစ်ဆင်ထားတဲ့ စက်ဘီးကိုများ၊ ခင်ဗျား တို့မို့ ပြောရက်တယ်ဗျာ"

"ဟာလိုလေး မောင်ရာ၊ မင့်တာယာလား အသစ်၊ မြေမနင်းသားဆိုတဲ့တာယာလို့ မြင်ရတာကဖြင့် သံခွေပေါ် ငါးရှဉ့်ပတ်နေတဲ့အတိုင်းပါကလား"

## ငါး၏ အရွယ်အစား

ကားဂိတ်ထမင်းဆိုင်တွင် ထမင်းစားသောလူတောသား နှင့် ထမင်းရောင်းသောလူတောသားတို့ ဆူဆူညံညံ ပြောနေကြ၏။

"တော့်ဆီကို ထမင်းတစ်ပွဲ တစ်ရာရတောင် ရောင်းဖို့ မကောင်းဘူး၊ ထမင်းစားဖို့လာတာမဟုတ်ဘဲ၊ အပြစ်ပြောဖို့ လာတာလားမှ မသိဘာ"

ဆိုင်ရှင်က စူအောင့်ပြီး ပြောလိုက်ရာ ထမင်းစားသူ က. . .

"ပြောရပါသကော အမိန်ရယ် ကြည့်ပါဦး ငါးတဲ့၊ မန်းကျည်းရွက်ဖက်လောက်ပဲ ရှိတယ်၊ မျက်လိုက်တဲ့အရိုး၊ အရိုးနှမာလုံနဲ့ထိုးသလား မှတ်ရ၊ စူးနေလိုက်တဲ့အရိုးဟာ ကျုပ်လည်ပင်းမှာဖြင့် တရုပ်အပ်စိုက်ပြီး ကုနေသလား အောက် မေ့ရတယ်" ဟု အေးဆေးစွာ ထပ်ပြောလေ၏။

## ငှ၍ နေပုံမှာ

လူတောသားလင်မယား စကားများကြ၊ ရန်ဖြစ်ကြ သည်။ လင်နှင့်မယား လျှာနှင့်သွားမို့ စကားများသည်မှာ မဆန်း ပါ။ ရန်ဖြစ်သည်မှာလည်း ဓမ္မတာသာ။ သို့သော် လင်က စိတ် ကြီးသည်။ ထန်သည်။ သုံးလေရက်ကြသည့်တိုင်အောင် မယား ကို စကားမပြောပေ။

ထို့ကြောင့် သားသမက်ကို ဖျောင်းဖျရန်သွားသော ယောက္ခမသည် သားမက်ဖြစ်နေပုံကိုကြည့်ကာ တပ်ခေါက်ပြန် လာရာမှာ သားမက်ဖြစ်နေပုံကို အောက်ပါအတိုင်း ပြောပြ၏။

"ဟာလိုလေး၊ ဖျောင်းဖျောင်းဖျဖျပြောဖို့ဝေးလို့၊ အနားတောင်မသီရဲဘူး၊ အိမ်ရှေ့က ခုတင်ကြီးပေါ်မှာ ငူတူတူ ကြီးထိုင်နေလိုက်တာ ဘုရားရှေ့က မနုသီဟလား မှတ်ရ"

## ငိုချင်းကလေး ငယ်ငယ်

လူတောသားတစ်ယောက်သည် [illegible]က်လက်မြို့ အရောက်တွင် သူငယ်ချင်းတစ်ယောက်အိမ်သို့ ဝင်သွားရာ စီးပွားရေးအဆင်မပြေပုံကို ဆီးကြိုလည်းညည်းညူသံများနှင့် ရင်ဆိုင်ရ ရာ . . .

"သူငယ်ချင်းရေ၊ ချမ်းသာချင်ပြီဆိုတော့လဲ လုပ်သမျှ အောင်မြင်တာပဲဟ၊ မွဲပြီဆိုတော့လဲ ငိုချင်းတစ်ပုဒ်ကို လင်မယား နှစ်ယောက်တစ်ယောက်တစ်ဝက်ဆီ ခွဲယူပြီး ငိုရဟတ်သကွ" ဟု နှစ်သိမ့်စကား ဆိုလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲမွဲတေကြောင်း ထုတ်ဖော်ငိုကြွေးရမည့် ငိုချင်းပင်လျှင် ရှာပါးမွဲတေနေကြောင်း မြောပုံမှာ ကောင်းမွန်ထိမိလှပေသည်။

## ငြင်းရာတွင် ဝိဇ္ဇာ

လုတောသားလယ်သမားများ မနှစ်မြို့သော လူတစ်ယောက်ရှိ၏။ တစ်နေ့တွင် သူ့အကြောင်း ပြောကြရာ အကောင်းတစ်ခုမှ မပါချေ။ စိတ်ထားညံ့ပုံ၊ ဆက်ဆံရေးမကောင်းပုံများ ပြောအပြီးတွင် ထိုသူ၏အရည်အချင်းကို တစ်ယောက်က ဤသို့ ဖော်ပြလိုက်၏။

"ကြီးကျယ်မယုံ့သာ ကြီးကျယ်နေတာ၊ စာတစ်လုံးမှ တတ်တာ မဟုတ်ဘူး၊ ထ,ဆင်ထူး ရေးပြရင်တောင် ကိုင်းကျိုးနေတဲ့ မျက်မှန်ပါလို့ လျှော့ထွက်အောင် ငြင်းဦးမှာဗျ"။

## ငယ်ငယ်ညှိအမှုကို ကြီးအောင်

ဝမ်းချုပ်နေသည်ဆိုသော လူငယ်တစ်ယောက်အား မိမိလက်စွဲဆေးတစ်ခွက် ပေးလိုက်ပြီးနောက်၊ နောက်တစ်နေ့တွင် ဆေးပေးလိုက်သူက ဆေးစားမစားနှင့် အခြေအနေကို မေးရာ ဤသို့ ဖြေလိုက်ပေသည်။

"ဟလိုလေး၊ ဝမ်းသွားသွားပုံတော့ ပြောတောင် မပြောနိုင်ခဲ့တော့ပါဘူးဗျာ၊ ဖယောင်းတားမပါတဲ့ပလွေလို မှုတ်နေမိတဲ့အတိုင်းပဲ၊ ဟောခနဲ၊ ဟောခနဲ နေတာ"



## စကားနှယ် များလိုက်တာ

ရထားပေါ်တွင် လူလည်းကျပ်သည်။ အိုက်လှောင်မွန်းပိတ်သည်။ အတင်းတိုးဝှေ့ဝင်လာသောရထားပေါ်ဈေးသည်များကလည်း ခြင်းနှင့်တိုက်သွားကြ၏။ ပုံးဖြင့်ဆောင့်သွားကြ၏။ တောင်းပန်ရန် နားမလည်။

ခရီးသည်လုတောသားမှာ စိတ်ညစ်စိတ်တိုနေသည်။ ဤတွင်ခရီးသည်မိန်းမတစ်စုမှာလည်း ကန့်ဘလူမှ တက်ကတည်းက စကားပြောလာကြရာ၊ ရွှေဘိုဘူတာနီးသည့်တိုင်အောင် မပြတ်သေး။ ကျယ်လောင်စွာ ပြောဆိုနေဆဲရှိသေးရာ၊ လုတောသား၏ပါးစပ်သည် မနေတော့ပါ။

"ဟလိုလေး၊ ပြောလိုက်ရှာလေ၊ အသက်ရှုသေးရဲ့လားမသိဘူး၊ စကားများလိုက်ပုံများကလဲ မြင်းအီးပေါက်တဲ့အတိုင်း တဗျစ်ဗျစ်နဲ့ဟော့"

## စကားပြောသော ပုခက်ချိတ်

ထမင်းဆိုင်တွင် ချိန်းထားသောလုတောသားကြီးမှာ ချိန်းထားသည့် အချိန်လွန်သည်အထိ ရောက်မလာပေ။ ဧည့်သည်မှာတမျှော်မျှော်နှင့် ဆာလှပြီ။ တစ်နာရီခန့် နောက်ကျမှ ရောက်လာရာ ဧည့်သည်က အပြစ်တင်၏။

"မင်းကွာ လူစင်စစ်က သစ်ကုလားအုပ်ဖြစ်အောင် လုပ်တဲ့ပညာကို ဘယ်တုန်းက တတ်ထားသလဲ၊ ငါမသိပါလား"

"အပြစ်တင်ရင်လဲ ခံရတော့မှာပဲ သူငယ်ချင်းရယ်၊

www.burmeseclassic.com

www.burmeseclassic.com

အထိုင်ကြာတော့ ခြေထောက်တွေ ကွေးကောက်နေလိုက်တာ ပုခက်ချိတ်ဖြစ်နေလို့ မနည်းဆွဲဆန့်နေရတယ်၊ အဲဒါကြော ကြာသွားတာပါကွာ"။

## စပါးဝိဇ္ဇာ

လှတောရွာသို့ ရောက်လာသော အခြားရွာသားများက ဤနှစ်တွင် သူတို့ဘက်၌ စပါးပင်များ တအားကောင်းကြောင်း ကို အမျိုးမျိုးအဖုံဖုံပြောကြလေသည်။

ကြားရမန်များသောအခါ လှတောသားလယ်သမားမှာ ငြိမ်မနေနိုင်ဘဲ. . .

"အခု ကိုရင်တို့ ပြောနေတာတွေက အထွက်တိုးတို့ အထူးအထွက်တိုးတို့နဲ့ အထွက်ကောင်းတွေ မဟုတ်လား ဆင်ဝင်သွားရင် ပျောက်တာ ဘာဆန်းလဲ၊ ငါတို့လှတော လယ်သမားတွေရဲ့ရိုးရိုးစပါးကတောင် သိကြားဖင်ထောက်နေ လေရဲ့" ဟု ဝင်ပြောလိုက်လေ၏။

## စကျင်တောင်ဖွား

လှတောသားရွာသား ဘုရားဖူးလူအုပ်ကြီး တစ်အုပ် သည် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးကို ဖူးမြော်ကြည်ညို ပြီးနောက် အနောက်ဘက်မုခ်အတိုင်း ကားလမ်းသို့ ထွက်လာ ကြရာ၊ များပြားလှန်းသော ထုလုပ်ဆဲ ထုလုပ်ပြီး ကျောက်ဆင်းတု များကို မြင်ကြရာ၊ အဒေါ်ကြီးတစ်ဦးမှာ . . .



"ဟလိုလေး ငါတို့သိတာက သိဒ္ဓတ္ထမင်းသားဟာ ကပ္ပိလဝတ်ပြည်မှာ ဖွားတော်မူတယ်လို့ ကြားဖူးတာ၊ အခုတော့ စကျင်တောင်မှာ ဖွားတာပါကလား" ဟု အော်ပြောနေလေ၏။

## စာအုပ်ကြီးက ထူ

ထိုဘုရားဖူးလူစုသည် ဈေးချိုဘက်သို့ လှည့်လည် ကြည့်ရှုကြရင်း ပြက္ခဒိန်များ၊ ပို့စကတ်များနှင့် ရုပ်ပြကြော်ငြာများ ဝေဆာနေသောစာအုပ်ဆိုင်တစ်ဆိုင်အတွင်းသို့ ရောက်ရှိသွား ကြရာ အထူးအပါး အစားစားရှိသောစာအုပ်က ဆီးကြိုနေလေ သည်။

လှတောသားတစ်ဦးသည် အလွန်ထူသော ဝတ္ထု စာအုပ်တစ်အုပ်ကိုမြင်လျှင် ဤသို့ပြောလိုက်လေ၏။

"ဟလိုလေးကွယ်၊ စာအုပ်ကြီးနှယ်၊ ထူလိုက်ရာဗေ ဖင်မပါတဲ့ရေစည်ကို ဆေးသုတ်ထားလား မှတ်ရ"

## ဗူပါဖြုတ်

"အမယ်၊ မင်းတို့ကသာ ရဟန်းခံပေးနိုင်ရင် ငါက သျှောင်တစ်လုံးအဆုံးခံပြီး ဘုန်းကြီးဝတ်နိုင်ပါတယ်ကွာ"

လက်ဖက်ရည်ဆိုင်တွင် လူစည်ကားနေရာ ထိုသူသည် ထိုစကားကိုချည်း ထပ်ခါတလဲလဲ ပြောနေရာ ခပ်လှမ်းလှမ်းစားပွဲ မှ တစ်စုံတစ်ယောက်က . . .

www.burmeseclassic.com

www.burmeseclassic.com

"ဟလိုလေဗျာ၊ ခင်ဗျားက သျှောင်တစ်လုံး သျှောင် တစ်လုံးနှင့် ဇရာမပရိစ္စာဂကြီးကျနေတာပဲ၊ ခင်ဗျာ့ သျှောင်ကို ကြည့်လိုက်တော့ဖြင့် နတ်အုန်းသီးပေါ်မှာ နားနေတဲ့ ဖြုတ် လောက်ပဲ ရှိတာများ" ဟု အော်ပြောလိုက်မှ အပြောရပ်သွား၏။

ဖလဒဆ

## စေတနာဝေဖြာ

ပျံနုတ်သမားတစ်ယောက်သည် အရိပ်ကောင်းရာတွင် ထမင်းထုပ်ကလေးဖြေ၍ စားရင်းက လူမြင်သမျှကို စားပါဦး လား ခေါ်ခေါ်နေရာ လယ်ထွန်နေသော လှတောသားက. . .

"ဟလိုလေးလေး၊ ပါလာတဲ့ထမင်းကတော့ ခွေးခေါင်း လောက်နဲ့ စတုဒိသာကျွေးဖို့ စိတ်ကူးနေပါကလားကွယ်ရို" ဟု ဝင်ပြောလိုက်လေ၏။

ဖလဒဆ

## စေတီယမင်းအသစ်

ကလေးချစ်တတ်သူလည်းဖြစ်၊ ကလေးများကလည်း ခင်မင်သောလူတစ်ယောက်သည် အိမ်တစ်အိမ်ကို ခဏ တစ်ဖြုတ် ဝင်လာ၏။ လက်ထဲတွင်လည်း ဖောင်းနေသော ပလပ် စတစ်အိတ်ကြီးတစ်လုံး ပါလာရာ မြင်သမျှ ကလေးတွေကို ခေါ်ပြီးနှိုက်ပေးနေ၏။

သူပေးသောပစ္စည်းမှာ သကြားလုံးတွေဖြစ်ရာ သတင်း



ကြားသောကလေးတွေ နှစ်ယောက်တစ်တွဲ သုံးယောက်[illegible] လာတောင်းကြရာ၊ အိတ်ကြီးမှာ တဖြည်းဖြည်းပိန်လာ၏။ ဤသည်ဟု မြင်သော အိမ်ရှင်က . . .

"ခင်ဗျားအိတ်ကြီးလဲ ပိန်ချပ်လာလိုက်တာ တစ်[illegible] တစ်တိနဲ့ စေတီယမင်းမြေမျိုသလိုပါပဲလားဗျ" ဟု မြည်တမ်း[illegible] လေ၏။

စေတီယမင်းမှာ မုသားတစ်ကြိမ်ပြောတိုင်း တစ်[illegible] မြေမျိုခံရသောမင်း ဖြစ်သည်။

ဖလဒဆ

## စေးပါပေသည်

လှတောသားလယ်သမားကောက်ညှင်းမျိုးကောင်း အကြောင်း စကားစပ်မိကြရာ၊ အထွက်ကောင်းပုံ၊ အနံ့ကောင်း ပုံများ ပြောရာမှ စေးပုံသို့ရောက်သွားလျှင် တစ်ယောက်က ဤသို့ပြောလိုက်၏။

"ဘယ်သူတွေဘာပဲပြောပြော စေးရာမှာတော့ ငါ့ ကောက်ညှင်းကို ဘယ်သူမှ မမီဘူးကွ၊ ငါက ငါ့နွားအကျွက် ကြိုးလိုရင် အပင်ပန်းခံပြီး ရှာနေတာမဟုတ်ဘူး၊ အိမ်က ကောက်ညှင်းကိုထောင်း၊အမှုန့်လုပ်ပြီး ကြိုးကျစ်လိုက်တာပဲ၊ အဘိုးလက်ထက်ကကြိုးတွေ ခုထိကောင်းသေးတယ်"

ဖလဒဆ

www.burmeseclassic.com

www.burmeseclassic.com



## စက်တပ်ထားသော လက်ဖွဲ့

လှတော-ဝက်လက်ကားလမ်းကို ကျောက်ချ ကျောက်ခင်းသောအခါ လူအများ ဝမ်းပန်းတသာရှိကြ၏။ ထိုခင်းထားသောကျောက်များကို ကြိတ်ရန်လမ်းကြိတ်စက်ကြီးတွေ လမ်းညှိစက်ကြီးတွေ လာလိမ့်မည်ဆိုသောအခါ မျှော်ကြပြန်သည်။ သို့ရာတွင် တကယ်ရောက်လာသည့်အချိန်တွင် လမ်းကြိတ်တလိမ့်တုံးသာ ဖြစ်နေရာ . . .

"ဟလိုလေးဟဲ့၊ လမ်းကြိတ်စက် လမ်းကြိတ်စက်နဲ့ ရောက်လာတော့လဲ လက်ဖွဲ့လုံးလိမ့်ချထားသလောက်ပဲ ရှိပါကလား၊ ဒီအတုံးကလေးနဲ့တော့ ကလေးတွေပစ်ချထားတဲ့ဆီးစေ့တောင် ကျော်နိုင်ပါ့မလားကွယ်ရို့" ဟု လှတောသားက ပြောစရာတစ်ခု တိုးလာ၏။

## စက်ရုံနှင့်မှား

လူတစ်ယောက်သည် လှတောသား၏ ကွမ်းယာဆိုင်တွင် ကွမ်းယာတစ်ယာဝယ်ဝါးပြီး ဆယ်တန်ထုတ်ပေးရာ၊ ဆိုင်ရှင်က ဤသို့ မြည်တွန်လေ၏။

"ဟလိုလေးလူရယ်၊ ကွမ်းယာတစ်ယာသုံးဆယ့်ငါးပြားကို ဆယ်တန်ကြီး ပေးရတယ်လို့၊ ငါ့ဆိုင်ကိုများ အနုပ်(အကြွေ) လုပ်တဲ့စက်ရုံများ ထင်နေသလားကွယ့်"။



## ဆားတို့သည့် တီ

ကလေးများ ဆိုးရာတွင် အမျိုးမျိုးရှိ၏။ အချို့တွင် အအေးဟစ်ကိုသည်။ အချို့သည် ကအီအီငိုသည်။ အချို့ လူးလိမ့်၍၊ အချို့ကန်ကျောက်ဖျက်ဆီး၍ စသည်ဖြင့် ရှိ၏။

မန္တလေးတွင် လှတောသားများ တည်းခိုလေ့ရှိသော ဝင်းအတွင်းမှ ကလေးကား သူစိတ်ဆိုးပြီဆိုလျှင် မည်သူ၏ အခေါ်မျှမခံ၊ အထိမခံသော ကလေးဖြစ်၏။ တစ်နေ့တွင် ထိုကလေး စိတ်ဆိုးနေပုံကိုကြည့်ကာ လှတောသားက . . .

"ဒီကလေး တွန့်တွန့်သွားပုံက တီဆားနဲ့ တို့လိုက်လို့ တွန့်သွားပုံနဲ့ တူလိုက်လေကွယ့်ရို့" ဟု ရေရွတ်လိုက်လေ၏။

## ဆေးဆိုမှ ဆေး

ဆိုင်ရှေ့တွင် မုန့်ဟင်းခါးဆိုင် ဖွင့်ထားသောကုန်စုံဆိုင်သို့ လှတောသူတစ်ယောက် သန်းချဆေးလာမေးရာ၊ သူမေးသော တံဆိပ်နှင့် သန်းချဆေး မရှိချေ။ ထို့ကြောင့် "တခြားဟာတွေ ကုန်နေတယ်၊ မျက်မှန်တံဆိပ်ပဲ ရှိတယ်" ဟု ဆိုင်ရှင်က ပြော၏။

"မျက်မှန်တံဆိပ်က ကောင်းကော ကောင်းရဲ့လား"

"ဟလိုလေးကွယ့်၊ ကောင်းမကောင်းတော့ မေးမနေနဲ့၊ တစ်ခါတိုက်ထားလိုက်ရင် မုန့်တီ (မုန့်ဟင်းခါး) ညစ်နေသလို ကန်းလန်းတန်းလန်းနဲ့ တစ်တွဲတွဲဖြစ်နေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



## ဆော်ဒါများသွားခြင်း

လက်ဖက်ရည်ဆိုင်ထဲတွင် လက်ဖက်ရည်သောက်ရင်း အမောင်းကြမ်းသော ကားသမားများအကြောင်းကို စကားဦး လှည့်သွားရာ၊ မျက်နှာသိ ကားသမားတစ်ဦးအကြောင်းလည်း ပါလာ၏။

"အမောင်းလဲကြမ်း၊ မူးလဲမူးဆိုတော့ ပိုဆိုးတာပေါ့"

"ဟင်... ဒီလူ သောက်တတ်နေပြီလား"

ထိုအခါ ပထမသူကပင် ဖြေလိုက်ပုံမှာ ...

"ဟလိုလေး၊ နာဠာဂီရိဆင်ကို ဒီစကားကို သွားမေးပါ လူရာ၊ ဒီကောင်ကတော့ သောက်တတ်ရုံ ဘယ်ကမလဲ၊ သောက်လွန်းအားကြီးလို့ မျက်နှာကြီး ပွနေလိုက်တာများ ဆော်ဒါများသွားတဲ့ပေါင်မုန့်ကျွမ်းကြီးနဲ့ တူလိုက်လေ" ဟု ဖြစ်လေသည်။

## ဆိုလိုက်ပုံကြီးက

လူတောသားလူကြီးများသည် ကိုယ့်ရွာသား လူငယ်များ ကြီးပွားကြစေချင်သည်။ တိုးတက်ကြစေချင်ကြသည်။ ပညာရေးအနေနှင့် လူချွန်လူမွန်များ ပေါ်ထွက်စေချင်ကြသည်။ သို့ရာတွင် မျှော်လင့်သလို အားရဖွယ်ဖြစ်မလာသည့်အတွက် အောက်ပါအတိုင်း ညည်းညူကြသည်။

"ပညာအရာနဲ့သာ ယှဉ်ရမယ်ဆိုရင်တော့ ကိုးကန်သားဘုရားဖြစ်တောင် လူတောသားက ဒေဝဒတ်အဆင့်မီအောင်



...နည်း ကြိုးစားကြရှာပါ"

သူတစ်ပါးကို ပြောရာတွင် မညာသလိုလို ကိုယ့်ကိုယ်ကိုလည်း မညာတတ်ကြပေ။

## ဆင်နားရွက်၏ နေရာ

ထိုသို့ ညည်းညူနေစဉ် မူလတန်းကျောင်းသားကလေး တစ်ယောက်သည် အဝကျယ်ပြီး အနားပြန့်သော ထန်းရွက်ဦးထုပ်ကြီးကို မျက်နှာပျောက်အောင် ဆောင်းပြီး ဆိုင်ထဲဝင်လာရာ ...

"ဟလိုလေးကွယ့် ... ကလေးရဲ့၊ ဆင့်နားရွက်ကို ...က်မှာ တပ်ပလေ" ဟု ဆိုလိုက်လေ၏။

## ဆင်ဖြူတော်၏တန်ကြေး

နွားကောင်းကိုင်သော ဥနဲဘုတ်ရွာသား လယ်သမားတစ်ဦး နွားရောင်းမည့်သတင်းကြား၍ လူတောသားလယ်သမားတစ်စုသည် နွားဝယ်ရန် ရောက်သွားကြ၏။ နွား၏အမွေး၊ အသွေး၊ ဒေါက်၊ အလျား ခြစ်ခုံ စသည်များကို ကြည့်ပြီးနောက် သွားကို ဖြဲကြည့်ကြ၏။

နွားကို ကြိုက်ပြီဖြစ်သဖြင့် စျေးကိုမေးလိုက်ရာ နွားရှင်၏ အဆိုကြောင့် လူတောသားများ မျက်လုံးပြူးသွားကာ...

"ဟလိုလေးကွယ်၊ နွားရောင်းစျေးကိုမေးလိုက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝေဿန္တရာမင်းကြီးရဲ့ ပစ္စယဆင်ဖြူတော်ကို အဆင်တန်ဆာ အလုပ်အကျွေးတွေနဲ့ ပေါင်းပြီး တန်ကြေး ပြနေပါကလားကွယ် ရို့" ဟု တစ်ယောက် ရေရွတ်လိုက်လေ၏။

## ဆောင်စရာ အရာကား

လှတော်ရွာတောင်ပိုင်းတွင် ကျင်းပသော အလှူမှ ထမင်းစားပြီး ပြန်လာသော မြောက်ပိုင်းသားတစ်ယောက်သည် အလှူလာသောလူများကို လမ်းတွင်တွေ့ရာ "ဘာကျွေးလဲ၊ စားလို့ကောင်းလား" စသည်ဖြင့် မေးကြ၏။ အလှူပြန်၏ အဖြေမှာ . . .

"အလှူမှာ ထမင်းစားမယ်ဆိုရင် ဒီအတိုင်း မသွားကြနဲ့၊ ဆန်ခါတစ်ချပ် ထမ်းသွားကြမှ ဖြစ်မယ်၊ တစ်ယောက်က ပါးစပ် ပိုးပြီးခံ၊ အဲဒါမှ ဖြစ်မယ်" ဟူ၍ ဖြစ်ပေ၏။

ထမင်းဟွင် စပါးလုံးများသည်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

## ဆန်နှင့် ကင်းရှင်းပုံ

ကားတစ်စီးသည် ရွှေဘို-ဝက်လက်နယ်စပ်အရောက်တွင် ရှာဖွေရေးက တားသောကြောင့် ရပ်ပေးလိုက်ရ၏။ ရှာဖွေရေးအဖွဲ့ဝင်များက "ဆန်ပါသလား" ဟု မေးလည်း မေး၏။ တက်ပြီးလည်း ကြည့်၏။



ကားပေါ်တွင်ပါလာသော လှတော်သားတစ်ယောက်၏ အဖြေမှာ ဤသို့ဖြစ်၏။

"ဟုလိုလေး၊ မြွေပွေးနဲ့နှုတ်ခမ်းချင်းစုပ်ရဲပါတယ်ဗျာ၊ ဆန်နဲ့တော့ ပလူးပလဲ မလုပ်ရဲပါဘူး"။

## ဆန်းဆိုသမျှ ထိပ်ခေါင်

လှတော်သားတစ်ယောက်သည် မန္တလေးမှ အပြန်တွင် အင်္ဂလိပ်ရုပ်ရှင်ကား ကြည့်ခဲ့ရကြောင်း၊ ဇာတ်ကွက်ဇာတ်လမ်း လှုပ်ရှားမှုများ အံ့သြစရာကောင်းကြောင်းကို ထပ်ကာထပ်ကာ ပြောနေရာ . . .

"မင်းကလဲကွာ၊ ဒါပဲပြောနေတာပဲ၊ ဘာက ဘယ်လို အံ့သြဖို့ကောင်းတယ်ဆိုတာလဲ ပြောဦးမှပေါ့"

သူငယ်ချင်းတစ်ယောက်က မေးလျှင် . . .

"ဟုလိုလေး၊ အံ့သြဖို့ကောင်းပုံများတော့ကွာ၊ ရုပ်ရှင်ထဲမှာပါတဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးရဲ့ အဝတ်အစားအဆောင် အယောင်တွေက ကဏ္ဍကမြင်းကို ကကြိုးတန်ဆာဆင်ထားပုံနဲ့ တူလိုက် လေကွယ်ရို့"

## ဆယ်ပြားစေ့၏ ဇရိယာ

ဇာတ်ပွဲများသည် ရုံဝင်ခကြီးမြင့်လာ၏။ ဖျော်ဈေးတက်လာ၏။ ဖျာအရွယ်အစားမှာမူ ပြောစရာမရှိ။

www.burmeseclassic.com

နာမည်ကြီးဇာတ်ပွဲကြည့်ပြီးခဲ့သော လူတောသားတစ်ဦးအား မကြည့်ရသေးသူများက ပွဲကောင်းလား၊ မင်းသားကောင်းလား၊ မင်းသမီးကောင်းလား စသည်ဖြင့် မေးမြန်းကြရာတွင် "ဖျာကောရရဲ့လား" ဆိုသော အမေးလည်းပါ၏။

"ဖျာလား ရတော့ရပါရဲ့အော၊ ရုံထဲရောက်လို့ ကိုယ့်ဖျာကိုယ်လိုက်ရှာလိုက်တော့ ဟလိုလေး ဖျာတဲ့၊ ဆယ်ပြားစေ့နဲ့ မှားနေတော့တာပဲအော"

## ဇလီဖားတုံးဝိဇ္ဇာ

ထင်းကုန်သည်တစ်ယောက်သည် လက်ဖက်ရည်ဆိုင်အဝင်ဝတွင် စုပုံထားသော ထင်းများကို စောင်းငဲ့ကြည့်ရင်း ဆိုင်ထဲဝင်လာ၏။

"ငါ့ထင်းကို မဝယ်ဘဲ ဘယ်ကထင်းတွေ ဝယ်ထားတာလဲကွ"

"ခင်ဗျားထင်းသုံးမယ့်အစား ကောက်ရိုးကို ခွဲခြမ်းလုပ်ပြီး သုံးပါရစေဗျာ"

"မတရားမပြောနဲ့ကွာ၊ ငါ့ထင်းတွေဟာ မီးရထားဘက်ကို ဇလီဖားတုံးအဖြစ်သွင်းပို့ထားတာကွ၊ ခင်မင်တဲ့လူတွေမို့ ထင်းအဖြစ်နဲ့ မင့်ဆိုင်ပို့တာကွ"

"ဟလိုလေး ဇလီဖားတုံးတဲ့၊ ခင်ဗျား ဇလီဖားတုံးဆိုတာတွေဟာ သုံးပုံပဲ ဖဲချပ်လောက်မှ မကြီးပါကလားဗျာ"



## ဇိဝက လက်မြောက်ရသူ

လူတောသားတစ်စုရပ်ပြီး စကားပြောနေသော အိမ်ရှေ့မှ လူတစ်ယောက်ဖြတ်လျှောက်သွားရာ စကားပြောနေသူများထဲမှ တစ်ယောက်က အော်မေး၏။

"ဗျို့ ဦးလေး၊ မာရဲ့လားဗျ"

"မာပါ့လကွယ်၊ စကျင်ကျောက်နဲ့ ထုထားတဲ ဇိဝကထက်တောင် မာလိုက်ချင်သေးသကွယ့်"

အတုမရှိသော ဆေးဆရာကလည်းမာ၊ စကျင်ကျောက်ကလည်းမာရာ အလွန်ကောင်းသော သုံးနှုန်းပုံ ဖြစ်ပေ၏။

## ဓောတိက လက်ဖွာပုံ

လုပ်ခရှင်းလာသော အလုပ်သမားများသည် တစ်ယောက်တစ်ပေါက်ပြောရင်း အကြော်ဆိုင်တွင် ဝင်ထိုင်ကြသည်။ တစ်ယောက်က အကြော်မှာပြီး ရေနွေးပန်းကန်ငှဲ့သောက်လိုက်ရာက . . .

"ဒီလိုမတရားလို့လဲ သူတို့မှာ ဒီလောက်ချမ်းသာနေတာထင်ပါရဲ့"

"ကိုသူဌေးအကြောင်းတော့ ပြောမနေနဲ့ဟေ့၊ လာဘ်ပေးရာမှာဖြင့် ဓောတိကကွ၊ အလုပ်သမားကို လုပ်ခရှင်းပေးတဲ့အခါကျမှ ကုက္ကားဖွ" ဟု တစ်ယောက်က ဖြတ်ပြောလိုက်လေ၏။

www.burmeseclassic.com



## ဓာတုန်ရ ပေါပုံက

ကောက်ရိတ်နေသော လယ်ကွက်တစ်ကွက်ကို လှတောသားတွေ ရောက်သွားကြသည်။ စပါးအခြေအနေ အကဲခတ်ရင်း လယ်ရှင်ထံတွင်မေးမြန်းနေစဉ် ကောက်ရိတ်သူများမှာ မြွေတွေ့သဖြင့် အော်ကာဟစ်ကာဖြင့် ရိုက်နှက်နေကြသည်။

ထိုအခါ လယ်ရှင်က စောင်းငဲ့ကြည့်ရင်း . . .

"မြွေကိုတော့ ဂရုစိုက်ကြဗျို့၊ ဟိုဘက်ကွင်းက လယ်တွေမှာ မြွေပေါလိုက်တာ၊ ဝါးဖောင်တွေ မျောလာသလား မှတ်ရသတဲ့"

ထိုအခါ လှတောသားက ဝင်ပြော၏။

"မြွေကတော့ ကျုပ်တို့ရွာနားမှာလဲ ပေါတာပဲ၊ လယ်ပြင်ကို လှမ်းကြည့်လိုက်ရင် ဟလိုလေး ပေါလိုက်တဲ့မြွေတွေ မုန့်တီတောင်ကို စောင်းသွန်းထားသလား မှတ်ရ"

ဖြေလနာရာသ

## ဓာတ်ကန်ထရိုက်၏ ညည်းခြင်း

လှတောသားကုန်သည်တစ်ယောက်သည် ပွဲကန်ထရိုက် အချို့နှင့် အပေါင်းအသင်းဖြစ်ရာမှ နောက်တစ်နှစ်တွင် သူလည်း ဓာတ်ကန်ထရိုက်ဖြစ်သွားလေ၏။ တစ်နေ့တွင် ကားဂိတ်၌ မိတ်ဆွေသူငယ်ချင်းများနှင့်တွေ့ရာ "ဟေ့ သူဌေး" ဟု ခေါ်ကြ၏။

"ဟလိုလေးကွယ် သူဌေးတဲ့၊ အထင်ကြီးလိုက်လေ"



"ငွေတွေ ဖွေးခနဲဖွေးခနဲဝင်လိုက်တာ သူဌေးပေါ့"

"အမယ်လေး၊ စားရမလားလို့ ဓာတ်ကန်ထရိုက်လုပ်တယ်၊ စာကလေး အုမွေးနုတ်ခေါင်းနုတ် ဟိုဒင်းပဲ ကျန်ဆိုတာလိုဖြစ်နေတာပါ၊ သူဌေးမဟုတ်ပါဘူး"

ဖြေလနာရာသ

## ဓာတ်သွေး ကြမ်းပါဘိ

ရွှေဘိုမြို့တောင့်စေတီဘုရားပွဲတော်သို့ လှတောသားများသည် ပွဲခင်းအတွင်း၌ မြို့ခံမိတ်ဆွေတစ်ယောက်နှင့် တွေ့ရာ ထမင်းကျွေးပါရစေဆိုပြီး မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး "ကြက်၊ ဝက်၊ ငါး၊ အမဲ၊ ဆိတ်၊ ဘဲ ရှိသမျှ ဟင်းတစ်မျိုး နှစ်မျိုးစီ ထည့်ပေးပါ" ပြောသည်။

တစ်ခဏအတွင်း စားပွဲပေါ်တွင် ဟင်းပန်းကန်များနှင့် ပြည့်သွားရာ အရင်းနှီးဆုံး လှတောသားက . . .

"ဟလိုလေးလူရယ်၊ ထမင်းကျွေးဖို့ ခေါ်လာတယ်မှတ်ပါ၊ ဘီလူးဓာတ်သွင်းနေပါကလားကွယ်" ဟု ပြောလိုက်ရာ တခြားစားပွဲမှ လူများပါ ဝိုင်းရယ်မောကြလေ၏။

ဖြေလနာရာသ

## ဈေးကိုသာ ရပါစေ

အခြားရွာတစ်ရွာမှ လူတစ်စုသည် လှတောရွာကားဂိတ်လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ဝင်သောက်ရင်း စက်ဘီးရောင်းလိုသူ ဤရွာတွင် ရှိမရှိစုံစမ်းရာ၊ အလျင်ရောက်နေသူများ

www.burmeseclassic.com

www.burmeseclassic.com



က သူတို့ထဲမှ တစ်ဦးအား "ခင်ဗျားစက်ဘီး ရောင်းမလား" ဟု မေးကြ၏။

ထိုအခါ အမေးခံရသူက . . .

"ကြိုက်ဈေးရရင် ရောင်းမှာပေါ့ကွ၊ ဝမ်းနဲ့လွယ်မွေးတဲ့ သားသမီးတောင် သဘောကျတဲ့သူနဲ့တွေ့ရင် ပေးစားရသေးတာ၊ ငွေနဲ့ပေးဝယ်ထားတဲ့စက်ဘီးလဲ ကြိုက်ဈေးရရင်တော့ ထမ်းပဲပို့ရပို့ရ" ဟု အဖြေပေးသည်။

## ဈေးဝန်းမှား၍ ယူမိ

လှတောသားညည်သည်အား ထမင်းကျွေးအပြီးတွင် အိမ်ရှင်က စားလို့မြိန်ရဲ့လားမေးရာ၊ လှတောသားက ဤသို့ ဖြေ၏။

"ငါးခြောက်ကြော်ကလွဲရင် အားလုံးကောင်းပါတယ်၊ ငါးခြောက်ကတော့ ခင်ဗျားဈေးဝယ်တုန်းက ပစ္စည်းချင်းမှားပြီး ယူလာမိခဲ့ဟန်တူပါရဲ့၊ အလိုလေး မျှားလိုက်တဲ့အရိုးတွေ အပ်ထုပ်ဝါးနေမိသလား မှတ်ရ"။

## ဈေးအိမ်သာ မျှောလာခြင်း

လှတောသားတစ်စုသည် သင်္ဘောဖြင့် ခရီးထွက်လာကြသည်။ တစ်ယောက်သော လှတောသားသည် အိမ်သာဝင်သွား၏။ အိမ်သာမှ အထွက်တွင် ရှုံ့မဲ့ပြီးထွက်လာသဖြင့် ဘယ်လို



ဖြစ်လာတာလဲ" ဟု ဝိုင်းမေးကြရ၏။

အမေးခံရသူ၏အဖြေမှာ . . .

"ညစ်ပတ်လိုက်ပဲ့အိမ်သာကွာ၊ ဈေးအိမ်သာရေထဲ မျှောပါလာသလား အောက်မေ့ရတယ်" ဟု ဖြစ်ပေ၏။

## တစ်နေ့တစ်ခြား

လယ်ထဲသို့ ရေသွင်းရန် ထွက်လာကြသော လယ်သမားကလေးများသည် သူတို့အဖွဲ့ထဲတွင် ပါမလာသော အဝေးရောက် သူငယ်ချင်းတစ်ယောက်အား တမ်းတမိကြ၏။

"ဒိကောင် အခုတော့ တော်တော်လည်နေပြီကွ"

တစ်ယောက်က ထင်မြင်ချက် ပေးလိုက်ရာ နောက်တစ်ယောက်က ဝင်ရောက်ပြောလိုက်ပုံမှာ ဤသို့ဖြစ်၏။

"ဟလိုလေးကွယ်၊ အခုများတော့ လည်လိုက်ပုံမှာ ဂျင်ကတောင် အရှုံးပေးရကွ၊ ဟိုတုန်းကတော့ နလပိန်းတုံးများ ချိုချဉ် (သကြားလုံး) ကိုတောင် မျိုးကောင်းတယ်ဆိုပြီး မြေပေါ် ချစိုက်ခဲ့တဲ့ ကောင်ပေါ့"

## တလိမ့်တုံးနှင့် ဖိုသလို

အိမ်ရှေ့သို့ ပစ္စည်းပစ္စယ တိုးလိုးတွဲလောင်းဖြင့် ရောက်လာသော မိခင်အား သမီးက အိမ်ပေါ်မှ အပြေးဆင်းလာကာ ကြိုဆိုရင်း "အမေ ဘယ်ကားနဲ့ ပါလာတာလဲ အမေ" ဟု မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ရတနာပုံကားနဲ့ပါ သမီးရယ်"

"တော်သေးတာပေါ့၊ ကြားကားနဲ့ဆိုရင် တလိမ့်တုံးနဲ့ ကြိတ်သလို ကျပ်ညပ်ပြီး ပြားချပ်သွားမယ်"

## တစ်ယောက်ပြီးတစ်ယောက်

**လူ**တောရွာကို ကက်ဆက်တစ်လုံးရောက်လာသည်။ တိပ်ရီ**ကော်ဒါအ**သေးစားပါဟု ပြောသူကပြောနှင့် လာရောက်ကြည့်ရှုကြ**၏။ ဖွင့်ထားသည်**ကို လုပ်သူကလုပ်၊ ဟိုကလိ သည်ကလိ လုပ်သူကလုပ်နှင့် လုပ်ကြရာ တစ်ယောက်သော သူက ဤသို မှတ်ချက်ချ၏။

"ဟလိုလေးကွယ် ကက်ဆက်ရဲ့၊ မျက်နှာကြီးရဲ့မယား ကလေးမွေးသလား မှတ်ရ၊ တစ်ယောက်လာ တစ်ခါလုပ်ကြည့်နဲ့ ကြာရင်အအေးမိပြီး အသံမထွက်ဘဲ နေတော့မှာပဲကွယ်"

## တိတ္ထိအတွက် စိုးရိမ်ခြင်း

"စပယ်ယာက အထဲဝင်စီးပါ၊ အထဲမှာနေရာ ရှိပါတယ်" ပြောနေသော်လည်း ဘတ်စ်ကားနောက်မြီးတွင် ခိုစီးသူများသည် နေရာမှ မရွေ့ကြပေ။ လမ်းက ကြမ်းသဖြင့် ကားသည် ခုန်**၏။ ဆောင့်၏။** နောက်မြီးက ပိုဆိုး၏။

ထိုအခါ ကားထဲတွင် ပါလာသောလူတောသားခရီးသည်တစ်ယောက်က နောက်မြီးပုဂ္ဂိုလ်တို့အတွက် စိုးရိမ်မကင်း



စွာ ဤသို့ပြောလိုက်ရှာ၏။

"ဟ. . . ကလေးတွေ မြဲမြဲကိုင်စီးကြနော်၊ တော်ကြာ တခွန်တိုင်က တိတ္ထိရုပ် သံတူရွှင်းနဲ့ ထိုးခွာချသလို ပက်လက်လန်ကားယားကျပြီး အဝီစိကို ရောက်ကုန်ပါ့ကွယ်"

## ထူးပေစွ စက်ဘီး

စက်ဘီးဝယ်လိုသူများသည် လူတောရွာအတွင်း စက်ဘီးရောင်းလိုသည့်သတင်းကြားသော အိမ်များသို့ ရောက်လာကြသည်။ ရောက်လာသော်လည်း အချို့အိမ်နှင့် ဈေးမတည့်၊ အချို့အိမ်က မရောင်းလို။ သို့သော် ရောင်းလိုသော စက်ဘီးရှင်၏အိမ်သို့ သူထက်ငါ စေတနာထက်သန်စွာဖြင့် ညွှန်ကြရာ တစ်ယောက်သောသူ၏ စက်ဘီးအကြောင်းသို့ ရောက်သောအခါ . . .

"ဒီကောင့်စက်ဘီးကိုတော့ မညွှန်းပါနဲ့ကွာ၊ တာယာတွေ စုတ်ပြတ်နေလို့ ချုပ်ထားလိုက်တဲ့ ချုပ်ရာတွေများ မြင်ရမကောင်းဘူး၊ ကင်းခြေများ မိသားစု စည်းဝေးပွဲ ထိုင်နေသလားမှတ်ရ"။

## ထိုးမည့်အရေး

လူတောသားလယ်သမားများကို သက်ဆိုင်ရာမှ [illegible]ပြီး စရိတ် ထုတ်ပေးနေသည်။ ငွေယူမည့်သူသည် လက်မှတ်ထိုးရ

www.burmeseclassic.com

www.burmeseclassic.com



ရာ အချို့ ချောမော၏။ အချို့ မချောမော။

မချောမောသူတစ်ယောက်အား ဘေးမှလူများက . .

“အဲဒီမှာ ထိုးပါကွ၊ ဟာလိုလေး မောင်ရာ၊ လက်မှတ်ကလေး တစ်ချက်ထိုးမှာများ စစ်ကိုင်းတံတားကြီး ပန္နက်ရိုက်တာကျနေတာပဲ” ဟု ပြောကြလေသည်။

## ထန်းပုံ ပြင်းပုံများ

လူတောသားသည် အပေါင်းအသင်းများပါသောကြောင့် သောက်စားနေရသော်လည်း ဟိုတယ်မှအရက်ကို ခံတွင်းမတွေ့ပေ။ ထို့ကြောင့် သုံးလေးခွက်သောက်မိချိန်တွင် ဤသို့ ပြောချလိုက်လေသည်။

“ငါတို့ရွာက အရက်နဲ့များတော့ကွာ၊ အရက်ပြန်နဲ့ ရေနဲ့ ကွာသလို ကွာပါရဲ့၊ ငါတို့ရွာက အရက်များ ဦးရည်မဆိုထားနဲ့၊ နောက်ရည် သောက်မိရင်တောင် လည်ချောင်းထဲ ရှားမီးခဲကြီးလျှောကျသွားသလား မှတ်ရ၊ အဲဒီအရက်ကို မိတဲ့လူရဲ့ ကျင်ငယ်ရေနဲ့တောင် မတော်တဆ သွားနမ်းမိတဲ့နွားတွေ တစ်ခါတည်း ရှောင်လင်သိုင်းသမားဖြစ်သွားတယ်”

## ထန်းသီးဖြစ်ပါမှ

မဲစာရင်းများ စနစ်တကျ ပြုစုထားခြင်း မရှိသော တစ်ချိန်က လူတောရွာသို့ မဲစာရင်းကောက်ယူသော အဖွဲ့တစ်ဖွဲ့



ရောက်လာ၏။ ထိုအဖွဲ့သည် သူကြီးအိမ်တွင် ရုံးထိုင်ကာ စာရင်းပြုစုနေစဉ် မိန်းကလေးတစ်ယောက်နှင့် မိခင်ရောက်လာ၏။ သမီးအမည် မဲစာရင်းထဲ မပါသေး၍ ဖြစ်သည်။

“ခင်ဗျားသမီး အသက်ဆယ့်ရှစ်နှစ် ရှိပါ့မလား”

ရုပ်နုလွန်းသဖြင့် စာရေးကမေးရာ ကလေးမမိခင်က.

“ဟာလိုလေး စာရေးကြီးရယ်၊ ကျုပ်သမီး ဆယ့်ရှစ်နှစ်ပြည့်ရဲ့လားမေးနေရတယ်လို့တော်၊ လူပေမို့တော်ရေ့၊ ထန်းသီးသာဆိုရင် ကိုက်လို့တောင်ရတော့မှာ မဟုတ်ဘူး” ဟု ပြောလိုက်၏။

## ထုံးတစ်ဖိုလုံး အသုံးချနည်း

တွေ့ဆုံလိုသောကြောင့် တစ်မှာတည်းမှာနေသော်လည်း လူတောသားသည် ယခုမှရောက်လာရာ စာရေးကြီးက ဆီး၍ အပြစ်တင်သည်။

“မင့်မှာ ဘာတွေအလုပ်များနေလို့ အခုမှ လာရတာလဲ၊ အခုတော့ ကိစ္စတွေက လွန်ကုန်ပြီကွ”

“ဟာလိုလေး၊ အလုပ်ရှုပ်လိုက်ပုံများတော့ အားတယ်လို့ကို မရှိတော့ပါဘူး စာရေးကြီးရယ်၊ ယားတာကို ဖုံးတို့ပြီး မှတ်တာ ထုံးတစ်ဖိုလဲ ကုန်ပါပြီ၊ ယားတာကို အိပ်မက်ထဲကမှ ကုတ်ရတယ်၊ အရုပ်သာဆိုရင် စရွှေချောင်ပြီး ခြေဆစ်လက်ဆစ်တွေ ပြုတ်ကျကုန်လောက်ပြီ၊ လူမို့သာ ခံနိုင်တာ” ဟု ညည်းညူသံဖြင့် ပြန်ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ထွားပုံက ထွားပုံက

ရွှေဘိုမြို့သို့ ရောက်လာကြသော လူတောသားများသည် ကမ္ဘာလှည့်ခရီးသည်အချို့ကို ဈေးအနီးတွင် မြင်လိုက်ရသည်။

"ဟာလိုလေး ဘုရားဘုရား၊ လူကောင်ကြီးတွေကဖြင့် လကွယ့်၊ ဒီဈေးထဲမှာ လှည်းက ဖြုတ်လွှတ်လိုက်တဲ့ စပ်နွားကြီးတွေ ယောင်ပေယောင်ပေနဲ့ လမ်းသလားနေသလား မှတ်ရ"

ချိုကားကား သိုဖားဖား ကိုင်းထွားထွားနှင့် တိုင်းခြားမျိုးစပ်နွားကြီးတွေကို မြင်ယောင်ပြီး၊ ထွားကျိုင်းပုံယှဉ်ဟပ်လိုက်ခြင်း ဖြစ်ပေ၏။

## ထွားလွန်း ရှည်လွန်း

ထမင်း စားသောက်ပြီးနောက် လူတောသားများသည် ကုန်စိမ်းတန်းသို့ လျှောက်လာကြရာ၊ အမျိုးကောင်းသောမိုးမျှော်ငရုတ်သီးများကို မြင်ကြရ၏။

"ငရုတ်သီးတွေက ထွားပေါ့ကွာ" ဟု တစ်ယောက်က စလိုက်ရာ၊ ဈေးသည်မက "ယာထဲမှာ ကျန်နေခဲ့တာတွေက ဒါ့ထက် ရှည်လဲရှည်၊ တုတ်လဲ တုတ်ထယ်၊ မရွက်နိုင်လို့ ထားခဲ့ရတာ" ဟု ဖြေသည်။

ထိုအခါ လူတောသား တစ်ယောက်က . . .

"ဟာလိုလေးကွယ်၊ တို့အိမ်ဘေးမှာ အလေ့ကျပေါက်နေတဲ့မိုးမျှော်ငရုတ်သမီးများ ရှည်လွန်းလို့၊ တာဝတိံသာသွား



ထောက်နေတာနဲ့ သိကြားမင်းကြောက်အားလွန်ပြီး၊ နက်သက်ကြွေပါရောလား" ဟု ပြောလိုက်လေ၏။

## ဒုတိယ သတို့သား

ဇနီးသည် ချူချာသောကြောင့် ဆေးခန်းသို့ မကြာခဏ လိုက်ပို့နေရသော လူတောသားသူငယ်ချင်းက မေးကြ၏။

"မင့်မိန်းမ ဘယ့်နှယ့်နေသလဲ"

"ဒီလိုပါပဲကွာ"

"ဆေးထိုးနေရတုန်းပဲလားဟေ့"

"မေးမနေပါနဲ့တော့ကွာ၊ ငါနဲ့ကွာပြီး ဆေးထိုးအပ်နဲ့ လက်ထပ်ပေးလိုက်ရကောင်းမလား စဉ်းစားမိတယ်"

## ဒေဝဒတ်၏ ချေပချက်

လူတောသားတစ်ယောက်သည် ကားဂိတ်တွင် ရင်းနှီးသော ထမင်းဆိုင်သို့ဝင်ပြီး ထမင်းစားရာ၊ ငါးဟင်းကို အရိုးများသည်၊ ကြက်သားဟင်းကို ရင့်သည်။ ဝါးမရ၊ ထမင်းကို အကျန်တွေလား စသည်ဖြင့် အပြစ်တွေချည်း လျှောက်ပြောနေသဖြင့် ဆိုင်ရှင် သည်းမခံနိုင်တော့ပါ။

"သူငယ်ချင်း မင်းကို ထမင်းရောင်းရတာ ကြာရင် [illegible] သည်းချေပျက်ပြီး ရူးလိမ့်မယ်၊ စွဲချက်တွေတင် အပြစ်တွေဖို့လိုက်တာက ငါ့မှာ အလိုလိုနေရင်း ဒေဝဒတ် ဖြစ်နေပါကလား

www.burmeseclassic.com

www.burmeseclassic.com



## ဒေါသဝိဇ္ဇာ

ထိုအချိန်က အခိုက်အတန့်ဆန်ရှားပါးနေချိန်လည်း ဖြစ်၏။ မိုးကလည်းမရွာနှင့်၊ လုတောသားများမှာ မိုးနှင့်မူးကို မျှော်ရင်း တစ်ယောက်ကစပြီး ရယ်စရာပြော၏။

"မိုးရွာမလား မရွာဘူးလားဆိုတာ သိရအောင် ခင်ဗျား တို့ရွာသူကြီးတွေက သိကြားမင်းဆီ ဖုန်းဆက်ပြီးမေးဖို့ ကောင်း တယ်"

"ဟလိုလေးလေ၊ သိကြားမင်း ဒီအချိန်မှာ အကြီး အကျယ်ဒေါသဖြစ်နေတာ၊ ဖုန်းဆက်လို့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲဗျ"

"ဟလိုလေး၊ ရှိတဲ့ဆန်ကလေး ချွေချွေတာတာ ခြိုးခြိုး ခြံခြံ သိမ်းဆည်းမထားကောင်းလားဆိုပြီး သုဝဏ်ကို လိမ့်ပြီး ရိုက်နေလေရဲ့ကွယ့်"

ခြောက်သွေ့နေသော စကားဝိုင်းမှာ ရယ်မောသံများနှင့် စိုပြေသွားလေ၏။

ဖဖဖဖ

## ညံ့လိုက်သည့်သွား

လုတောသူ ကောက်စိုက်သမများနှင့် အခြားရွာသူ ကောက်စိုက်သမများသည် အရိပ်ကောင်းကောင်းတွင် ထမင်း စားရင်း ဆုံမိကြရာ အခြားရွာသူတစ်ဦးက စတင်လိုက်၏။

"ဟင်းကတော့ အဖေစားနိုင်အောင် တစ်ခါတည်းရော ချက်ခဲ့ရတာ၊ အဖေက သွားမကောင်းတော့ဘူး၊ မကောင်းဆို လိမ့်ထားတဲ့ ငှက်ပျောသီးမှည့်တောင် ကောင်းကောင်း မဝါးနိုင် ရှာဘူး"

ထိုအခါလုတောသားတစ်ဦးက ဝင်ပြောလိုက်ပုံမှာ . .

"မယ်မင်းကြီးမ အဖေကတော်သေးတာပေါ့၊ တို့အိမ်က အဖေဖြင့် ရေကိုတောင် သံဆုံနဲ့ထောင်းပြီး တိုက်နေရတယ်" ဟူ၍ ဖြစ်၏။

ဖဖဖဖ

## ညောင်နီခေါက်မျက်နှာ

ဝက်လက်ဘုရားပွဲတော်ဇာတ်ပွဲတွင် ရန်ဖြစ်သဖြင့် ထွက်ပြေးလာရသော လုတောသားအား ရွာတွင်ကျန်ရစ်ခဲ့သူ များက မေး၏။

"ရန်ပွဲမှာ ရဲမရှိဘူးတဲ့ကွာ၊ မြို့ကြီးပြကြီး ဖြစ်နေပြီး တော့"

ရဲတော့မရှိဘူး၊ မြို့အုပ်ဆိုတာတော့ မြင်ခဲ့ရ၊ ဟလိုလေး မြို့အုပ်မင်း စိတ်ဆိုးနေလိုက်ပုံနှယ်၊ သူ့မျက်နှာကြီးက ညောင်နီ ခေါက်ကို ပုဆိုးနဲ့လွှာထားသလားမှတ်ရ" ဟု ပွဲပြန် လုတောသား က အားရပါးရပြောလေ၏။

ဖဖဖဖ

## ညစ်ပလေ လုစ်ခြေဟ

တောသူတောင်သားများထံမှရသော ငွေစက္ကူများသည် များသောအားဖြင့် ညစ်ပေနေလေ့ရှိ၏။ ဟောင်းနွမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကြေနေလေ့လည်းရှိ၏။ သို့ရာတွင် ဤဈေးသည်ကြီးထံမှ ရသော ကျပ်တန်များမှာ အလွန်ရှုပ်ပျက်နေသည့်အတွက် လှတောသားစပယ်ယာသည် ဤသို့ ညည်းတွား၏။

"ဟလိုလေး ကျပ်တန်တဲ့ အဒေါ်ရယ်၊ ထုရိုက်ထားတဲ့ ထပ်တစ်ရာ (ပလာတာ) ကို ကြက်ယက်ထားတာမှ တော်လိမ့်မယ်"

## ညည်းတို့ ကိုကို

သားယောကျ်ားကလေးတွေ မွေးထားရသော်လည်း ကျားကျားလျားလျားမရှိ၊ ကုပ်ချောင်းချောင်းနှင့် စိတ်ပျက်ဖွယ်ကောင်းသည်တွင် လုံချည်ခွေးချေးသိမ်းဝတ်ကာ ဆံရှည်ကျောပဲနေသော သားအား ဖခင်သည် ကြည့်မရပေ။ ယခု သနပ်ခါးအဖွေးသားဖြန်း အပြင်ထွက်ရန် ပြင်နေသောအခါ . . .

"ဟဲ့ သမီးတို့ ခါးတောင်းကျိုက်၊ တုတ်ကိုယ်စီဆွဲပြီး ညည်းတို့အစ်ကိုကို လိုက်ပြီး စောင့်ရှောက်ကြစမ်း၊ လမ်းမှာ ဖက်အနမ်းခံရမှာ စိုးရတယ်ဟဲ့" ဟု အော်ပြောနေလေ၏။

## ညည်းလိုက်ပုံနှယ်

တပည့်ကျောင်းသားများအပေါ်တွင် တတ်စေချင်တော် စေချင်သောဆရာက စေတနာဖြင့် အချိန်ပိုသင်ပေးသော်လည်း တပည့်များမှာ ရှုံ့မဲ့ပြီး လိမ်ပိန်နေကြ၏။ အတန်းလွှတ်လိုက်



သောအခါ အပြင်မှစောင့်နေသော အခြားအတန်းမှ ကျောင်းသားက "နောက်ကျလှချည်လား" ဟု ဆီးမေး၏။

ယခုမှ ထွက်လာသောကျောင်းသား၏အဖြေမှာ . . .

"ဟလိုလေးလေး၊ တို့ဆရာသင်လိုက်ပုံကတော့ ထိုင်ရလွန်းလို့ ဖင်အခွက်က မီးထွက်နေပါပြီကွ၊ ဆေးလိပ်မီးတို့ချင်ရင် ငါ့ဖင်မှာသာ လာပြီး တို့ပါတော့" ဟူ၏။

## တချွင်ချွင်မင်းသား

လှတောသား လယ်သမားများနွားဝယ်ရန် ရောက်လာကြသည်။ နွားကြည့်ကျွမ်းကျင်သူကလည်းပါသဖြင့် နွားကောင်းဖြစ်သည်မှာ သေချာပြီ။

"နွားအလှုကတော့ ဒီနယ်မှာ စံတင်ထားရတဲ့ နွားပါဗျာ" ဟု နွားရှင်က ဆိုရာ၊ နွားကြည့်သော လှတောသားက ဤသို့ပြောလိုက်လေ၏။

"ဟုတ်ပါ့ခင်ဗျား၊ ဟိုရုပ်ရှင်မင်းသားကို ချူဆွဲပြီး ဆင်ပေးတောင်မှ ဒီနွားရဲ့အလှုကို မမီပါဘူးဗျာ"

## တညင်းသီးခွံ၏သရုပ်

ဘုရားပွဲတော်တွင် မျက်လှည့်ရုံတွင်းမှ တစ်ပွဲပြီးသောကြောင့် လူများတိုးဝှေ့ထွက်လာကြ၏။ သားနားစွာဝတ်ဆင်လာသော ဖြူဖြူဖွေးဖွေးမိန်းမတစ်ယောက်သည် ထိုလူအုပ်၏

www.burmeseclassic.com

www.burmeseclassic.com



အတိုးခံရသောကြောင့် မျက်နှာရှုံ့မဲ့သွား၏။

ဤသည်တို့ မျက်လှည့်ရုံဝမှ လှတောသားတစ်ယောက်က မြင်လိုက်ရာ . . .

"ဟာလိုလေးကွယ်၊ ရှုံ့မဲ့နေလိုက်တဲ့မျက်မှာ၊ ရှုံ့ပွက်ထဲမှာ လူနင်းခံရ၊ တညင်းသီးအခွံနဲ့တူလိုက်တာ" ဟု အားရပါးရ ပြော

## တတွိတွိနှင့်

. . .းတွင်ရေလာနေသည်။ လှတောသားလယ်သမားများသည် . . .ကိုအလှည့်ကျ လယ်ထဲသို့ ရေသွင်းနေကြရသည်။ ထိုအခါညပိုင်းတွင် ရေသွင်းခွင့်ရသည့်လယ်သမားလူငယ်များသည် လယ်ထဲသို့သွားရန် တပျော်တပါးပြင်ဆင်ကြရာ မိခင်က မြွေစိုးရိမ်သဖြင့် မာတ်မီးယူသွားရန် သတိပေး၏။ သားက မယူချင်။ ထို့ကြောင့် မိခင်က ပြောလိုက်ပုံမှာ . . .

"ယူသွားမှ ဖြစ်မယ်ဟဲ့၊ ဒီအချိန်မှာ မြွေပေါလိုက်ပုံကတော့ မြွေတွန်သံတွေဟာ ကာလသားတွေ တန်းစီပြီး ပလွေမှုတ်နေသလား မှတ်ရ" ဟု ဖြစ်၏။

## ဒေါင်းဥကို ဘယ်သူဝင်

မိုးသားတိမ်လိပ်တွေ တက်လာသော်လည်း မိုးမရွာ . . .ချ။ တဖြည်းဖြည်း ဝေးပြီးပြယ်သွားသည့်အတွက် လူငယ်တစ်ယောက်က . . .



"အချို့တိုင်းပြည်တွေမှာတော့ အခုလို မိုးသားရှိပြီး မရွာရင် မိုးသားပေါ်ကနေ ရေခဲမှုန့်တွေ ဖျန်းချသတဲ့။ ကျုပ်တို့လဲ ဒီလိုလုပ်ရင် ကောင်းမယ်ဗျ"

ထိုအခါ လူကြီးတစ်ယောက်က . . .

"ကိုယ့်အထွာနဲ့ကိုယ်ပေါ့ကလေးရယ်၊ ဒေါင်းဥကို စာသူငယ်ဝပ်ရင် ရင်ကွဲသလို စာဥကိုဒေါင်းဝပ်ရင်လဲ ဥကွဲသတဲ့၊ တို့လဲ တစ်နေ့တော့ ဖြစ်ရမှာပေါ့" ဟု ပြောလေ၏။

## ဒထ်ရာကို လှန်ကာပြ

မိုးရာသီတွင် မိုးများသော ရန်ကုန်ဒေသသို့ ရောက်ခဲ့သော လှတောသားတစ်ယောက်သည် ရွာသို့ပြန်အရောက်တွင် ဤသို့ပြော၏။

"ဟာလိုလေး၊ ရန်ကုန်ခြင် ကိုက်ချက်ကတော့ ရှားစောင်းလက်ပတ်ချုံထဲ ကျွမ်းပစ်လဲတဲ့လူ ဆူးခြစ်ရာတွေ ဖုံးနေသလို တစ်ကိုယ်လုံး ခြင်ဖုနဲ့ ကုတ်ရာချည်းပါပဲဗျာ"

## ဒန်အိုးဖုံးဂီတ

အလှူတွင် အသံချဲ့စက်နှင့်ပါလာသော ကက်ဆက်ပျက်သွားသည်။ နားညည်းသည့်အရသာ အပျက်မခံလိုသော ကာလသားများသည် ရွာထဲမှကက်ဆက်တစ်လုံးကို ယာယီပြေးဆွဲရန် စီစဉ်ကြရာ မည်သူ့ကက်ဆက်ကောင်းကြောင်း၊ မည်သူ့ကက်ဆက်ညံ့ကြောင်းသို့ ရောက်သွားရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟလိုလေးကွယ်၊ အဲဒီလူကက်ဆက် ညဲ့ချက်များတော့ ညအချိန်များဖွင့်ထားရင် ဒန်အိုးဖုံးကို ခွေးသူခိုးလှန်ချတဲ့အသံ အတိုင်းပါပဲကွာ၊ သူ့ကက်ဆက်တော့ မယူကြပါနဲ့" ဟု တစ်ယောက်က ကန့်ကွက်လေသည်။

## မနုဖြုန်းကောင်များ

အိမ်ရှေ့တွင် ကလေးတွေ စီနေသည်။ ထမင်းဆာသည် ပူသူပူ၊ မုန့်ဖိုးတောင်းသူတောင်းဖြင့် ညံနေစဉ် ဧည့်သည်များ ရောက်လာရာ ထိုကလေးများကို ကြည့်ပြီး ထိတ်လန့်သွားကြ၏။

"ဟလိုလေး များလိုက်တဲ့ကလေးတွေရယ်၊ မိုးဦးကျ မှိုတွေပေါက်နေသလားမှတ်ရ၊ ဒီအင်အားစုကြီးကို မင်းရတဲ့ လခလေးနဲ့ဆိုရင် ရေဝယ်တိုက်လို့တောင် ဝပါ့မလား သူငယ်ချင်းရယ်"။

## မနုဝိဇ္ဇာ

ကားဂိတ်တွင် သားရေခွကိုင်ကလေးများ ရောက်နေ[ကြ]သည်။ သူတို့သည် တွေ့မရှောင် အကုန်ပစ်သော် လည်း မမိချေ။ စိုင်းနိုင်သားတစ်ယောက်သည် ကွမ်းယာဝယ်စားနေရာက. . .

"ညံ့ပါ့ကွာ၊ ဒါနဲ့များ ဗတ်ခွကိုင်ရသေးလား" ဟု အပြစ်တင်၏။



ထိုအခါ အပြောမခံနိုင်သော လူတစ်ယောက်က. . .

"အမယ် ကလေးတွေက တကယ်မပစ်လို့ပါ မောင်ရာ၊ လှုတောသားများ ဗတ်ခွဘယ်လောက်တည့်တယ်၊ တော်တယ်ဆိုတာ မောင်ရင်မကြားဖူးသေးလို့ ဒီလိုပြောတာ၊ သိဒ္ဓတ္ထမင်းသားတောင် လေးအတတ်ကို လှုတောသားဆီကသင်သွားရတာ ငါ့လူရ" ဟု ဝင်ပြောလိုက်လေ၏။

## တားခုတ်ကောင်၏ ရုပ

ထိုအမျိုးသမီးမှာ မန္တလေးမှ လှုတောသို့ပြန်လာသော လှုတောသားများနှင့်မှ တွေ့တတ်ပေသည်။ လှုတောသားများနှင့် ကပ်လျက်နေရာရပြီးနောက် မကြာမီ တားထွက်လာရာ၊ ကားဆောင့်၍ ထိမိတိုင်း တွန့်တွန့်သွားသည်။ စစ်ကိုင်းအဝင်တွင် "ဘယ့်နှယ်ကြောင့် တိုးတိုးနေရတာလဲ" ဟုရန်တွေ့တော့သည်။ "မတိုးပါဘူးဗျာ၊ ကားကရုတ်တရက် ရပ်လို့ပါ"

"ဘာမှတ် နေသလဲ"

လှုတောသား၏စိတ်က သည်းခံနေသော်လည်း ဝသီက မနေတော့ပါ။

"ဘာမှတ်ရမှာလဲ၊ တားခုတ်ကောင်မှတ်တာပေါ့၊ ခင်ဗျားကို ပစ်မှားပေးလို့ ခင်ဗျားယူမိတဲ့လူဟာ မသာ့အလောင်းပိုးသလိုဖြစ်မယ်သိလား၊ ဒါနဲ့များ တွန့်တွန့်သွားလိုက်တာ တားခုတ်ကောင်မီးနဲ့တို့သလားမှတ်ရ"

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်ဆီတုံး

မီးရထားပေါ်တွင်ဖြစ်သည်။ လှတောသားဘေးမှ လူနှင့် မျက်နှာချင်းဆိုင်မှ လူများသည် သူ့မီးခြစ်ကောင်းကြောင်း၊ သူ့မီးခြစ်မှာ မည်သည့်နိုင်ငံလုပ်၊ မည်သူက လက်ဆောင်ပေးသည် စသည်ဖြင့်ပြိုင်လာကြရာ၊ လှတောသား နားကြားပြင်းကတ်လာကာ သူ့မီးခြစ်ကို ထုတ်လိုက်ရင်း. . .

"ကျုပ်မီးခြစ်ကတော့ ပြည်တွင်းဖြစ်ဗျ၊ နှစ်ကျပ်ပဲ ပေးရတယ်။ ဒါပေမယ့် ဓါတ်ဆီမပါဘဲ ခြစ်တာတောင် မီးတောက်တယ်၊ ဓာတ်ဆီများပါရင်တော့ လှတောသားခြစ်တဲ့ မီးတောက်ကို စစ်ကိုင်းက လှမ်းမြင်ရပြီး ရွာကိုမီးလောင်နေတယ် ထင်ရသဗျ"

လှတောသားက ပညာပြလိုက်ရာ မီးခြစ်အကောင်းပြိုင်နေသူများ ငြိမ်သက်တိတ်ဆိတ်သွားကြလေ၏။

## နာရီဆိုမှနာရီ

လှတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများဝယ်ယူခဲ့ပြီး ဘုရားပွဲတွင် ချရောင်းနေ၏။ ဈေးပွဲလာသူများ သူ့ထံသို့ဝိုင်းအုံလာအောင် သူဘယ်လိုအော်ပါသနည်း။ နားထောင်ပါ။

"နာရီတွေ နာရီတွေ၊ အချိန်မှန်နာရီတွေနော်၊ မနက်ကိုးနာရီမှာကြည့်လဲ ဒီအချိန်ပဲ၊ ညကိုးနာရီမှာကြည့်လဲ ဒီအချိန်ပဲ၊ အချိန်မှန်နာရီတွေ၊ လူကြီးကိုမရောင်းဘူး၊ ကလေးပဲ ရောင်းတယ်၊ တစ်လုံး သုံးကျပ်"



## နာဠာဂီရိ၏ ရွှေသား

စကားဝိုင်းနှင့်မနီးမဝေးမှာ အမှုသမားများ ဆဲရေးတိုင်းထွာနေကြသည်။ စကားဝိုင်းထဲမှ လူတစ်ယောက်မှာ အကြားမလျော်သောကြောင့် 'ဒီသူငယ်တွေသွားပြောဦးမှပါ' ဆိုကာ စကားဝိုင်းထဲမှ လူတစ်ယောက်က ထရန်ဟန်ပြင်ရာ တစ်ယောက်က. . .

"ဦးလေး မသွားနဲ့ မသွားနဲ့၊ အခုမြင်နေရတဲ့ကောင်ဟာ အင်မတန်ရိုင်းတာ၊ ရိုင်းစိုင်းပုံများကတော့ အရက်မူးနေတဲ့ နာဠာဂရိဆင်နဲ့ ဖဲရှုံးပြီး ပြန်လာတဲ့ အာဠာဝကဘီလူးနဲ့ စပ်ကျသလားမှတ်ရ"

## နီးကပ်ပုံမှာ

မန္တလေးသို့ မရောက်ဖူးသူတစ်စုနှင့် ရောက်ဖူးသော လှတောသားတစ်ယောက်တို့ တည်းခိုသောဘုန်းကြီးကျောင်းမှ ထွက်လာကြသည်။ မန္တလေးတောင်သို့ သွားကြမည်ဖြစ်သဖြင့် ဘတ်စ်ကားစီးရန်ပြောသည်။

"ဘယ်လောက်လောက်ဝေးလဲ" ဟု မရောက်ဖူးသူက မေး၏။

"သိပ်မဝေးပါဘူး၊ ကားမှတ်တိုင် နှစ်ဆယ်လောက် ဝေးမယ်ထင်တယ်"

"အဝေးကြီးပါလား"

"မဝေးပါဘူးဆိုနေ၊ ကားမှတ်တိုင်တွေက တစ်ခုနဲ့တစ်ခု နီးလိုက်သမှ ဘီးစိပ်ထောင်ထားတာကမှ ကွဲသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

## နို့ဘူးကလေး

ကျေးသီးကုန်းရွာသို့ တာဝန်နှင့်သွားမည့် ရဲတပ်သားများသည် ရေဘူးလက်နက်အပြည့်အစုံနှင့် လှုတောသူ၏ အကြော်ဆိုင်ထဲသို့ဝင်လာရာ အကြော်သည်က ဤသို့တအံ့တသြပြော၏။

"အလိုတော်၊ ရဲသားသာ ဆိုရတယ်၊ ချက်တောင်ကြွေသေးရဲ့လားကွယ်တို့၊ ငါတူရယ်၊ ရေဘူးလွယ်မယ့်အစား နို့ဘူးသာ ဆောင်သွားပါတော့"

လှုတောဝသီကို သိနေသော လုံခြုံရေးရဲဘော်များမှာ ရယ်မောကြ၏။

ဖြလ္လာစာစု

## နွားဖိုး တစ်သန်းတဲ့

နွားဝယ်လိုသော လှုတောသားများမှာ နွားရှင် ပြောသောဈေးကြောင့် တွန့်သွားကြကာ . . .

"ဟလိုလေး လူရယ်၊ ခွေဖိုးတစ်ထောင်၊ ကြောင်ဖိုးတစ်သိန်းဆိုတဲ့စကားမှာ နွားဖိုးတစ်သန်းလို့ ထပ်ဖြည့်ရမလို ဖြစ်နေပါရောလား"

"အင်းလေ၊ ခင်ဗျားတို့က ကြိုက်နွားကို လိုက်ရှာကြတာမဟုတ်လား၊ ကျုပ်ကလဲ ကြိုက်ဈေးခေါ်တာပေါ့"

နွားရှင်က ပြန်ဖြေသည်။

ထိုအခါ "နွားကိုကြိုက်တာက တကယ်ပါပဲ၊ ခင်ဗျားဆိုတဲ့ဈေးနဲ့တော့ လူစင်စစ်ကဝယ်နိုင်မှာ မဟုတ်သေးဘူး။ သိန်းထိ



ပေါက်တဲ့ဥစ္စာစောင့်မဆိုရင်တော့ ...နိုင်မလား မသိဘူး" ဟု လှုတောသားက ပြန်ပြောကာ ...ရယ်မောမောနှင့် ထွက်လာခဲ့ကြသည်။

ဖြလ္လာစာစု

## နိုက်ပြီးရင်းနိုက်

လှုတောရွာအနီးတွင် ဘတ်စ်ကားတစ်စီး ပျက်သည်။ ကားပေါ်တွင်ပါသော စပယ်ရာနှင့် ဒရိုင်ဘာတို့ တကုန်းကုန်းနိုက်နေကြစဉ် မကြာခဏရောက်ရောက်လာသော ကားများမှ အပေါင်းအသင်းများကလည်း ဝင်ရောက်ကူညီကြသည်။ ကားကား မနိုးသေး၊ မကောင်းသေး။ နောက်ထပ်ရောက်လာသော ကားများမှ လူများလည်း ခဏရပ်ကာ ဝင်ရောက်ကူညီကာ ထွက်သွားကြပြန်၏။ ဤသည်ကို လယ်ထွန်ရင်းမြင်နေသော လှုတောသားကြီးပြောလိုက်ပုံမှာ . . .

"ဟလိုလေးကွယ့် ကားရယ်၊ လာလာသမျှလူတွေ တစွတ်စွတ်နဲ့ ဝင်ဝင်နိုက်သွားလိုက်ကြတာ အလှူအိမ်က လက်ဖက်ခွက်ကျနေတာပဲကွယ့်"

ဖြလ္လာစာစု

## ပညာရှိသောမြေပဲ

ဆိုင်ထဲမှထွက်သွားသော ရင်းနှီးသည့် မိတ်ဆွေကြီးအား ကြည့်ကာ လှုတောသားများ ရယ်မောကျန်ရစ်ခဲ့ကြစဉ် မကုန်နိုင်သေးသော ထိုမိတ်ဆွေ ဂုဏ်ထူးဝိသေသကို ကာယောက်

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆပ်မံဖော်ထုတ်လိုက်ပုံမှာ ဤသို့ဖြစ်၏။

"ဒီလူကြီး ဝက်လက်မှာ မနေဝံ့လို့ ထွက်ပြေးလာလိုက်တာ၊ လှတောမှာတောင် မနေဘဲ မဲကုန်းချောက်ထဲ သွားငုပ်နေပုံတော့ဗျာ၊ မြေပဲတောင့်လောက် ပညာပါတာပဲဗျို့၊ မြေအောက်လဲ တိုးဝင်သေး၊ အခွံနဲ့လဲ ဖုံးထားသေးဗျ"။

## ပူဒီနာပန်း

ပျော်ရွှင်တတ်သော လှတောသားကြီး၏ ဥယျာဉ်ထဲသို့ လူရွှင်ကလေးများ ရောက်လာကြရာ မိုးမရွာသောကြောင့် လိမ်ခွေသေးလှိုနေသော မေမြို့ပန်းခင်းကို မြင်သဖြင့် . . .

"ဘိုးလေးရဲ့မေမြို့ပန်းတွေက တယ်သန်တာပဲ" ဟု ကျီစယ်လိုက်ရာ အခင်းရှင်က . . .

"ဟဲ့. . . ငနာလေး၊ ဂြိုဟ်စကားလာမပြောနဲ့၊ မေမြို့ပန်းတွေကဖြင့် ပူဒီနာပင်လောက်တောင် မရှိဘဲနဲ့" ဟု ငေါက်လိုက်ရာ ဝါးခနဲရယ်မောကြလေ၏။

## ပဲလင်းမြွေဝိဇ္ဇာ

ထိုမှတစ်ဖန် ပူဒီနာခင်းရှင်၏ ဥယျာဉ်တွင်းသို့ လည်ပင်းဆန့်ကာ မျှော်ကြည့်လိုက်သောအခါ ညိုးခြောက်နေသော ပဲလင်းမြွေကို မြင်ရပြန်သည့်အတွက် . . .

"ဒါပေမယ့် ပဲလင်းမြွေကတော့ သန်သားပဲ"



"ပဲလင်းမြွေသီးတဲ့ကွာ၊ တီကောင်ကို သဘော်ဆေးအစိမ်းရောင်သုတ်ပေးပြီး စင်ပေါ်မှာ ဆွဲထားတာလောက်မှ မတင့်တယ်ပါဘူး"။

ဥယျာဉ်ပိုင်ရှင်ကပင် သရုပ်ဖော်ပြလိုက်ပြန်ပေ၏။

## ပြောင်းဖူးမွေးတစ်မွှ

လှတောသားတစ်ဖွဲ့သည် ရန်ကုန်သို့ ရောက်လာကာ ဘုရားစုံလည်းဖူးအပြီးတွင် မြို့တွင်းသို့ လျှောက်လည်ကြသည်။ တစ်နေရာအရောက်တွင် မုန့်ဟင်းခါးအထမ်းသမားကို မြင်သဖြင့် ဝမ်းမြည်ရန် ချဉ်းကပ်လာကြ၏။ သို့ရာတွင် သူတို့ရှေ့က ရောက်နှင့်သော လူတစ်ယောက်အတွက် မုန့်ပြင်ပေးနေပုံကို မြင်သောအခါ ဤသို့ရေရွတ်မိကြ၏။

"အလိုလေးဟဲ့ မုန့်တီတဲ့၊ ပန်းကန်းဆေးရည်နဲ့ ပြောင်းဖူးမွေးသုံးလေးပင်နဲ့ ဖျော်ထားတာပါကလားကွယ်ရို့"။

## ပွက်ထနေရမည်

မိုးရေလာပြီ။ လှတောသားလယ်သမားများ အပြေးအလွှားရေသွင်းကြ၊ ထွန်ယက်ကြသည်။ လယ်တောမှာပွဲတော်တမျှပျော်စရာကြီးဖြစ်နေ၏။ လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ်မှာရပ်ပြီး သူ့လယ်ကွက်သူပြန်ကြည့်ရင်း . . .

"ခုပုံနဲ့ကတော့ စိုက်ရက်ဝေးပါသေးတယ်ကွာ၊ စိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာက မြက်ပုပ်မြေသားတွေ နွားချေးတွေနဲ့ မှုံးရေနောက်တွေ သမနေပြီး စမရေအိုးပွက်သလို ပွက်ထနေမှ စိုက်လို့ကောင်းတာကွ"

ထိုအခါ ကန်သင်းပေါ်ရောက်နှင့်သူက . . .

"ဒီအချိန်ဟာ ပင်ထောင်လာကြည့်နေကျ အချိန်ပဲဗျ"

"ဒီနှစ်တော့ အခုချိန်မှာ ပင်ထောင်ကြည့်ဖို့ဆင်းလာကြရင်တော့ ဟောဒါပင်ထောင်ပါပဲဆိုပြီး ထန်းပင်ကို လက်ညှိုးထိုးပြလိုက်ရုံပဲကွ"

လယ်သမားကြီးက လယ်စပ်မှထန်းပင်များကို ထိုးပြလိုက်လေ၏။

## ဖားခံတွင်း ချဉ်ဆေး

ကန်းသင်းပေါ်တွင် ထိုသို့ရပ်ပြီး စကားပြောနေကြရာသို့ အခြားရွာမှအသိများ ရောက်လာကြသဖြင့် ဝမ်းသာအားရကြိုဆိုသည်တွင် ဧည့်သည်က . . .

"ခင်ဗျားတို့ဘက်မှာ မိုးရွာတယ်ဆိုလို့ ဝမ်းသာပြီးလာကြည့်တာ"

"ရွာတော့ရွာပါရဲ့ဗျာ၊ ဒါပေမယ့် ဖားခံတွင်း ချဉ်ရုံလောက်ပဲရှိတယ်"

လယ်တောသားကြီးက ပြန်ဖြေလိုက်ရာ၊ ဧည့်သည်ကပင်ဆက်၍ . . .

"မှုံးကလဲ နည်းတယ်နော်"



"ဟလိုလေးလူရယ်၊ မှုံးရေနည်းလိုက်ပုံများတော့ လူမမာ ဆလိုင်းသွင်းနေသလောက်ပဲ ရှိရာလိုက်လေ"။

## ဟောမြင်းသောခြင်း

ရွှေကျင်ရွာတွင် ကျင်းပသော ရှင်ပြုအလှူမင်္ဂလာတစ်ခုမှ လယ်တောရွာသားများ ဂါစ်စုတစ်ဝေးကြီး ပြန်လာကြရာ၊ တစ်ဦးက စတင်၍ . . .

"ဟလိုလေးအလှူပွဲရယ်၊ နတ်ရွာတံခါးဖွင့်တဲ့ပွဲကြီးတမျှပါပဲ၊ ကျွေးလိုက်မွေးလိုက်ကာကလဲ ထမင်းရည်ချောင်းစီး၊ ချက်တဲ့ပြုတ်တဲ့အိုးကြီးတွေဆိုရင် ကျွဲအုပ်ကြီးအိပ်နေသလားမှတ်ရ"။

အတူတူလာသော အခြားတစ်ယောက်ကမူ . . .

"ဟုတ်ပါရဲ့၊ မိုးပြဒယ်ကြီးတွေကတော့ တစ်မျှော်တစ်ခေါ်ကြီးပဲ၊ ဒါပေမယ့် တံဒါကြီးတွေမြင်ရတော့ ငရဲပြည်မှာ ငရဲသားကို စောင့်မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေနဲ့ တူလိုက်လေ" ဟု ဝင်ပြောလေသည်။ ဒုတိယသူမှာ အလှူပွဲကို အဝင်မကျခဲ့သူ ဖြစ်ပေမည်။

## ဖုန်နှင့် စကားဝိဇ္ဇာ

စက်ပေါက်ဝကွမ်းယာဆိုင်တွင် လူမရှိ။ ဝယ်သူလာမှ ပြေးလာသည်။ ပြေးလာသော်လည်း မထိုင်နိုင်သေး။ ဖုန်တွေကို အဝတ်စုတ်နှင့် ပုတ်ခါနေရသေးသဖြင့် ကွမ်းယာဝယ်သူက . .

www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . ဖုန်ခါရတာကိုက အလုပ်ကြီးတစ်ခုပါပဲလား" ဟု စကားစလိုက်ရာ၊ လှတောသား ကွမ်းသည်က. . .

"ဟလိုလေး၊ ဖုန်ပေါချက်ကတော့ မနက်က မိန်းမကို ဆိုင်ထိုင်ခိုင်းထားခဲ့ပြီး ညနေခါ ဆိုင်သိမ်းဖို့ ပြန်လာတာ၊ မိန်းမ **ရှာမတွေ့လို့** ကွမ်းယာဆိုင်နဲ့ မိန်းမကို ပေါက်ပြားနဲ့ယက်ပြီး **ရှာရတယ်ဗျာ**" ဟု ပြန်ပြောလိုက်လေ၏။

## ဗိုက် ဂိတ္တလီ

လှတောသားတစ်ယောက်သည် ရင်းနှီးသော **သူငယ်ချင်းအိမ်သို့** ရေးကြီးသုတ်ပျာရောက်လာပြီး . . .

"ဟကောင်၊ မနေ့တုန်းက ငါ့သားကို ဘာတွေကျွေးလိုက်သလဲ၊ ဗိုက်ကိုပုတ်ကြည့်တော့ အိုးစည်ကြက်ထားမှတ်ရ တဗိန်းဗိန်းနေတာပဲ" ဟု မေး၏။

"ကုလားပဲဟင်းနဲ့ ထမင်းကျွေးမိတယ်၊ ဝမ်းတွေဘာတွေများ လျှောသေးသလား"

"ဟလိုလေး၊ လျှောပုံတော ပြောမနေနဲ့၊ လှူကို ကြားတော့ အိုးစည်ဖင်ရဲ့ အခေါင်းဖြစ်နေပြီ"။

## ဗန်းထဲမှာ ဘာပါလိမ့်

မုန့်စားကျောင်း လွှတ်ချိန်ဖြစ်သည်။ ကျောင်းသားငယ်ကလေးသည် မုန့်ဖိုးပိုက်ဆံကိုင်ကာ မုန့်သည်တစ်ယောက်၏ ဗန်းရှေ့သို့ ရောက်လာသည်။ မုန့်မှာ မုန့်လက်ကောက်များ ဖြစ်သည်။ သို့သော် မုန့်မှာ သေးငယ်လွန်းသည့်အတွက်. . .

"ဟလိုလေး၊ မနဲ့လေးဝတ်တဲ့လက်စွပ်တွေ ဒီဗန်းထဲမှာ ဘယ်သူလာပြီး ပုံထားပါလိမ့်" ဟု လှတောသားပီပီ နတ်သူငယ် ဝတ်သော လက်စွပ်အဖြစ် တင်စားပြောလိုက်လေ၏။



## ချောက်အိုး ရာသီလော

ဘောလုံးပွဲတွင် ရန်ဖြစ်ကြသည်။ ရိုက်ကြသည်။ လှတောသားများ ထွက်ပြေးကြသည်။ အပြေးနှေးသူတစ်စု အရိုက်ခံရပုံကို . . .

"ဟလိုလေး၊ အဲဒီလူတစ်စု အရိုက်ခံရပုံများတော့ တရုတ်နှစ်သစ်ကူးပွဲမှာ ဗျောက်အိုးဖောက်နေသလား မှတ်ရ၊ တဖြောင်းဖြောင်းနဲ့ နားပင်းလုမတတ်ပါပဲ" ဟု အားရပါးရ ပြောကြလေသည်။

## ဖျိုင်းပမာ နှိုင်းစရာ

ညှော်သည်လှတောသားသည် ထမင်းကို အေးဆေးစွာ မစား၊ အိမ်ရှင်နှင့် ပြောမနာ ဆိုမနာ ရင်းနှီးနေသည်ကို အကြောင်းပြု၍ . . .

"ဒါလား ကြက်သား၊ မင့်ကြက်သားကတော့ ဆွဲမရ ကိုက်မရနဲ့ ပလတ်စတစ် ကြက်ရုပ်ကို ချက်ထားလား မှတ်ရ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။

အိမ်ရှင်သည် ရယ်မောနေပြီး "တခြား ဟင်းတွေက ကောင်းပါတယ်" ဟု ဖြေ၏။

"မကောင်းပါဘူးကွာ၊ ဒီဟင်း ဒီထမင်းကို စားရတာ လည်ပင်း နင်ပါဘိတော့သကွယ်၊ လူကို ငါးခုံးမအုပ်စားမိတဲ့ ဗျိုင်းအောက်ကျနေတာပဲ"။

ဖဇဇဆဇ

## ဘာသီချင်းပါလိမ့်

အသိမိတ်ဆွေများထဲတွင် နားလေးသူ တစ်ယောက်ရှိသော လူတောသားများမှာ နားလေးသူမြင်အောင် ပါးစပ် မလှုပ်ရဲကြပေ။ သူဝင်လာတာမြင်လျှင် ငြိမ်နေကြရ၏။

ယခုလည်း စကားကောင်းနေဆဲ ရောက်လာသဖြင့် မျက်နှာကို တစ်ဘက်လှည့်ထားကာ . . .

"ဟေ့ တိုးတိုးပြောပါဟ၊ ပါးစပ်လှုပ်တာမြင်ရင် သူ့အတင်းပြောတယ်ထင်ပြီး၊ ပါးစပ်ကျယ်ကျယ်ဟပြီး သမ်းပြန် တော့လဲ အခုဆိုတာ ဘာသီချင်းလဲ စာသားပေးစမ်းပါ၊ အတင်း တောင်းပြန်ရော" ဟု သတိပေးသည်။

ဖဇဇဆဇ

## ဘီးနှယ် ဆန်းပါသကို

ကားဒုက္ခိတတစ်စီးသည် လူတောသားစုံသော လက်ဖက်ရည်ဆိုင်သို့ တလှုပ်လှုပ် တရွေ့ရွေ့မောင်းနှင်ဝင်



ရောက်လာရာ . . .

"ကားခမျာ သနားစရာ၊ သာရေးသမီးရေး ရင်လေး နေရှာဟန်တူပါရဲ့၊ ရင်ဘတ်နဲ့မြေကြီးကို ပွတ်နေရှာပါလား" ဟု တစ်ယောက် စတင်လိုက်ရာ နောက်တစ် ယောက်က ဤသို့ ဝင်ရောက်ဖြည့်စွက်ပေးလိုက်၏။

"ကားခမျာမှာ၊ ရင်ဘတ်နဲ့ ရှပ်တိုက်နေရတာလဲ မပြော နဲ့၊ ကားဘီးကိုလဲ ကြည့်ဦးလေ၊ တညင်းသီးခြမ်းတွေကို ကော်နဲ့ ကပ်ပြီး တပ်ထားသလား မှတ်ရရှာလေ"။

ဖဇဇဆဇ

## ဘဲဥမျိုးမို့

လူတောရွာသို့ ရုပ်ရှင်မင်းသား ရုပ်ရှင်မင်းသမီးတေးသံ ရှင်များ ရောက်လာကြရာ၊ တစ်ရွာလုံး အုတ်ကျွတ်ကျွတ်ရောက် လာကာ ကြည့်ရှုကြသည်။ ထိုအခါ လူတောသူ၏ ပါးစပ်သည် ငြိမ်မနေနိုင်တော့ပါ။

"ဟလိုလေး၊ ရုပ်ရှင်မင်းသမီးရယ်၊ လှလဲမလှဘဲနဲ့ ဝတ်စားထားလိုက်လေ၊ မီးသွေးတုံးကို ရွှေချထားသလားမှတ်ရ" သို့သော် လှပသူတစ်ယောက် ပါပါသေးသည်။ သူ့ကလေးကို ဤသို့ ချီးကျူးပေးသည်။

"ဟိုမင်းသမီးကျတော့ လှလဲလှ၊ အသားကဖြူ အသား နှယ် ဖြူလိုက်ရှာလေ၊ စိမ်းစားဥကို အခွံခွာထားသလား အောက် မေ့ရတယ်"။

ဖဇဇဆဇ

www.burmeseclassic.com

www.burmeseclassic.com



## မလျှပ်ရဲသော စာခြောက်ရှပ်

လွှတ်တော်သို့ အလည်အပတ်ရောက်လာသော ရန်ကုန်သားဧည့်သည်တစ်ယောက်သည် ပြန်မည့်ရက် နီးကပ်လာသောအခါ လွှတ်တော်သားကားသမားများထံတွင် ကားအနည်းအများ စုံစမ်းသည်။

"ကားမရမှာများ ဘာမှမပူနဲ့၊ မနက်လင်းရင် ရွှေဘိုဘတ်စ်ကားတွေ တရဟော ထွက်လာလိုက်ကြတာ နွားအုပ်ကြီးကို ခြံထဲက ရိုက်ထုတ်လိုက်လား မှတ်ရ"

"လွှတ်တော်က တက်တော့ နေရာရပါ့မလား"

"ဟာလိုလေး၊ ပူစရာမရှိ ပူနေလိုက်တာ အစ်ကိုရယ်၊ ကားဦးရေကများပြီး ခရီးသည်က နည်းနေတော့ ခရီးသည်ကိုလုပြီး တင်နေကြရတယ်၊ ကားမောင်းရင်း မျက်စိက ကျိုးကန်းတောင်းမျှော်ကြည့်ပြီး မောင်းကြတာဆိုတော့ လယ်ကွင်းထဲက စာခြောက်ရှပ် လေတိုက်လို့ လျှပ်တာတောင် သူတို့ကားကို တားတယ်ထင်ပြီး ရပ် ရပ်ပေးနေကြလို့ စာခြောက်ရှပ်တောင် မထားရဲတော့ဘူး"။

ဖြေလေးတစ

## မူးလိုက်လေကွယ့်ရှို

လွှတ်တော်ရွာနှင့် မနီးမဝေးတွင် စက်ဘီးတစ်စီးကို ကားတိုက်မိရာ တချို့လမ်းဆိုးသောကြောင့်ဟု ဆို၏။ အချို့ကမူ စက်ဘီးသမားတွေ ကားကို မလေးမခန့်လုပ်သောကြောင့်ဟု ပြော၏။



ထိုအငြင်းပွားမှုကို တတိယလူက ဝင်ရောက်ဖြေရှင်းလိုက်ပုံမှာ . . .

"ငါက မျက်မြင်ပါကွာ၊ စက်ဘီးက ရှောင်ပေးတာကို တက်နင်းမိတာ၊ မူးနေတာ့ကိုးကွယ့်၊ နင်းမိမှာပေါ့၊ ကားမောင်းတဲ့ ဒရိုင်ဘာ မူးထားလိုက်တာ ကြေးစည်နားရွက်ကို တင်းပုတ်နဲ့ နှက်ထားသလို သွက်သွက်ခါပြီး ချာချာလည်နေတာ လူရ" ဟူ၍ ဖြေ၏။

ဖြေလေးတစ

## မံမီကောင်လေလား

အထက်ကားတိုက်မှုတွင် စက်ဘီးသမားမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံအတွင်းလူနာအနေနှင့် တင်ထားရလေသည်။ ဆေးရုံသို့ မသွားနိုင်သူများမှာ ဆေးရုံမှပြန်လာသူများထံတွင် သတင်းမေးရာ၊ ဒဏ်ရာပြင်းထန်ပုံကို ဖြေပုံမှာ ဤသို့ဖြစ်ပေသည်။

"ဟာလိုလေး၊ ဒဏ်ရာနည်းသလား များသလား မေးမနေနဲ့၊ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကျပ်စည်းထားလိုက်တာ၊ ပိရမစ်သင်္ချိုင်းထဲက မံမီကောင်လားမှတ်ရဟ"

ဖြေလေးတစ

## မိုးလေက အောင်

လွှတ်တော်သားလယ်သမားများသည် လယ်တောမှပြန် မိုးကြောင့် လယ်မကောင်းရပုံ၊ မိုးကြောင့် စပါးထွက်ညံ့မည်စိုး

www.burmeseclassic.com

www.burmeseclassic.com



ရပုံနှင့် စီးပွားရေး မချောင်လည်ပုံများကို တစ်ယောက်တစ်ပေါက် ညည်းတွားလာကြရာ ကျီးကန်သားတစ်ယောက်နှင့် လမ်းတွင်တွေ့၍ မိုးလေဝသနှင့် လယ်မြေအခြေအနေကို မေးမြန်းစုံစမ်းသောအခါ . . .

"ကျုပ်တို့လှတောလား၊ မိုးလေကလဲမှန် အောင်ရေကလဲ အဆင်ပြေပြေ၊ အလောတော်ရလိုက်တာမို့ အလှူရေစက်လက်နဲ့မကွာ၊ လှူလိုက်တန်းလိုက်ကြတာ၊ ဘုန်းကြီးကျောင်းတိုင်းမှာ ခေါင်းလောင်းသံတဒုန်ဒုန်၊ ကြေးစည်သံတဝေဝေနဲ့ အာသောကမင်းခေတ် ရောက်နေသလားမှတ်ရ" ဟု တစ်မျိုးပြောင်းပြောလိုက်ပေသည်။

## မိုး၏ ပမာဏ

မိုးတွင်ရေလာနေပြီး လယ်သမားတွေရေသွင်းကြ၊ ထွန်ယက်ကြ၊ ကြဲကြနှင့် ကြိုးစားအားထုတ်ကြသည်။ စပါးပင်ကလေးတွေ အညှောက်ထွက်လာလျှင် မိုးကို မျှော်ကြသည်။

မျှော်နေဆဲမှာပင် မိုးရွာ၏။ သို့သော် နည်းပါးသည်။ နေ့ဒက်တစ်နေ့တွင် လယ်တောတွင် ဆုံမိကြသောအခါ တစ်ယောက်က ဝမ်းသာစွာပြော၏။

"မိုးရွာတာ ကောင်းတာယ်ဗျို့၊ ကလေးတွေအတွက် ဟန်သွားပြီ"

ထိုစကားကို လက်မခံလို့သူတစ်ဦးကမူ ဤသို့ပြောလိုက်ပေ၏။

"ဟလိုလေး မိုးတဲ့ဗျာ၊ မုဆိုးမ မျက်ရည်ပေါက်လောက်တောင် မရှိဘူး၊ စပါးပင်ကလေးတွေ အပူရှပ်မှာတောင် စိုးရသေး"

## မောင်ပေါက်ကျိုင်းမျိုး

လှတောသားကလေးငယ်တစ်ယောက်သည် မန္တလေးသို့လာသောမိဘများနှင့်အတူပါလာရာ စူးစမ်းသောအရွယ်ပီပီ မြင်မြင်သမျှကို မေး၏။ မေးသမျှကို မိခင်တစ်လှည့်၊ ဖခင်တစ်လှည့်ဖြေရာ၊ အတူပါလာသော လှတောသားတစ်ဦးက . .

"ဟလိုလေးတဲ့ ကလေးနှယ်၊ မေးလိုက်ရှာလေတကောင်းပြည်က မောင်ပေါက်ကျိုင်းသေပြီး ဝင်စားသလားမှတ်ရ" ဟု ဆိုလေ၏။

## မုန့်လက်ကောက်တဲ့ စီးစရာ

လှတာသားရွာတွင် ဘုံကထိန်ပွဲတော်ကြီးကျင်းပရန် စီမံနေကြသည်။ ဦးစီးကွပ်ကဲသူများက မည်သူက မည်သည့်တာဝန်ယူ၊ မည်သူက မည်သည့်နေရာသွား စသည်ဖြင့် ခန့်ခွဲဝေနေရာ၊ လူငယ်တစ်ဦးအား အနီးရှိရွာသို့ခိုင်းလိုသဖြင့် မင့်မှာ စက်ဘီးရှိတယ်မဟုတ်လား" မေးလိုက်ရာ . . .

"ဟလိုလေးလေးဗျာ၊ ကျုပ်မှာ စက်ဘီးနဲ့တူတာဆိုလို့ မုန့်လက်ကောက်တောင် တုတ်ထောက်ပြီး မစီးနိုင်တဲ့ဘဝပါဗျာ" ဟု အဖြေပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မုန့်လုံးရေပေါ်၏အဖြစ်

လှတောသားလယ်သမားများက မိုးကိုမျှော်ကြပြန်ပြီ။ မိုးရွာလျှင် စပါးပင်တွေ မှုးရေနှင့် ကြီးပွားသည်ထက် ပိုပြီး ကောင်းနိုင်သောကြောင့်ဖြစ်ရာ တစ်ဦးက အားပေးနှစ်သိမ့်၏။

"ဒီလထဲမှာတော့ ရွာတော့မယ်မထင်ပါဘူး၊ လပဲကုန်တော့မှာ၊ နောက်လတော့ ရွာကောင်းပါရဲ့"

"နောက်လထဲရွာလို့ ဘာလုပ်မှာလဲကွ၊ တလင်းဖျက်မိုးပဲ ဖြစ်တော့မှာပေါ့"

ထိုအခါ တစ်ယောက်က အလန့်တကြားဆိုလိုက်၏။

"ဟလိုလေး၊ ကောက်လှိုင်းတွေ တလင်းထဲရောက်မှ လာဖျက်ရင်တော့ မုန့်လုံးရေပေါ် ဖုတ်ထဲလွတ်ကျသလို ခြေဆင်းငိုရုံပဲ ရှိတော့ကလားကွယ်ရို့"။

## မုန့်၏အရွယ်

ကျောင်းအနီးတွင် ရောင်းချသောမုန့်သည် ရှေ့သို့ ကျောင်းသားတစ်ယောက်ရောက်လာပြီး မုန့်ကို လက်ညှိုးထိုးပြကာ မည်မျှနှင့်ရောင်းသနည်းမေးရာ ဆယ်ပြားဟုဆို၏။

"ဟလိုလေး၊ ဒေါ်ဒေါ်မုန့်က ဆယ်ပြားစေ့နဲ့ တိုင်းပြီး လုပ်ထားတာပါလား"

သူ့မုန့်ကို ငယ်သည်အဆိုခံရသောအခါ မုန့်သည် မခံနိုင်။ လှတောသားဝိဝိ . . .

"ဆန်ဈေးက ဘယ်လောက်ကြီးတယ်မှတ်သလဲ၊ ဆန်ဝယ်မယ့်အစား ဆန်ဝယ်မယ့်ပိုက်ဆံကို ချက်စားရင် ပိုပြီး အဆင်ပြေလိမ့်မယ်ဟေ့" ဟု ချေပလိုက်သည်။



## များမှများ ပေါ်မှပေါ်

ဝက်လက်မြို့သို့ လှတောသားနှစ်ယောက်သည် ကိစ္စနှင့် ရောက်လာကြ၏။ အဆာပြေရန် မုန့်ဟင်းခါးစားမည်ဟု တိုင်ပင်ရာ . . .

"အဲဒီဆိုင်မှာတော့ မစားပါနဲ့ကွာ၊ ငါတစ်ခါစားဖူးတာ တစ်ပွဲတစ်ကျပ်ပေးရတဲ့ မုန့်တစ်ပွဲဟာ သုံးဇွန်းပဲကော်လိုက်ရတယ်၊ ကုန်ရောဟေ့"

"သုံးဇွန်းဆိုတော့ မင့်ဇွန်းက ယောက်ချိုလောက် ကြီးသလားမှ မသိတာ"

ထိုအခါ စတင်ပြောသူက ရှင်းပြပုံမှာ ဤသို့ဖြစ်၏။

"မဟုတ်ရပါဘူး ကိုယ့်လူရာ၊ နားဖာကလော်တံနဲ့ ကော်တာတောင် အပြည့်ကော်တာ မဟုတ်ရပါဘူး"

## မျက်ခွက်ဒီပနီ

ရှေးအခါက ရာဇဝတ်အုပ်တစ်ယောက်သည် လှတော ရွာသို့ နယ်လှည့်ရင်း ရောက်လာ၏။ လူကြီးနှင့် ရွာလူကြီးများ ပျာပျာသလဲ ကြိုဆိုကြ၏။ ရွာသားအချို့လည်း တစေ့တစောင်း လာကြည့်ရာ မျက်နှာခွက်ခွက်၊ မျက်စိစောင်းစောင်း၊ နဖူး

www.burmeseclassic.com

www.burmeseclassic.com

မောက်မောက်၊ မေးမှကော့ချွန်းချွန်းရှိသောမျှပကာတို့ မြင်ကြရာ လှတောသားတစ်ဦးမှာ ဤသို့ပြောလိုက်မိရာ၏။

"ရာဇဝတ်အုပ်ဆိုတော့ တူတူတန်တန်ဖြစ်လိမ့်မယ် အောက်မေ့ပါတယ်၊ ဟလိုလေးဗျာ၊ မျက်နှာကိုက ဘာယာမိနပ်ကို သည်းကြိုးတင်းထားတဲ့အတိုင်း ကော့ယိမ်နေတာပါပဲကလားရို"။

## မြေပေါ်က မွေး

အသားမည်းမည်းမျက်နှာစုတ်ချွန်းချွန်းတွင် မျက်ပေါက်ကျဉ်းသောလူတစ်ယောက်သည် ဆေးလိပ်တိုတိုပါးစပ်ရေ့တည့်တည့်၌ ငုံခဲလျက် လျှောက်လာရာ ကားဂိတ်အလွန်၌ မေးချွန်ချွန်ပါးတစ်ခြမ်းပိန်နှင့် ပါးသွယ်ကျနေသောသူငယ်ချင်းနှင့် ပက်ပင်းတိုးမိရာ . . .

"ဟလိုလေးလူရယ်၊ မင့်မလဲ ပိန်ထားလိုက်တာ မေးကိုချွန်းထွက်နေပါရောလား၊ မင်းမျက်နှာကြည့်ရတာ ပိုလ်ကေတပ်ထားတဲ့ စမူဆာနဲ့တူလိုက်လေ"

နှုတ်ဆက်ခံရသော လူကလည်း ဤသို့တုံ့ပြန်ပြော၏။

"ခင်ဗျားမျက်နှာ မြင်ရတာကလဲ သစ်မြစ်ကို မွေးစုပ်နေတဲ့အတိုင်းပဲ ထင်မိပါတယ်ဗျာ"။





## မြင်းမိုရ်တောင်ကြွဲးရယ်

လှတောသားလယ်သမားများသည် စုပေါင်းစပါးရောင်းဖို့ ဆင်နွှဲရန် စပါးအဝယ်ဒိုင်သို့ ပျော်ရွှင်စွာ လာကြရင်း တစ်ဦးကိုတစ်ဦး ကျီစယ်လာကြ၏။

"ဟေ့. . . မဟုတ် မင်းလှည်းထဲမှာ စပါးမှပါရဲ့လားကွာ၊ တင်းနှုံမခြင်ဘဲ တစ်ဓေ့စီရေပြီး တင်လာရော့သလား"

လှည်းတစ်စီးက လှမ်းပြောသည်တွင် အပြောခံရသောလှည်းက . . .

"ဟလိုလေးကွယ်၊ သူကများ ငါ့ပြောရသေး၊ သူ့လှည်းကဖြင့် ဒိုင်သွင်းရမယ်ဆိုရင် တင်လာတဲ့စပါးက ရိုက်ပတ်ထဲမှာ မှန်ဘီလူးနဲ့ ရှာရတယ်၊ ဆန်ကြိတ်ဖို့များ တင်လာပြီဆိုတော့ မြင်းမိုရ်တောင်ကို ရိုင်ပတ်နဲ့ ပတ်ထားသလားမှတ်ရ" ဟု ချေပလေ၏။

## မြန်ပါပေ့ ခရီးသွား

လှတောသားများ လက်ဖက်ရည်ဆိုင်တွင် လာခဲ့သောနေ့သည် ဘတ်စ်ကားများ အပြောဆိုခံရသောနေ့ဖြစ်၏။ သူတို့လှမ်းကြည့်နေသောအချိန်တွင် ကားတစ်စီးမှာ လူပြည့်နေပြီ။ မထွက်သေး။

"သူတို့က လူသာ အပြည့်အသိပ်တင်ချင်တာ၊ သူတို့ကားတွေက ဖွဲတစ်ဆုပ်ကိုတင်ပြီး မောင်းတာတောင် ကောင်းကောင်း ဆွဲနိုင်တာ မဟုတ်ကော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကစလိုက်လျှင် နောက်တစ်ယောက်က ဤသို့ ချီးကျူး၏။

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီကားတွေ စီးရတာ၊ ငါစီးလာတာ မော်တော်ကားလား၊ ခရုပတ်ကျိုးသွားလို့တောင် တစ်ခါတစ်လေ တွေးမိသေး"

## မှန်အစစ်ထက်ကောင်း

တောင်ပိုင်းအလှူမှ လူတစ်စု ဆူညံဆူညံနှင့် ပြန်လာကြသည်။ သို့ရာတွင် အချို့မှာ အလှူသွားရန် ပြင်ဆင်နေဆဲရှိသေးရာ အလှူထမင်းတွင်ပါသော ဟင်းချိုညံ့သည့်အတွက် ပြောချင်နေသူ တစ်ယောက်က . . .

"ခေါင်းဖြီးချင်ရင် အလှူရောက်မှ ဖြီးကြဟဲ့၊ အလှူဟင်းချိုပန်းကန်ကို ငုံ့ကြည့်ပြီးဖြီးရင် မှန်အစစ်ထက်ကောင်းတယ်တဲ့" ဟု အော်ပြော၏။

## မြေစိမ်းပင့်သင်္ချိုင်း

ဧည့်သည်များသည် ဥယျာဉ်ကို အဝေးမှလှမ်းမျှော်ကြည့်ရင်း . . .

"ဟိုဟာက ဘူးစင်ထင်တယ်၊ ဘူးပင်တွေကတော့ ကောင်းလဲကောင်း၊ သီးလဲသီးပါကလား"

"ဟုတ်ကဲ့၊ ဘူးပင်က မဆိုးပါဘူး၊ တစ်ခြံလုံးမှာ မဆိုး



တာဆိုလို့ ဘူးနဲ့ကြက်ဟင်းခါးပဲရှိတယ်၊ အဲဒီရှိတာတွေပဲ တစ်နှပ်ပြီး တစ်နှပ် ချက်စားနေကြတာ ကြာလာတော့ ဗိုက်ထဲမလဲ မြေစိမ်း ကို ပင့်သင်္ချိုင်းလွှယ်ထားသလို ဖြစ်နေပြီ"

ဧည့်သည်များ ပြုံးနေစဉ် ဥယျာဉ်ရှင်က ဆက်ပြောပုံမှာ ဤသို့ . . .

"အင်း. . . ကိုယ့်မစင်တောင် မြေစိမ်းအခွေမှတ်ပြီး လန့်လွန်းလို့ ငုံ့မကြည့်ရဲတော့ဘူးဗျာ"။

## ယားသူမှာ ဒုက္ခကြီး

ဝက်လက်သို့လိုက်မည့် လူတောသားနှစ်ယောက်မှာ လောဘကြီးလွန်းသောကားသမားကို စိတ်ပျက်နေ၏။ အခြားခရီးသည်များလည်း ညည်းတွားပြီ။

"လူတွေ ဒါလောက်ပြည့်ညပ်နေတာတောင် မထွက်သေးဘူးလားဘော်၊ ကလေးတွေလဲ ငိုလှပြီ၊ လူတွေလဲ ညောင်းလှပြီ"

အမျိုးသမီးတစ်ယောက်က စလိုက်သဖြင့် တစ်ယောက်တစ်ပေါက်ဝိုင်းပြောကြရာမှ ကားစက်နှိုးသည်။ ထိုအခါ လူတောသားတစ်ယောက်က . . .

"ကားစက်နှိုးမိတယ်ဆိုပြီး ဝမ်းမသာကြနဲ့ဦး၊ လူမှာတွေ့သမျှ တင်ဦးမှာ၊ ကားလမ်းဘေးမှာ လျှောက်တဲ့သူတွေဟာ လက်ထားတယ်ထင်ပြီး ဆွဲတင်မှာစိုးလို့ ခြိုင်းယားတာတောင် မြှောက်ပြီး မကုတ်ရဲကြဘူး" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ယုယုယယကလေး

လုံခြုံရေးရဲဘော်များသည် လှတောသားများ ပြောသမျှကို တပြုံးပြုံးနားထောင်ပြီးနောက် စကားသံအစဲတွင် ဝင်ပြော၏။

"ခင်ဗျားတို့ လှတောသားတွေကတော့ ကာကယ်မလွယ်တာဘဲ၊ ပြောစရာရှိရင် အလွန်အကျံချည်းပဲ၊ ဟိုတစ်ခါနွားခိုးမှုတုန်းက ပြောလိုက်ပုံများ ရဲခြေကောက်မှာ ချည်ထားတဲ့ ဒရဝမ်ရဲ့နွား အခိုးခံရတာလို့ ပြောကြတာ မဟုတ်လား၊ ပြောရက်လိုက်ကြတယ်ဗျာ"

ထိုစကားကို လှတောသားတစ်ယောက်က ချေပလိုက်ပုံမှာ ဤသို့ . . .

"ဟလိုလေးလေး ဆရာနယ်၊ ဒီတစ်ခါခိုးရင်တော့ သူခိုးက ကြိုးဖြတ်ခိုးတော့မှာ မဟုတ်ဘူး စဉ်းကိုကုံးလုပ်ပြီး ဒရဝမ်ကို ပွေ့ယူသွားတော့မှာ ခင်ဗျာ"။

## ယင်တစ်လုည့် ဆင်တစ်လှည့်

လယ်ထဲသို့ အလှည့်ဖြင့် ရေသွင်းနေစဉ် အခိုးခံရသော လယ်သမားတစ်ဦးသည် သူကြီးအိမ်သို့ ညဥ့်အချိန်မတော်တွင် လာရောက်တိုင်ထုန်းရာ . . .

"မင့်လယ်ထဲကရေကို ဖောက်ယူရအောင် မင့်လယ်ထဲမှာ ရေရှိလို့လား"

"ရှိပါသော်ကော သူကြီးမင်းရယ်၊ ဆင်ကောက်လို့



တောင် မမီဘူး"

"ဟ များသားပဲကွာ၊ ယူပါစေ၊ အချင်းချင်းတွေပဲ"

ထိုအခါ တိုင်တန်းသော လယ်သမားက . . .

"ယူပါစေဆိုတာတော့ ဟုတ်တယ်၊ အခုကျုပ်လယ်ထဲမှာ ရေက ယင်သောက်ဖို့တောင် မကျန်တော့ဘူးဗျ" ဟု ပြောလေ၏။

## ရာမ လက္ခဏာ အစစ်

လှတောရွာရုပ်ရှင်ရုံသို့ ရုပ်ရှင်ကားများ လာရောက်ပြသသည်တွင် လူကိုင်းသိသော ရာမ လက္ခဏာ ဇာတ်ကားလည်းပါသည်ဆိုသဖြင့် အဘိုးအို အဘွားအိုများပါ သွားရောက်ကြည့်ရှုကြသည်။

နံနက်တွင် ရုပ်ရှင်ကြည့်ခဲ့သော အဘွားတစ်ယောက်အား "ရုပ်ရှင်ကားကောင်းလား" ဟု မေးကြရာ အဘွားအိုက. .

"ဟလိုလေးဟယ်၊ အလောင်းတော် ရာမမင်းသားနဲ့ ညီတော်လက္ခဏာ သီတာဒေဝီဆိုလို့ ပိုက်ဆံပေးပြီး သွားကြည့်ပါတယ်၊ ခေါင်းပေါ်မှာ သံပြားအတိုအစတွေနဲ့ ကျားလျှာဆူးတွေ ပတ်ချိတ်ထားတာ မြင်ခဲ့ရပါကလား" ဟု ညည်းညူ၏။



www.burmeseclassic.com

www.burmeseclassic.com



## ရေအိုးစင်နှယ်

လှည်းဝင်ရိုးသံတညည့်ညည့်ဖြင့် မောင်းနှင်လာသော လှည်းပေါ်တွင် စားပွဲကြီးတစ်လုံးနှင့် ကုလားထိုင်များ ပါလာသည်။ လုတောသားကြီးသည် လမ်းဘေးသို့ တိမ်းပေးရင်း "ဘယ်သူ့ဟာတွေလဲကွယ့်" ဟု မေးသည်။

"ကျုပ်တို့အိမ်မှာ ထားဖို့မှာထားတာ အခုမှ ရလာခဲ့တယ်ဗျ"

လှည်းနောက်မှပါလာသော လူတစ်ယောက်က ဖြေသည်တွင် လမ်းဖယ်ပေးသူက . . .

"ဟာလိုလေးကွယ်၊ မင့်အိမ် တစ်အိမ်လုံးက ရေအိုးစင်လောက်တောင် မကြီးကျယ်ဘဲနဲ့ စားပွဲကုလားထိုင်ထားဦးမယ်ဟုတ်လား၊ အေး အေး အိမ်ခေါင်မိုးပေါ်မှာ တင်ထားပေါ့ကွယ်" ဟု ပြောလိုက်တော့သည်။

ဖြလနာဆ

## ရောဂါ ရောဂါ

ရန်ကုန်သို့ အရောင်းအဝယ်ကိစ္စနှင့် ရောက်လာကြသော၊ လုတောသားသုံးယောက်သည် အငှားကားနှင့် အဆင်မပြေသည်တစ်ကြောင်း၊ ဘတ်စ်ကားများ လူချောင်နေ၍ တစ်ကြောင်းကြောင့် ဘတ်စ်ကားစီးလာသည်။

နှစ်မှတ်တိုင်ကျော်လျှင်ပစ္စည်းပစ္စယ အပြည့်ထည့်ထားသော ပလပ်စတစ်ခြင်းကြီးနှင့် မိန်းမတစ်ယောက် တက်လာကာ လုတောသား၏ခြေထောက်ပေါ် ပစ်ချ၏။ လုတောသားက ကန်ပစ်သဖြင့် မော့ကြည့်ပြီး "ဘာလုပ်တာလဲ" ဟု မေး၏။

"ပစ္စည်းထားချင်ရင်လဲ ခြေထောက်ကလေး နည်းနည်း တိမ်းပါလို့ ပြောပါတော့လား၊ ပါးစပ်မှ ပါရဲ့လား"

"ပါတယ်၊ ပါတယ်၊"

"ဟုတ်သားပဲ၊ ပါသားပဲ၊ ကျုပ်ကထင်တာက သူ့ခမျာ ပါးစပ်မှာ အပေါက်မပါဘူး၊ အရာပဲပါတယ် ထင်နေတာ"

မိန်းမရိုင်းမှာ လူရွှတ်ကို ကြောက်သဖြင့် ကားရပ်လျှင် ရပ်ချင်း ဆင်းပြေးလေ၏။

ဖြလနာဆ

## ရင်ကွဲကောင်ဂီတ

အသံပြာပြာ မျက်ကွင်းချိုင့်ချိုင့်နှင့် မိန်းမတစ်ယောက်သည် တောင်ပြုံးပွဲသို့ အလာတွင် အဝတ်အစားအိတ် လူအခိုးခံရရာ၊ တောင်ပြုံးသို့ရောက်မှ သိသဖြင့် အော်ဟစ်ဆဲရေးနေ၏။

"မမကြီးရယ်၊ ဆဲမနေပါနဲ့၊ လူကြားလို့ မကောင်းပါဘူး" ဟု ကောင်းပန်ကြသော်လည်း အဆဲမရပ်ပေ။

ထိုမိန်းမကိုရပ်ကြည့်နေသော လုတောသားတစ်ယောက်သည် ကြည့်ရင်းကြည့်ရင်း ပါးစပ်ယားလာသဖြင့် မှတ်ချက်ချပုံမှာ ဤနှယ် . . .

"ဟာလိုလေးကွယ်၊ ကုလားမကြီးနှယ် ဆဲရှာလိုက်တာလေ၊ ပုစဉ်းရင်ကွဲကောင် အော်နေသလားမှတ်ရ"

ဖြလနာဆ



www.burmeseclassic.com

www.burmeseclassic.com



## ရှင်လောင်းသသည့်နှယ်

လှေတောစပါးအဝယ်ဒိုင်ကို လာရောက်စစ်ဆေးသော လူကြီးများသည် စနစ်တကျပြင်ဆင်မွမ်းမံထားသည်ကို တွေ့မြင်ရသဖြင့် ကျေနပ်ကြသည်။ လူကြီးများနောက်မှပါလာသော ပတင်းထောက်တစ်ယောက်က ဤသို့ချီးမွမ်း၏။

"ခင်ဗျားတို့ အဝယ်ဒိုင်က သိပ်ကောင်းတာပဲ"

ဒိုင်ဝန်ထမ်း လှေတောသားက . . .

"ကောင်းမှာပေါ့ဗျာ၊ ပေါက်လာတဲ့ပေါင်းမြက်ကို ဇာဂနာနဲ့နုတ်တယ်၊ ချောနေလိုက်တဲ့မြေပြင်ဟာ အပျိုလေးနဖူးကို ကော်ဖတ်နှင့် တိုက်ထားသလားမှတ်ရ။ တစ်နေ့တစ်နေ့ ဒီမြေကြီးကို မောင်ရှင်လောင်းသ,သလို နေတော့ကောင်းမှာပေါ့ဗျာ" ဟု ရှင်းပြလိုက်လေ၏။

## ရှည်မှ ခေတ်မီသည်

လှေတောသားတစ်ယောက်သည် သတင်းစာ ဖတ်နေရာမှ "အောင်မယ်လေးဟဲ့ ရှည်လျားတော်မူပါဘိဗျာ" ဟု ထအော်သည်။ လက်ဖက်ရည်သောက်နေသူများက လှည့်ကြည့်ကာ အကျိုးအကြောင်းမေးရာ . . .

"ဒီမှာလေ နာရေးကြော်ငြာပါတဲ့ နာမည်ပါ၊ ဒေါ်တင်တင်မီထွန်းဦးတဲ့ဗျာ"

ထိုအခါ တစ်ယောက်က မှတ်ချက်ပေးလိုက်ပုံမှာ ဤနှယ်။



"ဟလို့လေးကွယ်ရို့၊ ဒီနာမည်မှတ်ထားမယ့်အစား ပိဋကတ်သုံးပုံပဲ နှုတ်တိုရအောင် ကျက်တော့မယ်က ၊ ဒီနာမည်မျိုးကို ကက်ဆက်ကြိုးခွေလောက်ကသာ မှတ်မိနိုင်မှာပါကွ"

## ရွှံ့နွား ရွှံ့တကား

လှည်းသမားတစ်ယောက်သည် နွားများကို ဆက်ကာဆက်ကာ ရိုက်နေသည်။ နွားများကလည်း ပေလွန်း ကတ်လွန်းသည်။ ဤမျှ ရိုက်ပါလျက်နှင့် ငနရာမရွေ့။

ရိုက်ရလွန်းသဖြင့် မောသွားသောလှည်းသမားမှာ ဤသို့ ညည်းရှာ၏။

"ဟလိုလေးနွားရယ်၊ ညံ့ပုံများတော့ အံ့လောက်ပါရဲ့၊ လှည်းပေါ်မှာ ဆီအိုးတင်ပြီး ပြေးတာတောင် ဘောင်ဘင်ခတ်မှာ မဟုတ်ဘူးကွယ့်၊ ဒါလောက်ရိုက်မှဖြင့် ရွှံ့နဲ့လုပ်ထားတဲ့ နွားရုပ်တောင် ကဆုန်စိုင်းပြေးလောက်ပြီ"။

## လေမုန်တိုင်းမီသောဇော

ဦးမောင်မောင်၏ ဆပ်ကပ်အဖွဲ့ကြီးသည် ရွှေဘိုမြို့ ထောင့်စေတီဘုရားပွဲတော်၌ ကပြနေသည်။ လှေတောသားတစ်စုသည် လှပသောဆပ်ကပ်မယ်ကလေးများကို အငမ်းမရသဘောကျနေကြ၏။ လှုပ်ရှားပုံတိုင်းကို အံ့သြနေ၏။ နောက်ဆုံးတွင် မည်သို့မျှ မချုပ်တည်းနိုင်တော့ဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာလိုလေးကွယ်၊ ဝေါ့ပါးလိုက်ပုံကတော့ ဖော့တုံးလေမုန်တိုင်းမိနေသလား မှတ်ရကွယ့်" ဟု အော်ပြောလိုက်မိတော့သည်။

## လေးတင်ခန်း ပမာ

ဘောလုံးကွင်းတွင် လူတောသားတစ်စုတစ်ဝေးကြီးရောက်နေကြသည်။ အသင်းနှစ်သင်းတွင် လူတောရွာအသင်းက ခြေသာနေသည်။ တစ်ဖက်အသင်းမှ ဂိုးသမားကလည်းကောင်းလှ၏။

ဂိုးသမားကောင်းပုံကို လူတောသားက . . .

"ကောင်းလိုက်တဲ့ဂိုးသမားရယ်၊ မျောက်အုန်းသီးပွေ့ထားတာနဲ့ တူလိုက်လေ"

ထိုအခါ ဂိုးသွင်းပုံကိုလည်း တစ်ယောက်က ဤသို့ချီးကျူးပြန်၏။

"ဟာလိုလေး ဘောသမားရယ်၊ ဂိုးသွင်းလှပပုံကလဲ သိဒ္ဓတ္ထမင်းသား မြားရေးပြနေသလား မှတ်ရ"။

## လောဘကြီးပုံ

လက်ဖက်ရည်ဆိုင်ထဲမှာ လူတောသားများသည် ဝက်လက်ကားတစ်စီးကိုကြည့်ကာ ဟားနေကြ၏။ ကားမှာ လူပြည့်သော်လည်း မထွက်သေးပေ။ ထိုအခါ ဝိုင်းထဲတွင်ရှိသော



လူတောသားကားသမားဘက်သို့ မြားဦးလှည့်လာကြ၏။

"မင်းတို့ကားသမားတွေက လောဘကြီးလှချည်လား၊ ခရီးသည်တွေကို အံ့ားနာဖို့ကောင်းပြီ"

"အစ်ကိုနှယ် ကားသမားတွေ လောဘကြီးပုံကတော့ ကိုယ့်မစင်ပုံကို ဒီအတိုင်းထားပစ်ခဲ့ရမှာ နှမြောလှချည့်ရဲ့ဆိုပြီး သံယောဇဉ်တငင်ငင်နဲ့ လှည့်ကြည့်နေတဲ့လူစားတွေဗျ"

လူတောသားကားသမားက ပွင့်လင်းစွာ ဝန်ခံလိုက်ခြင်းဖြစ်ပေ၏။

## လက်ဖက်ပင် စိုက်ကြစို့

လက်ဖက်ရည်တစ်ခွက်သာ မှာသောက်ပြီး နောက်ထပ်မုန့်လည်းမစားဘဲ အကြွမ်းချည်းထပ်ကာထပ်ကာ တောင်းနေသော လူစုအား လူတောသား လက်ဖက်ရည်ဆိုင်ပိုင်ရှင်သည်သည်းမခံနိုင်တော့သဖြင့် . . .

"ဟာလိုလေး၊ မင်းတို့ကို အကြွမ်းတိုက်ရတာ မလွယ်ပါတကားကရို၊ ဒီအတိုင်းသာဆိုရင်တော့ ရေနွေးကရားထဲမှာ လက်ဖက်ပင်စိုက်ထားပြီး ဧရာဝတီမြစ်ကြီးကို ပလောင်တောင်ပေါ်ကို သယ်သွားရပုံပေါက်နေပြီ" ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com





## လက်သည် အရေးကြီး

ဆိုင်ရှင်က ထိုသို့ပြောသော်လည်း လူစုမကွဲသေးပေ။ ကာလသားများ၏ အသင်းအပင်းတစ်စုကို စကားရောက်သွားကာ ငွေရေးကြေးရေး နာမည်ပျက်ရှိသူတစ်ဦးက ငွေထိန်းလုပ်ရန် ကြိုးစားနေပုံသို့ ရောက်သွားရာ . . .

"အလိုလေးလေး၊ လူဟာကာ စားမဲ့အလှူလက်ဖက်ကို ဝမ်းဆွဲသည်က သူလက်နဲ့နယ်ပြီး ပန်းကန်ထဲ ထည့်ပေးမယ် ဆိုတာကမှ တော်ပါလိမ့်ဦးမယ်ကွာ" ဟု တစ်ယောက်က ညည်းညူလိုက်လေ၏။

[illegible]

## လောင်ပါဘိနော်

လောင်းကစားမှု ကောင်းကျိုးမပေးကြောင်းကို ထိုသူသိ၏။ စီးပွားရေးလည်း ပျက်နေသည်။ သို့သော် ကြက်ဝိုင်းရှိလျှင် သူမနေနိုင်၊ သူ့ကို တွေ့ချင်သောလူကလည်း ထိုနေရာသို့ လိုက်မသွားချင်သဖြင့် အခေါ်လွှတ်သည်။ ခေါ်ရန်သွားသူ ပြန်လာ၏။ သူပါမလာ။

"ခင်ဗျားလူ အနိုလောင်းနေဟယ်။ တော်တော်နဲ့လာမှာ [illegible]တ်ဘူး၊ ထိုးတဲ့သူတွေကလဲ အနိချည်းစုထိုး၊ ပေါ်တော့ အနိချည်းပဲဗျို့၊ ကြာတော့ ခင်ဗျားလူ သွေးဖျက်လာဟန်တူပါရဲ့၊ ပန်းကန်ပြားပေါ် ဆေးလိပ်မီးပွားကျတာတောင် ထလျှော်နေပါကလား"

[illegible]

## လိပ်ကလေး သနားစရာ

လူတောသားများသည် စကားချွန်ထက်စေရန် သွေးသည့်အနေနှင့် လူစုမိလျှင် စကားနိုင်လုတတ်ကြ၏။ ယခုလည်း စကားပြောကောင်းသူအား မိတ်ဆွေငါးယောက်က ဝိုင်းဝန်းပြောနေကြရာ၊ တစ်ခုသောအချက်တွင် ထိုသူမချေပနိုင်တော့သည့်အတွက် . . .

"အေးကွာ၊ အဲဒီကိစ္စမှာတော့ ပလ္လင်ပေါ်မှာ လိပ်ကို ...ပ်လက်သုန်ပြီး တင်ထားသလို ယက်ကန်ယက်ကန် ဖြစ်နေရုံက လွဲလို့ ဘာမှ မပြောတတ်တော့ဘူးကွာ" ဟု ဖြေလိုက်ရာ အားရပမ်းသာ ရယ်မောကြလေ၏။

[illegible]

## လျှာ၏နောင်ရေး

ရွာသားများသည် ကပ္ပိယကြီးနှင့် ဆုံမိစဉ် ကျောင်းတွင် ဘလှူအတန်း ပေါ် မပေါ် မေးမြန်းကြရာ၊ ဤသို့ ကဲ့ပြန်သွားလေသည်။

"မနှစ်တုန်းကတော့ မိုးလေကောင်းလို့ စပါးတွေ ပေါကြတော့ အလှူတွေပေါ်လိုက်တာ၊ ပရိတ်ရွတ်ရလွန်းလို့ တို့ကျောင်းက ကိုယ်တော်တွေမှာ လျှာတွေပါးပြီး ပေါက်ကုန်ကြတယ်၊ ဒါပေမယ့် ဒီနှစ်တော့ ဟလိုလေး ဒီမိုးလုပ်ပုံနဲ့သာဆိုရင် လျှာတွေ ခေါက်သိမ်းထားရလို့ လိုတဲ့အခါ ပြန်လို့မှ ရပါ့ဦးမလားကွယ်ရို့"။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ဝတီ ဘုံဖျားစ်

ကပ္ပိယကြီးသည် စားသောက်ပြောဆိုပြီးနောက် ပြန်ရန် ထ, ရာ၊ အရပ်ရှည်သောကြောင့် မီးအိမ်နှင့် တိုက်မိသည့်အတွက် "အရပ်ကလဲ ရှည်လှချေလား" ဟု မေးသူက မေး၏။ ကပ္ပိယကြီးအမေ ဘယ်လိုလုပ်ပြီးများ မွေးပါလိမ့်" ဟု ခနဲ့သူက ခနဲ့၏။

ကပ္ပိယကြီးက ဖြေပုံမှာ ဤသို့ဖြစ်၏။

"အေးကွာ၊ ဒီအရပ်နဲ့ပဲ စိတ်ညစ်ပါတယ်၊ မြင်းမိုရ်တောင်ထိပ်မှာ ဆယ့်ငါးတောင်ဝါးစိုက်ထားတာက နိမ့်များ နိမ့်နေဦးမလား မသိဘူး"။

## ဝဒိန်မှတ်ထားလို့

ရေမမှန်သောကြောင့် ပျိုးပင်တွေညှိုးသည့်အပြင် စိုက်ချိန်တွင် ပျိုးနုတ်ရာ၌လည်း အဆင်မပြေ၊ လူတောသားများသည် အနုတ်ရခက်သောပျိုးခင်းများချည်း နုတ်နေကြရ၏။

ယခုလည်း အမြစ်ခိုင်သော ပျိုးခင်းတွင် ရောက်နေသည်။ ပင်ပန်းစွာနုတ်ရသော်လည်း နုတ်တိုင်းမရ ပြတ်ကုန်သေးသည်။ ထို့ကြောင့် ညည်းတွားပုံမှာ ဤသို့ . . .

"ဟလိုလေးတဲ့ ပျိုးခင်းခိုင်လိုက်ရှာလေ၊ မှလီခေါင်းစုပ်ကို ဝဒိန်မှတ်ထားလား မှတ်ရ၊ ဟိုဘက်ကွင်းများတော့ လွယ်လိုက်တာ၊ ချိုးမွေးနုတ်ရသလိုပဲ"။



## ဝမ်းတွင်းသားကို လှည်းကသူ

လှည်းယာဉ်တစ်စီးသည် လူတောရွာတွင်းမှ ချွသံလွင်လွင်ဖြင့် ထွက်လာသည်။ သို့ရာတွင် နွားများသည် ကားဂိတ်အရောက်၌ လန့်ပြီးရှေ့မတိုးတော့ပေ။ လှည်းသမားက တစ်အားရိုက်သည်။

"ဟော့ကောင်၊ နွားသတ်တာများ ခက်ခက်ခဲခဲ လှည်းထဲမှာ တပ်ထားပြီးမှ သတ်ရသလားကွ၊ ရိုးရိုးသတ်လဲဖြစ်ပါတယ်"

အရိုက်ကြမ်းလွန်းသဖြင့် အမြင်မတော်သူက လှမ်းပြောလိုက်ရာ . . .

"အိုဗျာ၊ ကျွေးထားရမှတော့ ခိုင်းမှာပဲဗျ၊ ခိုင်းမကောင်းရင် ရိုက်မှာပဲ၊ အရိုက်ကာတော့ ဝမ်းတွင်းသားပဲ ကျန်ကျန်မလျှော့ဘူးဗျို့"။

## သူနဲ့သာဆိုရင်

နံနက်ဆယ်နာရီမျှသာ ရှိသေး၏။ လူတစ်ယောက်သည် သီချင်းတကြော်ကြော်အော်ဆိုကာ၊ လူစုံသော လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်သွား၏။

"စောစောစီးစီး မူးလာပြီ၊ ဒီလူတော့ ဘယ်နေ့ပြုတ်မယ် မသိဘူး"

တစ်ယောက်က စတင်ပြောလိုက်ရာ၊ အခြားတစ်ယောက်က ဤသို့ ရှင်းပြ၏။

"ပြုတ်ရင်တော့ မသိဘူးကွ၊ နယ်ပြောင်းလို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သေနတ်ပြောင်းဝထဲထည့်ပစ်လိုက်၊ သူမိန်းမသာ ပါလာရင် ရောက်ရာအရပ်မှာ ပျော်မယ့်လူကွ”။

## သောနုတ္တိုရ်ပါတကား

လှတောသားကြီးသည် ကျောင်းလွယ်အိတ်ကိုယ်စီ လွယ်ကာ သူ့ရှေ့သို့လာရပ်သောကလေးများကို-စေ့စေ့စပ်စပ် ကြည့်သည်။ ကလေးသည် ငယ်သည်။ အရပ်က ပုသည်။ အတန်းမှာလည်း မူလတန်း။ သို့သော် စာအုပ်မှ လွယ်အိတ်နှင့် မဆံ့၍ လက်က ကိုင်ထားရသေး၏။ ထို့ကြောင့် မြည်တွန်ပုံမှာ.

“ဟလိုလေးကွယ်၊ မင်းတို့ ကျောင်းလွယ်အိတ်ကလဲ ဆင်ဖမ်းပို့သွားတဲ့ သောနုတ္တိုရ်မှုဆိုးရဲ့ ခုနစ်နှစ်စာ ရိက္ခာတွေ ထည့်ထားတဲ့ လွယ်အိတ်လား မှတ်ရလေ” ဟူ၏။

## သက်ကလေး တိုနေသူ

ပျော်ပျော်နေတတ်သော လှတောသားကြီးသည် လူငယ်ကလေးများကြားတွင် တဟားဟားရယ်မောနေရာ လမ်းတွင်တွေ့သောမိတ်ဆွေက အပြုံးဖြင့် မေး၏။

“ခင်ဗျားကတော့ အမြဲနု အမြဲရွှင်နေတာပဲ၊ အခု အသက်နှစ်ဆယ်ပြည့်ပြီလားဗျ”

“အဲဒါလောက်တောင် မရှိသေးဘူးထင်တယ်၊ ဟဲဟဲဟဲ”

ဤတွင် လူငယ်တစ်ယောက်က . .



“ဟလိုလေးလေး၊ ဦးလေးအသက်နဲ့ နာယက ဆရာတော်ရဲ့အသက်ကို ချိန်ခွင်ပေါ်တင်ပြီးစက်ရင် ပေါက်ပိတ် နေမှာပါဗျာ” ဟု ဝင်ပြေ..သသည်။

## သောက်တုတ် ပုဏ္ဏက

ပွဲတွင် ရန်ဖြစ်သည့်အတွက် လှတောသားများ ပြန်ပြေး လာကြသည်။ ရွာသားများက အကျိုးအကြောင်းမေးရာ သရိုင်းသားတွေ ရန်ဖြစ်ကြောင်း ပြန်ဖြေသည်။

“သရိုင်းသားတွေ ဒါလောက်တောင်ရမ်းသလား”

“ဟလိုလေးတော်၊ ကြမ်းချက်ရမ်းချက်မှာတော့ ပုဏ္ဏက ဘီလူး အရက်မူးသလား မှတ်ရ”

“အကြမ်းအရမ်းတွင် နာမည်ကြီးသော ဝိဓူရဇာတ်တော် လာ ပုဏ္ဏကဘီလူးအရက်မူးပြီးဆိုသောအခါ ပြောစရာ မရှိ တော့ပေ။

## သက်နိုးနက် ပန်းပုရုပ်

ရပ်ဝေးမှ ဧည့်သည်တစ်ယောက် လှတောရွာသို့ အလည်အပတ် ရောက်လာရာ ဝမ်းသာစွာ ဆီးကြို၍ နေရေးထိုင် ခင်းပေးရင်း မေးကြ မြန်းကြ၏။ ထိုသို့ပြောဆိုနေကြစဉ် တစ်ယောက်က ဝင်ဖောက်၍ . . .

“ခင်ဗျားကြည့်ရတာ ပိန်သွားသလိုပဲ”

www.burmeseclassic.com

www.burmeseclassic.com

"ပိန်သွားသလို မဟုတ်ပါဘူး၊ ပိန်ပါတယ်၊ ပိန်သမှ ငါးဖောင်ရိုးကို အိုးကင်းပူတိုက်သလို အောက်မေ့ရတယ်"

တစ်ယောက်က ဝင်၍ ဖြည့်စွက်လိုက်ရာ အခြား တစ်ယောက်ကလည်း . . .

"အသားလဲ ပိုမည်းလာပုံများ သက်န်းနက်ပန်းပုရုပ် ကို သစ်စေးအုပ်ထားသလား မှတ်ရ" ဟု ပုံဖော်လိုက်လေ၏။

## သိုင်းသမား လာနေပြီ

ကလေးများက ဆိုးသလော၊ မိခင်ကပင် စိတ်တိုလွန်း ပြီး အရိုက်ကြမ်းသလားမသိပါ။ လှတောသားကြီးသည် ကလေး တွေကို သိမ်းရိုက်နေသော အိမ်နီးချင်း မိန်းမတစ်ယောက်အား အမြင်မတော်သဖြင့် လှမ်းပြောလိုက်ပုံမှာ . . .

"ဟဲ့ ဟဲ့ ကိုယ်မွေးတဲ့ကလေးပေမယ့် ဒါလောက်ရိုက်ရင် မိထွေးလို့ အထင်ခံရတတ်တယ်တဲ့"

"ဆိုးလွန်းလို့ပါ ဦးလေးရယ်၊ ပါးစပ်ကိုစေ့မနေရဘူး"

"ကလေးပဲဟဲ့၊ မျောက်လောက်တော့ ဆော့မှာပဲ၊ ကမ္ဘာ့ဌာန်းသမားလိုတော့ ငြိမ်မနေဘူး၊ နင်ရိုက်ပုံက ဂျပန်သိုင်း ကားထဲက သိုင်းသမား ဓားခုတ်နေလား မှတ်ရ"။





## သစ်ကြားသီး၏ညည်းချင်း

ဘုန်းကြီးလူထွက်တစ်ဦးသည် သူနေထိုင်ခဲ့သော ကျောင်းအနီး၌ ပင်ပန်းကြီးစွာ လယ်ထွန်နေစဉ် ဆရာတော် ဖြတ်သန်းသွားခိုက်ကြုံ၍ ထွန်ပေါ်မှဆင်းပြီး ဝတ်ဖြည့်ရာ . . .

"ရသေ့ကြီးရဲ့ မုတ်ဆိတ်မွေးကို မိဖုရားကြီးက ဆောင့်ဆွဲ တဲ့ဇာတ်ကို သတိမရဘူးလား"

"ရတယ် ဘုရား၊ ရပုံများတော့ တပည့်တော်ရဲ့ အသား အရေကိုသာ ကြည့်ပါတော့ဘုရား၊ သစ်ကြားသီး မီးဖုတ်ထားတဲ့ အတိုင်းပါပဲဘုရား၊ ကျောတစ်ပြင်လုံးလဲ မိကျောင်းအရေခွံခွာ နေလှန်းထားသလား မှတ်ရ၊ ဒီကျောင်းနားလာပြီး လယ်လုပ်မိ တာတော့ ဘုရားပရိဝုဏ်ကို ကျောပေးပြီးအိမ်သာဆောက် မိသလို ဖြစ်နေပြီဘုရား" ဟု ပြန်လည်လျှောက်ထားလေ၏။

## ဟဲ့ ဟဲ့ အလိုလေး

လှတောသားကြီးသည် ညှော့သည်အား ထမင်းစားပြီးမှ ပြန်ရမည်ဆိုကာ အတင်းတားထားသည်။ ထမင်းပွဲသို့ရောက် သောအခါ ထမင်း၏အခြေအနေ မကောင်းသဖြင့် သူက ဦးဆောင်ကာ ဤသို့ပြော၏။

"ဟာလိုလေးရှင်မရယ်၊ ညှော့သည်ကို ထမင်းချက်ကျွေးပါ ဆိုတာ ကျောက်စရစ်ခဲပြုတ်တွေချလာရသလားတဲ့၊ ဒီထမင်းကို သာ ဝအောင်စားမိရင် အစာကြေဆေးပုလင်းကိုဦးမင်းကျော် အရက်ပုလင်း လွယ်ထားသလို လွယ်ထားရတော့မှာပဲကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



## ဟင်းပန်းကန် တင်းမခံ

ထမင်းကျွေးဧည့်ခံသော လက်ထပ်မင်္ဂလာပွဲတွင် ကာလသားများ ပျော်ရွှင်စွာ စားသောက်နေကြသည်။ စားလည်း စားနိုင်သည်။ အလုအယက်လည်း စားသည်။ ဟင်းချိုပေးပါဦး၊ ကြက်သားလာပါဦး" ဟု တစ်မျိုးပြီးတစ်မျိုး အော်နေရာ ဟင်းလိုက်သူက . . .

'မင်းတို့ ဝိုင်းကလဲကွာ၊ ဒွန်းလုနေကြတာ ကြွေပစ်နေသလား မှတ်ရ"

ပြောပြောဆိုဆိုဖြင့် လိုသမျှဟင်းများကို ဦးစီးပြီး ထည့်ပေးကာ ဤပုံ ထပ်ပြောလိုက်ပြန်၏။

"ဟလိုလေး၊ မင်းတို့တစ်ဝိုင်းဟာ မိတ္တဝိန္ဒကမျိုးတွေများလားဟေ့၊ ဟင်းလိုက်တဲ့ ယောက်ချိုမှ စားပွဲပေါ်က မရုပ်ရသေးဘူး၊ ပန်းကန်က ပပ်ကြားအက်နေပါပြီကောကွယ်ရို့"။

## အကောမှာ ဝိဇ္ဇာ

လယ်သမားများသည် မိုးရေလာလျှင် ရွှင်ပျနေ၏။ ရေမလာလျှင် ညည်းသည်။ ရေနည်းလျှင် ရှုံ့မဲ့နေသည်။ ယနေ့ စကားဝိုင်းတွင်မူ ရေနည်းသည့်အတွက် စိုက်ချိန်မမီမည်စိုးကြောင်း ပြောနေကြရာ၊ စကားဝိုင်းဘေးသို့ နောက်ဆုံးမှ ရောက်လာသူတစ်ဦးက . . .

"မိုးမှာ ရေနည်းတော့ နည်းတယ်နည်းတယ်နဲ့ ဝိုင်းဝန်းပြီးတော့ စောင့်ရှောက်ကြမှပေါ့။ အခု အလုပ်သမားတွေချည်း လွှဲချထားတော့ ကောနေလိုက်ပုံများ တချို့နေရာမှာဆိုရင် ကျောက်ပြင်လှန်ထားသလားမှတ်ရ" ဟု တာဝန်သိစကားလေး ညှပ်၍ ပြောလိုက်လေ၏။



## အညာသားတင်ပါး

ပုသိမ်ဘက်တွင် တာဝန်ထမ်းဆောင်နေရသော လူတောသားတစ်ယောက်မှာ စိတ်ထဲတွင် မကျေနပ်နိုင်သော အကြောင်းအရာတစ်ခုရှိနေ၏။ ထိုအကြောင်းကို ဘဝတူ လူတောသားတစ်ယောက်နှင့် ဆုံမိရာမှ ရင်ဖွင့်ဖြစ်လေသည်။

"လူတွေကကွာ၊ မုန့်ဖက်ထုပ်ကို မုန့်ဖက်ထုပ် မခေါ်ဘူး၊ အညာသားကျောကုန်းတဲ့ကွာ၊ စော်ကားတာပဲ"

ထိုအခါ လူတောသားက ရယ်မောပြီး ပြော၏။

"ဟလိုလေးကွယ်၊ စိတ်ဆိုးတော်မူနေလိုက်တာ၊ ပန်းပဲဖိုက ပေတုံးကို ထုံဆေးထိုးပေးထားလား မှတ်ရ၊ ဒီတော့လဲ လွယ်ပါသကွာ၊ မုန့်ကုလားမည်းကို အညာသားတင်ပါးလို့ ခေါ်ပြီး တန်ပြန်လိုက်ပေါ့ကွ"

## အထူးမြို့ ခုတမူ

အသုဘတစ်ခုတွင် အမေးအမြန်းသွားရောက်သော လူတောသားတစ်စုသည် လက်ဖက်ရည်ဆိုင်ထဲသို့ဝင်လာပြီး ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင်က "ဘာသောက်ကြမလဲ" မေးရာ . . .

"နေစမ်းပါကွာ၊ ဒီမှာ စိတ်ညစ်ပြီး ပြန်လာရတာ၊ မိတ်ဆွေဝတ္တရားအတိုင်းပြောမှပဲ စိတ်ကူးပြီး တတ်သမျှ မှတ်သမျှလေးနဲ့ပြောမိတော့ တအားထငိုလို့ မနည်းထပြေးခဲ့ရတယ်" ဟု မောပန်းစွာ ပြောဏ်။ ထိုအခါ ဆိုင်ရှင်က . . .

'ခင်ဗျားက အနုမြူဗုံးပေါက်ရာမှာ လက်ဝါးနဲ့သွားကာပလေဗျာ" ဟု ဘုပြစ်တင်လိုက်တော့သည်။

## အပြေးပြိုင်ပွဲ

စိုင်နိုင်ကြီးကထိန်ပွဲတွင် ဘောလုံးပြိုင်ပွဲမါဝင်သဖြင့် လှတောသားများဘောလုံးကစားရန်သွားကြရာ၊ ယမန်နေ့ညက ဇာတ်ပွဲတွင် ဓားခုတ်မှုဖြစ်ကြောင်း အကြိုရောက်နေနှင့်သော လှတောသားတစ်ယောက်က ဆီးကြိုသတင်းပေးရာ . . .

"ဒီလိုဆိုရင် ပွဲပျက်ရောက်ပ"

"ပွဲတော့ မပျက်ဘူး၊ ရုတ်ရုတ်သဲသဲဖြစ်ပြီး ပြေးလိုက်လွှားလိုက်ကြပုံများတော့ သစ်ရွက်ခြောက်ပုံကို လေပွေမွှေသလိုပဲ၊ အမြီးမှန်း အမောက်မှန်း တောင်မှန်း မြောက်မှန်း မသိတော့ဘူး"။

"ကလေးတွေရော လူနင်းခံရသေးလား"

"အဲဒါတော့ မသိဘူး၊ မိန်းမတွေလဲ ကလေးမနိုင် ထမီမနိုင်နဲ့ ဆံပင်တွေ ဖိုးရိုးဖားရားဖြစ်ပြီး ပြေးလိုက်ကြတာများ ဆံပင်တွေ ကြွက်မြီးတန်းနေလေရဲ့"။



## အမွေးဝိဇ္ဇာ

လှတောသားလယ်သမားနှစ်ယောက်သည် လယ်တောသို့ သွားရင်း ကားလမ်းဘေးတွင် သန့်စွမ်းထွားကျိုင်းသော စပါးခင်းများကို မြင်ကြသည့်အတွက် တစ်ယောက်ကစတင်၍.

"ငါ့စပါးပင်နဲ့တော့ ကွာပါ့ကွာ"

"ကွာတာမပြောနဲ့လေ၊ ဒီလယ်တွေမှာ မြေဆီထည့်တာက ဗွက်ထသဲ့ခင်းသလို အိတ်လိုက်ပစ်ထည့်ကြတာဗျ"

အဖော်က အကြားကို အသိလုပ်ကာ ဖြေ၏။

"မြေဆီထည့်တိုင်းရော ကောင်းပလားကွ"

"ကောင်းတာပေါ့ဗျာ၊ မြေဆီကြဖို့၊ မြေဆီအိတ်ထဲကို လက်နှိုက်ရှန်ဖန် များလွန်းလို့ လက်ဖမိုးက အမွေးတောင် ချောင်ထုံးထုံးယူရအောင် သန်လာတယ်"။

## အောက် အောက်နှင့်

အစွမ်းထက်သော အောက်လေယာဉ်နှင့်ပတ်သက်၍ မိတ်ဆွေနိုင်ငံနှစ်နိုင်ငံစကားများနေကြသည့်သတင်းသည် သတင်းစာများတွင် ပါလာသောအခါ ခေတ်နှင့်အမီ လိုက်နေသော လှတောသားများသည် စိတ်ဝင်စားစွာ ဖတ်ရှုကြသည်။ ထိုလေယာဉ်၏အစွမ်းထက်ပုံကိုလည်း မေးမြန်းကြသည်။ တစ်နေ့တွင် သူစိတ်ဝင်စားနေသော အောက်လေယာဉ်ပျံ၏ပုံတို့ တွေ့မြင်ကြရာ၊ လှတောသားတစ်ဦးက ဤသို့ မှတ်ချက်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာလိုလေးလေး၊ အေဝက်အေဝက်နဲ့ နာမည်ကြီးလိုက်တာ၊ အခုလို ခတ်ပုံမြင်ရတော့လဲ ကင်းမြီးကောက် ခဲမှန်ထားတာနဲ့ တူလိုက်လေ"။

ဖွေဖွေစာစု

## အိုး မော်ဒယ်ကွ

လှတောသားနှင့် အခြားရွာသားစကားပြောလျှင် လက်ရည်မတူသော လက်ဝှေ့သမားနှစ်ဦး ထိုးသည်နှင့် တူသည်။ တစ်ဖက်သက်ကျသောကြောင့် ပွဲမှာ ကြည့်မကောင်း လှပေ။ လှတောသား အချင်းချင်းထိုးလျှင် လက်ညီသည့်ပွဲကို ကြည့်ရသလို နားအရသာ ရှိ၏၊ အရှင်၏။

ယခု လှတောသားစကားဝိဇ္ဇာအပိတ်အဖြစ် နားဆင်ကြည့်ကြပါ။ စက်ဘီးရောင်းလိုကြောင်း ကြေညာမိသော လှတောသားအား သူမိတ်ဆွေက မခံချင်အောင်ပြောရာမှ စတင်ပါသည်။

"ခင်ဗျားစက်ဘီးကဖြင့် ကနောင်မင်းစက်ရုံက ထုတ်လိုက်တဲ့ပစ္စည်းတွေလားမှတ်ရ၊ အကုန်အဟောင်းချည်းပဲ"

"မင်းဟာ ဗျည်းသုံးဆယ့်သုံးလုံးမှာ နောက်ဆုံးက အကောင်ပါကလားကွ၊ ဒါတွေလား အဟောင်း၊ ငါ့တာယာတွေဟာ အထူကြီးရှိသေးတယ်၊ လေယာဉ်ပျံမှာ တပ်မောင်းဦးမလား ရတယ်၊ နောက်ဆုံးထုတ်၊ နောက်ဆုံးပေါ်၊ အိုးမော်ဒယ်ကွ"။

"ဟာလိုလေးလေး၊ ပြောတော့ အိုးမော်ဒယ်တဲ့၊ လေမြှန်တာယာတဲ့၊ လက်နဲ့တို့ကြည့်တော့ဖြင့် သူ့တာယာတွေက ကလေးငယ်ထိပ်ကျနေတာပဲ၊ ဟောက်ပက်ဟောက်ပက်နဲ့"။

## သရက်တောသား စကားဝိဇ္ဇာ

မြန်မာနိုင်ငံအနှံ့ ခြေဆန်ပြီးသွား...လျှင် စကားဝိဇ္ဇာ အများအပြားကို တွေ့နိုင်ပါမည်။ စကားကို ခွကျကျတဲ့တိုးပြောတတ်သူများ၊ နဘေကာရန်နှင့် ပြောတတ်သူများ၊ ကျစ်လျစ်သော စကားလုံးများနှင့် အနှိုင်းဥပမာပါမှ ပြောတတ်သူများကို တွေ့မြင် ကြားသိနိုင်ကြပါမည်။

ယခုဖော်ပြမည့် သရက်တောသားမှာ မကွေးတိုင်း အတွင်း ရွာငယ်တစ်ရွာမှ ဖြစ်ပေသည်။ သရက်တောရွာသည် ကားလမ်းဘေးတွင် တည်ရှိပါသည်။ အိမ်ခြေသုံးလေးဆယ်သာ ရှိပြီး ဆန်စက်အလုပ်သမား၊ ဈေးသည်၊ ကျောင်းဆရာ၊ စာရေးဝန်ထမ်း၊ တောင်သူနှင့် လယ်သမားများ နေထိုင်ကြသည်။ ရွာနှင့် မျက်နှာချင်းဆိုင်တွင် ရွှေသမင် ဆန်စက်နှင့် အစိုးရ သစ်ဆိုင်ရှိသည်။

ထိုရွာသားများသည် စကားပြောကျွမ်းကျင်ကြ၏။ ထိုရွာတွင် စကားပြောတတ်သော ဦးထွန်းဝင်း၊ ဦးလှိုင်၊ ဦးရွှေနှင့် ဦးအောင်ကျော်တို့ ထင်ရှားခဲ့ရာ၊ ယနေ့အချိန်တွင် အနည်းငယ်သာ ကျန်တော့သည်။ နောက်ထပ်လူငယ်ကလေးများ၏ နှုတ်စွမ်း အာစွမ်းကို မြည်းစမ်းကြည့်ကြစေရန် ကြားညပ်၍ တင်ပြပါသည်။ မြှုတ်ားတော်မူကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



## ကြမ်းပုံ ကြမ်းပုံ

သရက်တောရွာသားလယ်သမားများ၏ လက်သို့ ရာကျော်စပါးမျိုး ရောက်လာစအချိန်က ဖြစ်ပေသည်။ စပါးထွက်ရာကျော်သည်ဆိုသောကြောင့် အားရဝမ်းသာစိုက်ကြသော်လည်း ဦးအောင်ကြွင်မှာမူ အချိန်မမီသဖြင့် မစိုက်လိုက်ရပေ။ သို့ကြောင့် ရာကျော်စိုက်ထားသူများအား . . .

"မင်းတို့ ဝမ်းသာမနေကြနဲ့၊ တို့ထက်စောပြီး ရာကျော်စိုက်ခဲ့တဲ့ မုန်းနားက လယ်သမားတွေပြောတာဘော့ ရာကျော်ထမင်းဟာ တယ်ကြမ်းဆိုပါကလား"

ဦးအောင်ကြွင်၏ဝသီကို သိသူများက "ခင်ဗျားဗျာ သူများတွေ စိတ်ပျက်အောင် မပြောပါနဲ့ဗျ" ဟု ဆိုကြ၏။

"သိစေချင်လို့ အကောင်းပြောတာပါဗျာ၊ ရာကျော်ထမင်းတို့ ကြမ်းပုံများကတော့ ရာကျော်ထမင်းကို မျိုချလိုက်တဲ့အခါ ဒူးရင်းအလုံးတစ်ရာ ရှမ်းဓားသိုင်းကစားပြီး အူထဲဝင်သွားတာနဲ့ တူဆိုပါကလား အမောင်တို့"

ဖေလဲ့အာလ

## ကွဲလိုက်ပလေ

သရက်တောရွာအနီးတွင် ဇရပ်တစ်ဆောင်ရှိ၏။ နွားလှည်းများနှင့် ခရီးသွားနားခိုရန် ဆောက်လုပ်ထားခြင်း ဖြစ်၏။ ထိုဇရပ်တွင် နေ့လယ်နေ့ခင်း၌ ရွာသားများ ဆုံတတ်ကြရာ၊



တစ်နေ့တွင် ရွာသားအချို့ဆုံမိကြစဉ် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း သွေးကွဲသော စကားများကို ပြောဆိုငြင်းခုံနေကြ၏။

ထိုအချိန်တွင် ဦးအောင်ကြိုင်ရောက်လာကာ ဤသို့ မြည်တွန်၏။

"မင်းတို့ကလဲ မင်းတို့ကိုယ်ကို ရွာသစ်ကြီးသား မှတ်သလား၊ ရွာသစ်ကြီးသားကတော့ အတွင်းရွာ အပြင်ရွာဆိုပြီး ရှိလို့ ကွဲတယ်ထားပါတော့၊ ငါတို့ရွာကလေးက လက်သည်းခွံလောက်ရှိတာဟ၊ အဲဒါလောက်ကလေးက သွေးကွဲနေလိုက်ပုံများ ဥသျှစ်သီးမှိုင်းဗုံးနင်းမိထားသလား မှတ်ရ၊ ရှက်စရာကွာ"

ဖေလဲ့အာလ

## ကျွမ်းဝိဇ္ဇာ

သရက်တောရွာသားတစ်ယောက်သည် တစ်ကိုယ်လုံးတွင် ဖွဲပြာများပေကျံလျက် စက်ဝင်းမှထွက်လာကာ ကားလမ်းကိုဖြတ်ကူးရန် ဇရပ်ဆီသို့ မျှော်ကြည့်၏။ ဇရပ်ရှေ့တွင် ကလေးကြီးက ရိုက်သဖြင့် ကလေးငယ်မှာ အော်ပြီး ငိုနေ၏။

ကလေးကြီးသည် "ရော့ဟဲ့၊ တိတ်ဟဲ့" ဟု အော်ရင်း ငိုနေသောကလေး၏ပါးစပ်ထဲသို့ ဗယာကြော်တစ်ခု ပစ်သွင်းလိုက်၏။ ဤမြင်ကွင်းကို မြင်လိုက်ရသော အလုပ်သမားကြီးမှာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဟဲ့ ကျယ်လိုက်တဲ့ပါးစပ်၊ ဆင်နှစ်ကောင် ကျွမ်းပစ်ဝင်ရင်တောင် အာမထိ လျှာမထိ ဝင်လို့ရအောင် ကျယ်ပါပေ့" ဟူ၍ တအံ့တသြ အော်မိလေ၏။

## ခဲဖိုး သဲဖိုး

ရွာသစ်ကြီး ရွာသူတစ်ယောက်ကို သရက်ချဉ် ရွာသားတစ်ယောက်ရဲ့မိဘတွေက သွားတောင်းကြတာ၊ ကာလသားကြေး ထောင့်ငါးရာ တောင်းလိုက်လို့ လန့်သွားကြဆိုပါလား" ဆိုသောသတင်း သရက်တောရွာသားလူငယ်များကြားတွင် ဂယက်ရိုက်နေ၏။ တစ်နေ့တွင် လူစုမိ၍ ထိုအကြောင်းကို ပြောကြပြန်သောအခါ ဦးရွှေက ဤသို့ မှတ်ချက်ချ၏။

"ရွာသစ်ကြီးသူကို မကြိုက်ကြနဲ့ဟေ့၊ ကြိုက်မိရင်လဲ ထိကိုဖိထိုးကြဟ၊ သိန်းထီဆယ်ဆုပေါက်တဲ့လူမှသာ ရွာသစ်ကြီးသူကို ယူရမှာဟေ့"။

## နိုင်မှနိုင် ကောင်းမှကောင်း

သရက်တောရွာသားများသည် ဖျက်စီးယိုယွင်းနေသော ဇရပ်ကို ပြုပြင်ရန် ကားလမ်းဘေးဇရပ်ဟောင်းသို့ စုရုံးရောက်ရှိလာကြ၏။ လူငယ်အချို့က ဆင့်မကောင်းပုံ၊ ခါးပန်းမကောင်းပုံများကို ပြောဆိုပုံကြီးချဲ့နေရာ . . .

"ဟေ့ ဟေ့ အရိုးများသော ချေးခါးသောလုပ်မနေကြနဲ့၊ သစ်ဟောင်းတိုပဲ ပြန်သုံးမယ်၊ သစ်တွေက အကောင်းကြီး ရှိသေးတယ်၊ မင်းတို့ငါတို့ တစ်သက်မဟုတ်ဘူး၊ အရိုမေတ္တာယူမြတ်စွာဘုရား ပွင့်တဲ့အခါမှတောင် နတ်လမ်းဆောက်ဖို့ ဆက်သုံးရမှာ" ဟု ဦးထွန်းဝင်းက အော်ပြောလိုက်လေ၏။

## ခုံညင်းဒိုးထိသံ

အလုပ်ပါးချိန်တွင် ရွာအလယ်အရိပ်ကောင်းသော မြေတလင်း၌ ကာလသားများ၏ ခုံညင်းတစားဝိုင်း ဖြစ်လေ့ရှိသည်။ ထိုကစားဝိုင်းသို့ အခြားရွာသားများလည်း လာရောက်ကစားကြ၏။

ယိုနေ့ ထိုကစားဝိုင်းသို့ ဦးထွန်းဝင်းရောက်လာချိန်တွင် အခြားရွာသားများက နိုင်နေ၏။ တစ်ချိန်တွင် သရက်တောရွာသားတစ်ယောက်၏ ဒိုးသည် လက်သံပြင်းစွာဖြင့် ထိမှန်သွားရာ၊ ဦးထွန်းဝင်းက . . .

"အောင်မယ်လေးဟဲ့ ပြင်းလိုက်တဲ့ဒိုး၊ မလိုတီးယုတ်တီးသံလား မှတ်ရ" ဟု အားရပါးရ ပြောလိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ချဉ်ချဉ် ကြည်ကြည်

သရက်တောရွာအနီးတွင် မုန်းဆည်မှ ရေလွှတ်ပေးသော ဆည်မြောင်းတစ်ခုရှိသည်။ ရွာမှ အမျိုးသမီးများသည် လျှော်ဖွပ်စရာအဝတ်များပြားနေလျှင် ထိုမြောင်းသို့ သွားရောက်ကာ လျှော်ဖွပ်လေ့ရှိကြ၏။

တစ်နေ့တွင် အဝတ်လျှော်ရန်သွားသော မိန်းမတစ်ယောက်သည် အဝတ်လျှော်ပြီးပြန်လာသော မိန်းမတစ်စုနှင့် ရွာတံခါးတွင် ဆုံမိရာ၊ မေးဖြေကြပုံမှာ . . .

"မြောင်းရေ ကြည်ရဲ့လားဟေ့"

"ကြည်ပါ့တော်၊ ကြည်လိုက်သမှ အုန်းရည်ထဲကျောက်ချဉ် ခတ်ထားတာထက်တောင် ကြည်သေး"။

ဖေလှအေးဆေ

BURMESE CLASSIC .com

www.burmeseclassic.com